www.burmeseclassic.com

SHWE THAMIEE PUBLISHING HOUSE

# ခူးခူး

လုံးချင်းဝတ္ထုသစ်

BURMESE CLASSIC .com




cOvEr tkk

www.burmeseclassic.com

www.burmeseclassic.com

သားသား စီစဉ်၍

ရွှေ သ မီး စာ ပေ မှ
တင်ဆက်သည်။

အကြိမ်
ပထမအကြိမ်

ထုတ်ဝေသူ
ဦးတင်ကိုကို (ရွှေသမီးစာပေ)
အမှတ်-၁၉၂၊ ၃၉လမ်း၊ကျောက်တံတား ရန်ကုန်။

ပုံနှိပ်သူ
ရွှေပြည်ဟိန်း ၊(၀၉၉၅၈)
၅၈၊ ၄၇(လမ်း) ရန်ကုန်။

ပုံနှိပ်ခြင်း
၂၀၁၃ ခုနှစ် ၊ မတ်လ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၁၃၀၀ ကျပ်

မူမူး ၈၉၅.၈၃

(အရိပ်...ပြီးတော့...သူ) / မူမူး ။ ရန်ကုန်၊
ရွှေသမီးစာပေ၊ ၂၀၁၃
၁၉၀-စာ၊ ၁၂.၅၊ ၁၉.၅စင်တီ။
(၁) အရိပ်...ပြီးတော့...သူ

BURMESE CLASSIC .com

# အရိပ် . . . ပြီးတော့ . . . သူ

www.burmeseclassic.com

www.burmeseclassic.com

# အရိပ် . . . ငြိုးတော့ . . . သူ

## INTRODUCTION

အရိပ်မည်းမည်းကြီးတစ်ခု
အဲဒီအရိပ်မည်းမည်းက
သူ့ကိုယ်သူ 'ဗိဝသံ' တဲ့။
ထိုစဉ် အရိပ်မည်းမည်းကြီးကို
နားမလည်စွာ ငေးကြည့်နေတဲ့
နောက်ထပ်လူတစ်ယောက်က
'ဗိဝသံ' ပင်။



www.burmeseclassic.com

www.burmeseclassic.com

ခြံဝန်းလေးထဲတွင် သစ်ပင်ကြီးများ ရှိနေသော်လည်း နေပြောက်တို့က မြေပြင်သို့ ကျရောက်နေသေး၏။ အိမ်အနီး ကပ်လျက်ရှိနေသော သစ်ခွပင်များအကြားတွင်လည်း လိပ်ပြာလေးနှစ်ကောင် ရစ်သီနေကြပြန်သည်။ မြင်သူရင်အေးရသည့် မြင်ကွင်းလေးပင်။ သူ ထိုမြင်ကွင်းကို ကြည့်ပြီး သက်ပြင်းမောကြီးတစ်ခု ချလိုက်မိပါသည်။

အေးချမ်းလှသည့် မြင်ကွင်းကိုကြည့်ပြီး သူ့ရင် မအေးနိုင်၊ နားမလည်နိုင်သည့် အတွေးများက သူ့ဦးနှောက်ကို စိုးမိုးထား၏။

"သား . . . ဒီဝသ်"

သူ့အနောက်မှ ခေါ်လိုက်သံကြောင့် သူ လှည့်ကြည့်လိုက်၏။ သူ့မေမေ ဒေါ်စိမ်းလန်းသွင်။ အေးချမ်းလှသည့် အပြုံးလေးနှင့်အတူ သူ့အခန်းထဲသို့ လှမ်းဝင်လာပါသည်။

"သားလေး . . . ဘာတွေ ဒီလောက်ငေးကြည့်နေတာလဲ?"

အာရုံများ ခြံထဲသို့ ပြုတ်ကျသွားမတတ် ငေးကြည့်နေမိသော်လည်း တကယ်တမ်း ဘာကိုငေးနေသည်ကို သူသေချာမသိ။ ထို့ကြောင့် သူ အဖြေရခက်နေ၏။

"ဟို . . . ခြံထဲကို ဖြစ်မယ်မေမေ"

"သားရယ် . . . ကိုယ်ငေးကြည့်နေတာကိုတောင် သေချာမသိဘူးလားကွယ်"



ဒေါ်စိမ်းလန်းသွင်၏ မေးသံတွင် ကရုဏာသံများ ရောယှက်နေသည်။

"သားရယ် . . . ဘာမှ ဒီလောက် မတွေးပါနဲ့ကွယ်။ နောက်ပြီး သားက နောက်တစ်ပတ်ဆိုရင်ပဲ လက်ထပ်ရတော့မှာလေကွယ်။ အားလုံး အေးအေးဆေးဆေး ဖြစ်သင့်တယ်မဟုတ်လား"

နွေးထွေးလှသည့် မေ့မေ့လက်ဖဝါးတစ်ဖက် သူ့ပခုံးလေးကို ဖျစ်ညှစ်ကာ အားပေးစကားပြောလိုက်၏။

"ဟုတ်ကဲ့ပါ . . . မေမေ၊ သား ဘာမှမတွေးပါဘူး။ ငေးကြည့်နေမိတာပါ"

"အဲ့လိုတွေ မငေးပါနဲ့လား . . . သားရယ်။ သားရင်ထဲမှာ ဘာမရှင်းတာ ဖြစ်နေတာလဲ? မေ့မေ့ကိုပြော။ မေမေဖြေပေးနိုင်တာကို ဖြေပေးမယ်"

သူ အားကိုးစွာ မေမေ့ကို ငေးကြည့်လိုက်မိပါသည်။

"တကယ် . . . သားရဲ့၊ မေမေ့ကို ပြောပြ"

အားပေးပြုံးနှင့်ပြောလိုက်သော မေမေ့စကားက သူ့ကို တကယ်ပဲ အားကိုးရာဖြစ်စေပါသည်။

"မနက်မိုးလင်းတိုင်း . . . သားကိုယ်သား နောက်တစ်ယောက်လို့ ထင်နေမိတယ်"

သူ လေးလေးနက်နက် ပြောလိုက်မိပါသည်။

"ဒါကတော့ Car Accident မှာ သား ခေါင်းထိသွားတယ်လေ။ ဒဏ်ရာက သားကို နည်းနည်း ဒုက္ခပေးနေတာလားမသိဘူး။ မေမေတို့ ဒေါက်တာ့ဆီ သွားသင့်တယ် . . . သား"

"သား . . . နေကောင်းပါတယ်မေမေ"

"ဒါဆို . . . "

မေမေ့ 'ဒါဆို' က နားမလည်နိုင်သည့် အမေးစကား။



www.burmeseclassic.com

www.burmeseclassic.com

“သား ခေါင်းရှုပ်နေလို့ပါ။ ကောင်းသွားမယ်ထင်တယ်”

“ဆေးခန်းမပြဘဲနဲ့ သား တကယ်ပဲ ထိန်းနိုင်လို့လား?”

“သား ထိန်းနိုင်မယ်ထင်တယ် မေမေ၊ တကယ်လို့ လိုအပ်တယ်ထင်ရင်တော့ သား ဆေးခန်းသွားဖြစ်မှာပါ”

ဟု သက်ပြင်းလေးချပြီး ပြောလိုက်သောစကားကြောင့် ဒေါ်စိမ်းလန်းသွင် စိတ်မကောင်းဖြစ်သွားရ၏။

“မေမေက မေမေ့သားလေးကို အမြဲ လျှင်မြန်ဖျတ်လတ်ပြီး သွက်သွက်လက်လက်လေး ဖြစ်နေတာကိုပဲ မြင်နေချင်တာ။ သားကြိုးစားပေးပါနော်”

“စိတ်ချပါ . . . မေမေ၊ သားကြိုးစားမှာပါ”

“ကဲ . . . သားလေး၊ မေမေတို့ မနက်စာ စားကြရအောင်။ လာ .. အောက်ထပ်ဆင်းကြစို့”

“သား မျက်နှာမသစ်ရသေးဘူး မေမေ”

“ဒါဆို သစ်လိုက်လေ။ မေမေ ထမင်းစားခန်းက စောင့်နေမယ်နော်”

“ဟုတ်ကဲ့ . . .”

ဒေါ်စိမ်းလန်းသွင်သည် သူ့ကို နားမလည်သည့် အကြည့်တစ်ချက်ကြည့်ပြီး အခန်းထဲမှ ထွက်သွားရန် ခြေလှမ်းပြင်လိုက်၏။ ထိုစဉ် သူ မေမေ့ကို လှမ်းခေါ်ဖြစ်သွား၏။

“မေမေ . . .”

“ပြောလေ . . . သား”

“ဟို . . . သား ရေးမဗီကို သတိရနေတယ် မေမေ”

သူ့စကားကြောင့် ဒေါ်စိမ်းလန်းသွင် ပိုပြီး အံ့သြရပါ၏။

“ဘယ်လိုဖြစ်လို့လဲ . . . သား? သားက သားချစ်သူကို ဒီလိုမျိုး မနက်စောစောစီးစီး သတိရလေ့ မရှိပါလားကွယ်”



“ဟုတ်တယ် မေမေ။ အဲ့ဒါ သားလည်း နားမလည်နိုင်ဖြစ်နေတာ။ ဒါပေမဲ့ သေချာတာကတော့ သား ရေးကို အရမ်းသတိရနေတယ်။ နောက်ပြီး တွေ့ချင်နေတယ်”

“ဒါဆိုလည်း မှိုမသိပ်နဲ့သား၊ ရေးဆီကို မေမေ ဖုန်းဆက်ပေးမယ်”

“မဆက်နဲ့မေမေ။ သားဆီ သူလာမယ်လို့ သားထင်နေတယ်”

သူပိုင်နိုင်စွာ ပြောလိုက်ပါသည်။ ထိုအခါ ဒေါ်စိမ်းလန်းသွင် ခေါင်းတစ်ချက်ဆတ်ပြီး

“အင်းလေ . . . ဒါဆို မေမေ ထမင်းစားခန်းထဲမှာ ရှိနေမယ်နော် သား”

“ဟုတ်ကဲ့ . . . ”

ဒေါ်စိမ်းလန်းသွင် အခန်းထဲမှ ထွက်သွားပြီး ခဏကြာသော် သူ မျက်နှာသစ်ခြင်း၊ တစ်ကိုယ်ရည် သန့်ရှင်းရေးလုပ်ခြင်းများကို စတင်လိုက်ပါတော့သည်။ သူ့စိတ်ထဲ ဘဝင်မကျဖြစ်နေရသည့် အချက်ကတော့ ဘာ့ကြောင့် သူသည် ရေးမဗီကို အသည်းအသန် သတိရနေမိပါသနည်း။

ထို့အပြင် အချိန်တိုင်းလိုလို ရေးမဗီကို သူ့အနားတွင် ရှိနေစေချင်ပြန်၏။ အရင်က သူသည် ထိုကဲ့သို့သော ချစ်သူကို ခုန်မင်တတ်သော ယောက်ျားစားမျိုးမဟုတ်မှန်း သူကောင်းစွာ မှတ်မိနေ၏။



www.burmeseclassic.com

www.burmeseclassic.com

သူနှင့်မေမေ ထမင်းစားခန်းထဲတွင် နံနက်စာစားနေခိုက် ခြံထဲသို့ မောင်းဝင်လာသော ကားစက်သံများကို ကြားလိုက်ရပါသည်။ ထို့ကြောင့် သူ ကော်ဖီခွက်ကိုကိုင်ရင်း အိမ်ရှေ့သို့ မျှော်ကြည့်လိုက်မိပါသည်။ ထို စဉ် ကားအင်ဂျင်သံရပ်သွားပြီး ခဏအကြာ အိမ်ရှေ့အခန်းသို့ လူနှစ် ယောက် ဝင်လာလေသည်။

"သတို့သားလောင်းလေး . . . ဒိဝသံ . . . မင်း ဘယ်မှာလဲကွ"

အပြုံးတစ်ဝက်နှင့် ခေါ်လိုက်သည့်အသံနှင့်အတူ ထိုနှစ်ယောက် သည် သူ့အိမ်ကို တိုးလျှိုပေါက်ဝင်ချလာရင်း သူနှင့် မေမေ့ကို ထမင်း စားခန်းထဲတွင် တွေ့သွားလေတော့သည်။

"ဩော် . . . မင်းက ဒီမှာ ငြိမ်နေတာကိုး။ တိတ်လှချည်လား . . ဒိဝသံ"

ထိုနှစ်ယောက် သူ့ငယ်သူငယ်ချင်း မင်းသူဟနှင့် အဝံ။ သူနှင့် အသက်အရွယ်တူ၊ အတန်းတူ၊ စိတ်တူ၊ ကိုယ်တူ သူငယ်ချင်းများ။

"ကဲ . . . ဒိဝသံ၊ မင်း ငြိမ်ချင်တိုင်း ငြိမ်မနေနဲ့။ ငါတို့နဲ့ လိုက်ခဲ့ရ မယ်"

သူငယ်တန်းကတည်းက အတွဲညီခဲ့သော မင်းသူဟနှင့်အဝံကို သူ တစ်ခါမှ မမြင်ဖူးသည့်အကြည့်များနှင့် ငေးကြည့်နေမိသည်။ ယခုလတ်



သို့သော သေချာသည်ကတော့ သူသည် မင်းသူဟနှင့် အဝံ့ကို အတော် ပင် အမြင်ကပ်နေပါ၏။

"မင်းတို့ ပြန်ကြတော့"

ကော်ဖီခွက်ကို စားပွဲပေါ် ချလိုက်ရင်း ပြောလိုက်သော သူ့စကား များကြောင့် အဝံမျက်နှာပျက်သွား၏။

"မင်း ဘယ်သူ့ကိုနိုင်လိုက်တာလဲ . . . ဝသံ"

မင်းသူဟကတော့ နားမလည်စွာ သူ့ကို ထပ်မေးလိုက်ပါသည်။

"မင်းတို့ကို ပြောတာလေ၊ သေချာတာကတော့ မင်းတို့ကို ငါ မမြင် ချင်ဘူး"

သူ သွေးအေးအေးနှင့် ပြောလိုက်သော စကားများကြောင့် မင်း သူဟလည်း ရပ်လျက် ကြက်သေသေသွား၏။

"ဟဲ့ . . . သား ဘယ်လိုပြောလိုက်တာလဲ?"

"ဟုတ်တယ် မေမေ၊ သား . . . သူတို့ကို မတွေ့ချင်ဘူး"

"နေစမ်းပါဦး . . . ဒိဝသံ၊ မင်းက ငါတို့ မတွေ့ချင်ရအောင် ငါ တို့က မင်းကို ဘာလုပ်ထားလို့လဲ? နောက်ပြီး ငါတို့က မင်းရဲ့ သူငယ်ချင်း အရင်းကြီးတွေလေကွာ။ မင်း ဘာဖြစ်နေတာလဲ . . . ဒိဝသံ"

"တော်တော့ . . . မင်းသူဟ။ မင်းသွားတော့။ နောက်ပြီး နောက် နောင် ငါ့ဆီ ဘယ်တော့မှ မလာနဲ့တော့။ မင်းတို့ကို ငါ အရမ်းမုန်း တယ်"

သူပင် သူ့ကိုယ်သူ နားမလည်နိုင် ဖြစ်နေမိ၏။ သူသည် မင်းသူဟ နှင့် အဝံ့ကို ဆွေမျိုးသားချင်းများထက်ပင် ပိုပြီး ခင်မင်ခဲ့သည်ကို သူ အသိဆုံးပင်။

"မင်းမုန်းအောင် ငါ ဘာလုပ်မိလဲ . . . ဒိဝသံ"

အဝံ စိတ်မကောင်းစွာ မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

"မုန်းတယ်ကွာ . . . အကြောင်းမဲ့ မုန်းတယ်။ အေး . . . ဒီတော့ မင်းတို့ ငါ့ဆီ ဘယ်တော့မှ မလာနဲ့တော့"

"ငါတို့က မင်း မင်္ဂလာဆောင်အတွက် ကူညီရအောင် လာခဲ့တာပါကွာ။ မင်းဆီက ဒီလို ဆက်ဆံမှုကြီးကို မထင်မှတ်ဘဲ ရင်ဆိုင်လိုက်ရတော့ တော်တော့်ကို စိတ်မကောင်းဖြစ်ရပါတယ်"

"အဲဒါတွေ ငါ နားမလည်ဘူး . . . အဝံ"

သူ တကယ်ပင် သွေးအေးစွာ ဆက်ဆံနေပါတော့သည်။ သူ့ကို မေမေပင် နားမလည်နိုင်တော့။

"သား . . . အဲ့ဒါ သား သူငယ်ချင်းအရင်းကြီးတွေလေ။ သား ဘယ်လိုတွေ ပြောနေတာလဲ?"

"သား သူတို့ကို မုန်းတယ် မေမေ။ သူတို့စိတ်ဓာတ်က အရမ်းအောက်တန်းကျတယ်"

"ဟေ့ကောင် . . . ဒိဝသံ၊ မင်း ငါတို့ကို အဲလို့ပြောဖို့တော့ မကောင်းဘူး"

"ကောင်းပါတယ် . . . မင်းတို့လုပ်ရပ်က တကယ့်ကို ပြောဖို့ကောင်းတဲ့ လုပ်ရပ်ပဲလေကွာ"

"ဒါဆို ပြောလေ။ ငါတို့ ဘာများ လုပ်ခဲ့လို့လဲ?"

"မင်းတို့သိမှာပေါ့။ အဲ့ဒါ ငါ မပြောချင်ဘူး။ သေချာတာကတော့ အခု မင်းတို့ ထွက်သွားကြတော့"

သူ့ ခါးခါးသီးသီး မောင်းထုတ်မှုကြောင့် ဒေါ်စိမ်းလန်းသွင်ပင် မင်းသူဟနှင့် အဝံ့ကို အားနာနေပါတော့သည်။

"မင်းစကားကို မင်းမှတ်ထား . . . ဒိဝသံ။ ငါတို့က မင်းနောက်နေတယ် ထင်တာ။ အခုတော့ မင်းက အတည်ကြီး"

"ဟုတ်တယ် . . . အတည်။ မကျေနပ်ရင် အခုထွက်သွား။ ငါ မင်းတို့အတွက် ဝမ်းမနည်းတတ်ဘူး"

"တောက် . . ."



အဝံသည် တောက်ခေါက်ပြီးသွားသည်နှင့် ထမင်းစားခန်းထဲမှ ချာခနဲ လှည့်ထွက်သွား၏။ ထို့ကြောင့် မင်းသူဟလည်း အဝံအနောက်သို့ ပြေးလိုက်သွားပါတော့သည်။ သူငယ်ချင်းအရင်းကြီးများ ထွက်သွားသော်လည်း သူကတော့ အေးအေးဆေးဆေးပင်။ သောက်လက်စ ကော်ဖီကိုပင် လက်စသတ် သောက်လိုက်ပါသေး၏။

"သား . . . မင်း ဘာဖြစ်လို့ သူတို့ကို အဲ့လိုကြီး ဆက်ဆံလိုက်တာလဲ . . . ဒိဝသံ"

မေမေ့မေးခွန်းကို သူ ပြန်မဖြေပါ။ စားလက်စ မုန့်တစ်ခုကို ကော်ဖီခွက်ထဲ ထိုးနှစ်ချလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူ မနက်မုန့်စားပြီး ဧည့်ခန်းထဲတွင် ထိုင်လိုက်မိပါသည်။ ထို့နောက် သူ ဘာကြောင့် မင်းသူဟနှင့် အဝံ့ကို ထိုသို့ ခါးခါးသီး ဆက်ဆံခဲ့မိကြောင်းကို တွေဝေနေမိပါ၏။ သူတို့သည် အတော်ပင် အတွဲညီခဲ့သည့် သူငယ်ချင်းများမဟုတ်ပါလား။ တွေးရင်းတွေးရင်း တဖြည်းဖြည်း သူငယ်ချင်းများကို ခါးခါးသီး ဆက်ဆံခဲ့မိသည်ကို ပြန်ပြီး နောင်တရသလို ဖြစ်လာမိ၏။

"မေမေ . . . "

သူ့အရှေ့တွင်ထိုင်ရင်း စာရင်းအင်းများနှင့် အလုပ်ရှုပ်နေသော မေမေ့ကို သူခေါ်တော့ မေမေက ခေါင်းဆတ်ပြသည်။

"သား . . . အခုန အဝံတို့ကို ပြောလိုက်တာ လွန်သွားတယ် မဟုတ်လား?"

ထိုအခါမှ မေမေ့အကြည့်များ သူ့ထံသို့ ရောက်လာပြီး တစ်ဆက်တည်း မေမေသည် လုပ်လက်စများကို ရပ်လိုက်ပါ၏။

"ဟုတ်တယ် . . . သား၊ သား လွန်သွားတယ်။ ဘာဖြစ်လို့ သူတို့ကို အဲလိုကြီး ဆက်ဆံလိုက်တာလဲ ဒိဝသံ"

"သားလည်း မသိဘူး"

တွေးကြည့်မိပါ၏။ သို့သော် အဖြေမရသည့်နောက် သူ ထိုသို့သာ ဖြေလိုက်တော့သည်။



"ဟ . . . ဒါဆို တော်တော်ထူးဆန်းတယ်။ ကိုယ်တောင် ဘာမှန်းမသိဘဲနဲ့ ဘာဖြစ်လို့ ကိုယ့်သူငယ်ချင်းတွေကို မောင်းထုတ်ပစ်ရတာလဲ . . . ဒိဝသံရယ်"

"မေမေက သားကို အပြစ်တင်နေတာလား?"

အလိုမကျစွာ ပြောလိုက်သော မေမေ့ကို သူ ဝမ်းနည်းစွာ မေးလိုက်မိ၏။

"မဟုတ်တာပဲကွယ်။ မေမေ သားကို အပြစ်မတင်ရက်ပါဘူး။ ဒါပေမဲ့ မေမေ နားမလည်နိုင်တော့တာတော့ အမှန်ပဲ"

သူ့ သက်ပြင်းချသံ သဲ့သဲ့လေး အခန်းထဲတွင် ဖြစ်ပေါ်သွား၏။ ထို့နောက် ဒေါ်စိမ်းလန်းသွင်၏ HP လေး Ring မြည်လာလေသည်။

"Hello?"

". . . . ."

ဖုန်းကိုင်ပြီး တစ်ခဏအတွင်း ဒေါ်စိမ်းလန်းသွင်၏ မျက်နှာ သိသိသာသာ ပျက်သွားပါ၏။

"မေမေ . . . ဘာဖြစ်လို့တဲ့လဲ?"

သူ သိချင်စွာ မေးလိုက်သော်လည်း မေမေ ပြန်မဖြေ။ ဖုန်းကိုသာ ဂရုစိုက်နားထောင်နေ၏။ ထို့ကြောင့် သူ နှုတ်ဆိတ်ကာ မေမေ့ကို ငေးကြည့်နေလိုက်ပါတော့သည်။ မေမေသည် ဖုန်းပြောရင်း ကြောက်လန့်သလို တုန်ယင်လာပြီး မျက်ရည်များပင် ဝေ့ဝဲလာပါတော့သည်။

သူ သိချင်စွာ ငေးကြည့်နေမိပါ၏။

"ဟုတ်ကဲ့ . . . ကျွန်မ ပြောလိုက်ပါ့မယ်"

ဒေါ်စိမ်းလန်းသွင် ဖုန်းချလိုက်ပါသည်။ ထို့နောက် သူ့ကို လှမ်းကြည့်၏။

"ဘာသတင်းလဲ မေမေ"

"မင်းသူဟနဲ့ အဝံ . . ."



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်စိမ်းလန်းသွင် စကားဆက်မပြောနိုင်တော့။ လွန်စွာ ထိတ်လန့်လို့ နေပေပြီ။

"သူတို့ . . .ဘာဖြစ်လို့လဲ မေမေ"

"သား . . . သူတို့လေ၊ သူတို့ . . ."

"ပြောပါ မေမေရယ်၊ သား စိတ်ပူလာပြီ"

သူလည်း တကယ်ပင် ထူပူလာ၏။ မေမေ့ ပုံစံက တကယ့်အသည်းအသန် ခံစားနေရသည့်ပုံ။

"သူတို့ မေမေတို့အိမ်ကအပြန်မှာ Car Accident ဖြစ်လို့တဲ့"

"ဗျာ . . ."

သူ လွန်စွာ စိတ်မကောင်းဖြစ်ရပါ၏။ ထို့အပြင် ရင်အစုံလည်း တအုန်းအုန်း လှုပ်ခတ်သွားရ၏။ သူ့အချစ်ဆုံး သူငယ်ချင်းနှစ်ယောက် Car Accident ဖြစ်လို့တဲ့။ ဒါဆို . . . သူတို့ ဘာဖြစ်ကုန်ပြီလဲ? သူတို့ ဘာဖြစ်ကုန်ကြပြီလဲ?

"မေမေ . . . အခု သူတို့ ဘာဖြစ်သွားလဲ ဟင်?

"သူတို့လား? အဝံက . . . အဝံလေ . . . "

"ပြောပါမေမေ။ အဝံ ဘာဖြစ်လို့လဲ?"

"အဝံက နေရာမှာတင် ပွဲချင်းပြီး ဆုံးသွားတယ်"

"ဗျာ . . . "

ဝမ်းနည်းမှုကြောင့် 'ဗျာ'နှင့်အတူ သူ့မျက်ဝန်းထဲတွင် စိတ်မကောင်းသည့် မျက်ရည်ပူများ နေရာယူလိုက်ပါသည်။

"မင်းသူဟကတော့ အောက်ပိုင်းထိသွားတယ်တဲ့။ အခုဆေးရုံမှာ။ သူ့ခြေထောက်နှစ်ခုလုံး ဖြတ်ပစ်လိုက်ရတယ်"

"ဟာ . . . မေမေ အဲ့ဒါ သားကြောင့်ပေါ့နော်"

သူ ဝမ်းနည်းမျက်ရည်များနှင့် မေးလိုက်သောအခါ ဒေါ်စိမ်းလန်းသွင် ခါးခါးသီး ငြင်းပစ်လိုက်ပါသည်။



"အို . . . မဟုတ်တာ သားရယ်၊ သားနဲ့ ဘာမှမဆိုင်ပါဘူး။ သူတို့ဘာသာ ကားမှောက်တာလေ။ သားက အိမ်မှာပဲဥစ္စာ။ ဘာဆိုင်လို့လဲ?"

"ဆိုင်တယ်ထင်တယ် . . . မေမေ၊ သား သူတို့ကို မောင်းထုတ်လိုက်တယ်လေ"

"မောင်းထုတ်တာပဲလေ။ သူတို့ကားကို သား မောင်းပေးတာမှ မဟုတ်တာ"

"မောင်းထုတ်လိုက်လို့ စိတ်မကောင်းဖြစ်ပြီး ကားတိုက်တာလားမှ မသိတာ"

"သူတို့က ကား . . . ကားချင်းတိုက်မိတာ မဟုတ်ဘူးသား။ သူတို့ကားတစ်စီးကပဲ လမ်းဘေးသစ်ပင်တွေထဲ ကွေ့ဆင်းသွားပြီး သစ်ပင်နဲ့ တိုက်မိတာလေ။ သူတို့ဘာသာ နမော်နမဲ့ဖြစ်တာနေမှာပါ . . . သားရယ်၊ သားနဲ့မဆိုင်ပါဘူး"

ဒေါ်စိမ်းလန်းသွင်တစ်ယောက် မိခင်ပီသစွာ သားဖြစ်သူ စိတ်ထိခိုက်မည်ကို စိုးရိမ်ကာကွယ်ရင်း ခါးခါးသီး ငြင်းနေပါတော့သည်။

"သား . . . သွားကြည့်ချင်တယ် မေမေ"

"လောလောဆယ် မင်းသူဟ သတိပြန်မလည်သေးဘူး . . . သား။ မနက်ဖြန်လောက်မှ သတိလည်လိမ့်မယ်"

"ဒါဆို သားအခု ဘာလုပ်သင့်လဲ မေမေ"

ပါးပြင်ပေါ်မှ မျက်ရည်များကို ဖိသုတ်လိုက်ကာ မေးလိုက်သော သူ့ကို မေမေ ပွေ့ဖက်လိုက်ပါသည်။

"သားလေး . . . အိမ်ထဲမှာ၊ နောက်ပြီး မေမေ့အနားမှာပဲ ခဏနေပေးပါကွယ်။ အခု သားအပြင်သွားမှာကို မေမေ စိတ်မချဘူး"

"စိတ်ချပါ . . . မေမေရယ်၊ သား မေမေ့စကားအတိုင်း အပြင်မသွားပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

သူ့အဖြေကြောင့် မေမေ လွန်စွာ ကျေနပ်သွားပါတော့သည်။ ထို စဉ် ရေးမမီ အိမ်ထဲသို့ ဝင်လာသည်ကို သူ တွေ့လိုက်ရပါသည်။ သူ့ ခြေလှမ်းများ ရေးမမီဆီကို သွက်လက်စွာ ဦးတည်လိုက်မိပါတော့သည်။ အရင်က သူ မိန်းကလေးတစ်ယောက်ကို ထိုသို့ ခရီးဦးမကြိုတတ်။ သို့ သော် ယခုသူ သူမကို ပြေး၍ပင် ကြိုဆိုမိနေပါ၏။

"ဝသံ . . . ရေး စိတ်ပူလို့ လိုက်လာတာ"

"ဘာကို စိတ်ပူတာလဲ ရေး၊ ကိုယ်က အဆင်ပြေနေပါတယ်"

"အဝံနဲ့ မင်းသူဟ အကြောင်း ရေး ကြားပြီးပြီ"

မျက်နှာငယ်နဲ့ပြောလိုက်သော ရေးမမီကို သူ မက်မောစွာ ငေးကြည့် နေမိ၏။

"ကဲ . . . သားနဲ့သမီး စကားပြောနှင့်ကြဦး။ မေမေ စာရင်းလေး တွေ စစ်စရာရှိသေးလို့"

သူ့အကြည့်များကို မေမေ သဘောပေါက်သလိုနှင့် ရှောင်ပေးရန် စကားပြောသော်လည်း သူ မငြင်းမိပြန်။ မေမေ့ကိုပင် ကျေးဇူးတင်နေ မိသလိုပင်။

"လာ . . . ရေး၊ ထိုင်ရအောင်"

ဧည့်ခန်းထဲမှ ထွက်သွားသော မေမေ့ကို သူ ငေးကြည့်အပြီး သူမ လက်ကိုဆွဲကာ ဧည့်ခံထဲသို့ ခေါ်ခဲ့မိပါသည်။

"ကိုယ် . . . ရေးကို တမ်းတနေတာ"

မရှက်တမ်းဝန်ခံလိုက်သော သူ့စကားကြောင့် သူမပင် သူ့ကို တအံ့ တဩ ငေးကြည့်လိုက်ရတော့၏။

"ဝသံ . . . စကားတွေက ဆန်းလိုက်တာ။ ရေးကို တစ်ခါမှ အဲ့လို မပြောဖူးပါဘူး"

"မပြောဖူးဘူး၊ ဒါပေမဲ့ ပြောချင်နေတာ"

"ဝသံစကားလုံးတွေ အရမ်းထူးခြားနေတယ်"

"ကိုယ်လည်း အဲဒါ အရမ်းအံ့ဩနေတာ"



သူလည်း အမှန်အတိုင်း ဝန်ခံလိုက်ခြင်းပင်။

"အဝံတို့ဖြစ်တဲ့ Car accident ကြောင့် ဝသံ အရမ်းခံစားနေရလား?"

"ခံစားရပါတယ်။ ဒါပေမဲ့"

သူ စကားဆက်မပြောဖြစ်။

"ဘာဖြစ်လဲ? ဆက်ပြောလေ . . . ဝသံ"

သူမ သိချင်စွာ မေး၏။

"ကိုယ်လည်း မပြောတတ်တော့ဘူး . . . ရေး၊ သေချာတာကတော့ ကိုယ့် အချိန်တိုင်း ရေးကို တမ်းတတတ်နေတယ်"

"ဟောတော့ . . ."

သူမ အပြုံးလေးနှင့် ရင်ဘတ်ကို ဖိကာပြော၏။

"ရေးတော့ နာဦးမယ်နဲ့တူတယ် . . . ဝသံ၊ ဝသံ့စကားတွေ ထူး ခြားနေတယ်"

"ရေးကို ကိုယ် ကိုယ်ထိလက်ရောက် နှိပ်စက်ဖြစ်တော့မှာ မဟုတ် ပါဘူး"

"ဟယ် . . . တကယ်"

သူ့စကားက သူမကို မျက်လုံးလေး ဝိုင်းစက်သွားသည်အထိ အံ့ ဩစေပြန်သည်။

"ဟုတ်တယ် . . . ကိုယ်လေ ရေးကို ဘယ်တော့မှ လက်ပါတော့ မယ် မထင်ဘူး"

သူ ပြုံးရင်းပြောကာ သူမလက်ဖဝါးလေးတစ်ဖက်ကို ရင်ခွင်ထဲ သို့ထည့်ကာ မြတ်နိုးစွာ မလွှတ်တမ်း ကိုင်ထားလိုက်မိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

မင်းသူဟ သတိရပြီဆိုသည့် သတင်းကို မေမေ့ထံမှ သူသိရသောကြောင့် မည်သူ့ကိုမျှ မခေါ်တော့ဘဲ မင်းသူဟရှိရာ ဆေးရုံသို့ သူတစ်ယောက်တည်း ထွက်ခဲ့မိပါတော့သည်။

ဆေးရုံအဝတွင် မင်းသူဟ၏ဖေဖေနှင့် သူ ဆုံမိပါသည်။

"သား . . . ဒီဝသံ၊ မနေ့က သူဟတို့ကားထဲမှာ သားမပါဘူး မဟုတ်လား?"

"ဟုတ်တယ်လေ၊ အဲ့ဒီတုန်းက ကျွန်တော်က ကျွန်တော့်အိမ်မှာ"

"ဒါပေမဲ့ သူဟက သားကို တွေ့တယ်တဲ့"

"ဗျာ . . . မဖြစ်နိုင်တာ အန်ကယ်"

"အန်ကယ်လည်း သိပါတယ်။ ဒါပေမဲ့ သူဟက သားကို တွေ့လိုက်တယ်လို့ပဲ ပီပီပြင်ပြင် ပြောနေတယ်။ နောက်ပြီး သားကြောင့်ပဲ သူတို့ကားက လမ်းဘေးကို ထိုးကျသွားရတာတဲ့"

ထိုစကားကိုတော့ သူ အတော်ပင် ထိတ်လန့်သွားပါ၏။ သို့သော် သူ ထိုအချိန်က အိမ်တွင်ရှိနေကြောင်း၊ သူ့မေမေရာ၊ တခြားလူတွေပါ သိနေသောကြောင့် သူ သိပ်တော့ စိတ်မပူပါ။

"တကယ်တော့ ကျွန်တော်နဲ့ သူဟတို့ တစ်ခွန်းစီ စကားများသွားတယ်။ ကျွန်တော် သူဟကို လွန်လွန်ကျူးကျူး ပြောမိလိုက်တယ် . .



အန်ကယ်။ အဲ့ဒီအတွက်လည်း ကျွန်တော် နောင်တရလို့ မဆုံးပါဘူး။ အခုလည်း သူဟကို ကျွန်တော် လာတောင်းပန်တာပါ"

"သူဟကတော့ သတိရနေပါပြီ။ သား ဝင်တွေ့ကြည့်လေ။ ဒါပေမဲ့ သူဟက သားကို တော်တော်ကြောက်နေတယ်"

ထူးဆန်းလှသည့် သူဟဖေဖေ့စကားကြောင့် သူ နားမလည်နိုင်စွာဖြင့် သူဟရှိရာအခန်းသို့ ဦးတည်ခဲ့လိုက်ပါတော့သည်။ သူ့ကို ဘာကြောင့် သူဟက ကြောက်ရပါမည်နည်း။ မနေ့က မောင်းထုတ်မိခဲ့သောကြောင့်လား?

သူ သူဟအခန်းထဲသို့ ဝင်ခဲ့လိုက်ပါသည်။ သူဟတွင် ခြေထောက်နှစ်ဖက်လုံး မရှိတော့ပါ။ ထိုမြင်ကွင်းကြောင့် သူ့ရင်ထဲစို့နင့်ကာ မျက်ရည်များပင် ဝေ့လာပါတော့၏။ သူဟကတော့ အိပ်ပျော်နေသည်။ သူ သူဟဘေးတွင် ဝင်ထိုင်လိုက်ပါသည်။

"တောင်းပန်ပါတယ် . . . သူဟရယ်၊ ငါ မင်းကို ဒီလိုကြီး မောင်း မထုတ်ခဲ့သင့်ဘူး"

သူ တောင်းပန်စကားပြောရင်း သူ့မျက်ရည်ပူများ ပါးပြင်ပေါ်သို့ လိမ့်ဆင်းကျသွားပါ၏။ ထိုမျက်ရည်ပူများသည် သူ့ပါးပြင်မှတစ်ဆင့် သူဟ မျက်နှာပေါ်သို့ ကျသွားသည့် တစ်ခဏ သူဟ နိုးလာပါသည်။

"ဟင်? . . ."

သူဟသည် သူ့ကို တွေ့တွေ့ချင်းမှာပင် တစ္ဆေတစ်ကောင်ကို တွေ့လိုက်သည့်အလား တစ်ကိုယ်လုံး တုန်ရင်သွားပါသည်။

"မင်း . . . မင်း . . . သွား . . . သွား . . . ငါ့အနားမလာနဲ့" ကြောက်လန့်တကြား သူ့ကို မောင်းထုတ်လေတော့သည်။

"ငါ တောင်းပန်ဖို့ လာတာပါ . . . သူဟရာ။ ငါ တောင်းပန်ပါတယ်ကွာ"

"မင်းသတ်လို့ အဝံလည်း သေပြီ။ အခု ငါ့ကိုတော့ လွှတ်ပေးကွာ။ ငါ တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"မင်း ဘာတွေပြောနေတာလဲ?"

သူ မျက်ရည်သုတ်ရင်း နားမလည်စွာ မေးသော်လည်း သူဟ ပြန်မဖြေ။ သူ့ကိုသာ တွင်တွင် မောင်းထုတ်နေလေသည်။ ထို့အပြင် သူဟက သူ့ကို တကယ် ထိတ်လန့်စွာ စိုက်စိုက်ပြီး ကြည့်နေပါသေးသည်။

"သွား . . . မင်းထွက်သွား။ မင်းရှိရင် ငါ သေလိမ့်မယ်။ မင်း ငါ့ကို သတ်လိမ့်မယ်။ မသတ်ပါနဲ့ကွာ။ ငါ တောင်းပန်ပါတယ်"

"သူဟ . . . မင်းကို တောင်းပန်ပါတယ်ကွာ။ ငါ့ကို အဲ့လိုကြီး မဆက်ဆံပါနဲ့"

"မင်း ငါ့ကိုမသတ်ခင် ငါ မင်းကို သတ်လိုက်ရင်ရော?"

ကြောင်တောင်တောင်မျက်လုံးများနှင့် သူဟပုံက ကြည့်ရအတော်ဆိုးပါသည်။ သူငယ်ချင်းရဲ့ အဖြစ်ဆိုးကို မျက်မြင်ကြီး တွေ့လိုက်ရ၍ သူ အတော်ပင် စိတ်မကောင်းဖြစ်နေရပါသည်။ ထိုစဉ် သူဟက ခုတင်ပေါ်မှ ကုန်းထကာ သူ့လည်ပင်းကို အသည်းအသန် ညှစ်လေတော့သည်။

"သူဟ . . . သူဟ . . ."

သူ ကြောက်လန့်စွာ သူ လက်များကို ဖယ်ရှားနေသော်လည်း အရာမထင်။ အိပ်ရေးပျက်ထားသောကြောင့် လူက ယဲ့ယဲ့သာကျန်၏။

ထို့ကြောင့် အားနှင့်အင်နှင့်ညှစ်နေသော လက်များကို မဖယ်ရှားနိုင်ပါ။ ထိုသို့ လည်ပင်းအညှစ်ခံထားရသောကြောင့် သူ့အမြင်များလည်း ဝေဝါးလာရပေပြီ။

"Nurse . . . Nurse ရေ . . ."

အစ်နေသည့် အသံမှိန်မှိန်နှင့်ခေါ်ကာ အကူအညီတောင်းသော်လည်း အခန်းထဲသို့ ဘယ်သူမှ ဝင်မလာကြ။ သူဟကတော့ အမဲကိုကျားခဲသလို သူ့လည်မျိုကို မလွှတ်တမ်း ညှစ်ထားပါတော့သည်။ အသံနှင့် အော်ဟစ်အကူညီတောင်းလို့ မရတော့မှန်း သူ နားလည်လိုက်ပြီး သူ့လက်ဖဝါးနှင့် ဆေးရုံခုတင်ကို အားကုန်ထုရိုက်ရပါတော့သည်။



"ဘုန်း . . . ဘုန်း . . . ဘုန်း . . ."

ထုရိုက်သံ ဆိုးဆိုးဝါးဝါးထွက်ပေါ်သွားပြီး ချက်ချင်း အခန်းထဲသို့ သူဟအဖေ အပြေးတစ်ပိုင်းနှင့် ပြေးဝင်လာလေတော့သည်။

"ဟာ . . . သူဟ . . . မင်း ဒါဘာလုပ်တာလဲ?"

ပြောလည်းပြော၊ သူ့ကိုလည်း သူဟလက်ထဲမှ ချက်ချင်းကြီး ကယ်တင်ရင်း ဆွဲထုတ်ပေးရှာပါသည်။

"အဟွတ် . . . ဟွတ် . . ."

သူ လည်မျိုအင့်ပြီး ချောင်းပင်ဆိုးရပါတော့သည်။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ . . . သူဟရာ၊ ဒါ မင်းကို လူနာသတင်းလာမေးတဲ့ . . . ဒီဝသံလေ"

"သူ . . . သူ . . . ကျွန်တော့်ကို သတ်တော့မယ် ဖေဖေ။ သူ မသတ်ခင် ကျွန်တော် သူ့ကို သတ်နေတာပါ။ နို့မို့ရင် သူ ကျွန်တော့်ကိုသတ်မှာ ဖေဖေရဲ့ . . . သတ်မှာ။ အဲ့ဒီသရဲက ကျွန်တော့်ကို သတ်မှာ"

ကြောက်လန့်တကြား အော်ဟစ်နေသော သူဟပုံစံက စိတ်ဆိုးရုံသက်သက်မဟုတ်မှန်း သူ ရိပ်မိလိုက်နိုင်ပါသည်။ လည်ပင်းအညှစ်ခံလိုက်ရသောကြောင့် သူ လည်မျိုအတော်ပင် အောင့်နေရပါသည်။ သူဟက ဘာကြောင့် သူ့ကို သရဲဟု ကင်ပွန်းတပ်လိုက်ပါသနည်း။ သူ့ကြောင့် သူငယ်ချင်းကားမှောက်ပြီး ဦးနှောက်ထိသွားပြီလား?

"ငါက တောင်းပန်ရမှာပါကွာ၊ အဝ့်ကို မင်းရပြီးပြီပဲ။ ငါ့ကိုတော့ လွှတ်ပေးပါနော်"

တောင်းတောင်းပန်ပန် ခယယနှင့် လက်အုပ်ချီကာပြောနေသော သူဟ မျက်ဝန်းမှ ကြောက်မျက်ရည်များ ကျနေ၏။

"ငါလည်း ခြေထောက်နှစ်ဖက်လုံး ဆုံးရှုံးလိုက်ရပြီးပါပြီကွာ။ တောင်းပန်ပါတယ်။ ငါ့ကို မသတ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com

သူ ဘယ်လိုမှ နားမလည်နိုင်။ သူ မင်းသူဟာနှင့် အဝ်ကို မောင်းထုတ်ရုံပင် မောင်းထုတ်လိုက်တာပါ။ သူ သတ်တော့မသတ်။ သို့သော် သူ့ကို ယခု တောင်းပန်နေသည်က မင်းသူဟာကို မသတ်ပါနဲ့တဲ့။ သူ မည်သို့မျှ နားမလည်နိုင်တော့ချေ။

"ကယ်ကြပါဦးဗျာ . . . လုပ်ကြပါဦး"

သူဟာ အကြီးအကျယ် ငိုကျွေးရင်း ထအော်သောကြောင့် အခန်းထဲသို့ Nurse မလေး ပြေးဝင်လာလေတော့သည်။ သူဟာအဖေလည်း သူဟာကို နားမလည်စွာ ကြောင်ပြီး ကြည့်နေမိပါတော့သည်။

"ဖေဖေ . . . သူ့ကို ခေါ်သွားကြပါ။ ဆွဲထုတ်သွားပါ။ နို့မို့ သူ ကျွန်တော့်ကို သတ်လိုက်လိမ့်မယ် ဖေဖေ။ ကျွန်တော့်ကို သတ်လိုက်လိမ့်မယ်"

အကြောက်အကန် တောင်းဆိုနေသောကြောင့် သူဟာဖေဖေသည် သူ့ကို အားနာစွာကြည့်ရင်း အပြင်သို့ထွက်ရန် သူ့လက်ကို လှမ်းဆွဲလိုက်ပါသည်။

"အန်ကယ် စိတ်မကောင်းပါဘူး ဒိဝသံ"

ထို့နောက် သူ့လက်ကိုဆွဲကာ အခန်းအပြင်သို့ ထုတ်လာပါသည်။ အခန်းထဲတွင်တော့ သူဟာ၏ ကြောက်လန့်တကြား ကျေးဇူးတင်သံကြီးနှင့် ငိုသံကြီးကို သူ ကြားနေရပါ၏။

"ကျေးဇူးပါပဲ . . . ဖေဖေရယ်၊ ဖေဖေလည်း သတိထားပါ။ ဖေဖေ့ကိုလည်း ဒီကောင် သတ်လိုက်လိမ့်မယ်။ အခု သားသူငယ်ချင်း အဝ်လည်း ဒီကောင့်ကြောင့် သေသွားပြီလေ . . . အဝ်ရေ . . . ဟီး . . . ဟီး . . . ဟီး . . ."

သူဟာအသံကို မကြားချင်စွာ သူ နားနှစ်ဖက်လုံးကို ပိတ်လိုက်မိပါသည်။ ထို့ကြောင့် သူဟာဖေဖေက သူ့ကို သူဟာအခန်းနှင့် ဝေးရာသို့ ခေါ်ဆောင်ခဲ့ပါလေတော့သည်။



"သားလေး . . . လက်ဖယ်လိုက်တော့။ မင်း သူဟာအသံ မကြားနိုင်တော့ပါဘူး"

သူဟာ ဖေဖေသည် နွေးထွေးသော စကားပြောရုံသာမက သူ့လက်နှစ်ဖက်ကိုပါ နားအနီးမှ ဖယ်ရှားပေးပါ၏။

"သား ဘယ်လို ခံစားနေရမယ်ဆိုတာ အန်ကယ်နားလည်ပါတယ်။ အန်ကယ်လည်း အတော့်ကို စိတ်မကောင်းဖြစ်ရပါတယ်ကွာ။ အခု သူဟာရဲ့ ခြေနှစ်ဖက်အပြင် ဦးနှောက်ကိုပါ အန်ကယ် ဆုံးရှုံးလိုက်ရပြီလား မသိဘူး"

ပြောရင်း သူဟာ ဖေဖေ ယောကျ်ားကြီးတန်မဲ့ မျက်ရည်များ ကျဆင်းလာ၏။ သူဟာ ဖေဖေ၏ မျက်ရည်များကိုလည်း သူ ရင်မဆိုင်ရဲပြန်။

"ကျွန်တော် တောင်းပန်ပါတယ် . . . အန်ကယ်ရယ်။ ကျွန်တော်ဟာ သူဟာကို မနှင်ထုတ်ခဲ့ဘူးဆိုရင် သူဟာရော . . . အဝ်ပါ ဒီလိုအဖြစ်ဆိုးနဲ့ ရင်မဆိုင်ရပါဘူးဗျာ"

သူလည်း မျက်ရည်များ ဝေ့ရှပြန်တော့သည်။

"ကဲပါ . . . သားရယ်၊ ဖြစ်ချိန်တန်လို့ ဖြစ်တယ်လို့ပဲ သဘောထားလိုက်ပါ။ ပြန်ပြင်လို့လည်း ရတာမှမဟုတ်တာ။ ဒီတော့ သားစိတ်ကို သိပ်ပြီး ဒုက္ခမပေးပါနဲ့ကွာ။ ဟုတ်ပြီလား?"

သူဟာ ဖေဖေကပင် သူ့ကို ပြန်ပြီး နှစ်သိမ့်နေသော်လည်း သူကတော့ အတော်ပင် စိတ်မကောင်းဖြစ်နေရပါတော့သည်။

သူဟာဖေဖေနှင့် နှုတ်ဆက်ပြီး ပြန်လာသည်အထိ သူ စိတ်ရှုပ်နေဆဲ။ ထို့ကြောင့် သူ သောက်နေကျ Beer Station သို့ ကားလေးကို ဦးတည်လိုက်ပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

သူထိုင်နေကျ Beer Station လေး၏ အခန်းအတွင်းတွင် ခါတိုင်းကဲ့သို့ မီးမှိန်မှိန်ထွန်းထား၏။ အသံလုံအခန်းဖြစ်သောကြောင့် အခန်းထဲတွင် တိတ်ဆိတ်နေသည်။ ထို့အပြင် မီးမှိန်နေသောကြောင့် အကွယ်ဖြစ်သော အခန်းထောင့်များတွင် အရိပ်အမှောင်များ ဖြစ်ပေါ်နေပါသည်။

ထိုစဉ် စားပွဲထိုးလေးက သူမှာထားသည့် ဘီယာတစ်ဂျားနှင့် အမြည်းတချို့ လာချပေးပါသည်။

"အစ်ကို . . . လိုအပ်တာရှိသေးရင် . . ."

"ရပြီညီ . . . မလိုအပ်သေးဘူး"

သူ စကားဖြတ်ပြောလိုက်သောကြောင့် အလိုက်သိသော စားပွဲထိုးလေး ပြန်ထွက်သွားပြီး အခန်းတံခါးကို ပိတ်ပေးခဲ့ပါသည်။

သူ ဘီယာတစ်ခွက်ကို စတင် မော့ချလိုက်ရင်း ရဲဆေးတင်လိုက်ပါသည်။ ဘီယာဝင်သွားသောကြောင့် ရင်ခေါင်းထဲ ပူနွေးနွေးဖြစ်လာလေပြီ။ သူ့ကို ဘာကြောင့် သူဟာ ထိုသို့ကြီး ပစ်ပစ်ခါခါ ဆက်ဆံနေရပါသနည်း။ သူ လုံးဝ နားမလည်နိုင်တော့။

ထိုစဉ် သူ့အကြည့်က အခန်းထောင့်တွင် ဖြစ်ပေါ်နေသော အရိပ်ဆီသို့ ရောက်ရှိသွားပါသည်။ သူ တွေးနေရင်းနှင့် ထိုအရိပ်ကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေမိပါသည်။ ထိုစဉ် ထူးဆန်းစွာ မီးရောင်များ မလှုပ်ရှားပါဘဲနှင့် အခန်းထောင့်က အရိပ်က တဖြည်းဖြည်း လှုပ်ရှားလာပါတော့



သည်။ သူအံ့သြစွာ ငေးကြည့်နေရင်း ကိုယ့်မျက်လုံးကိုပင် မယုံနိုင်ဖြစ်မိပါသည်။ ထိတ်လန့်မှုကြောင့် ကြက်သီးများလည်း ထလာရပါပြီ။

အကြည့်မှားတာများလား? မျက်လုံးများကို ပွတ်သပ်လိုက်ပြီး ပြန်ကြည့်သော်လည်း အရိပ်ကြီး၏လှုပ်ရှားမှုက ပိုပြီး အသက်ဝင်လာပါ၏။ မူးနေလို့များလား? ဟင့်အင်း . . . သူ ဘီယာတစ်ခွက်သောက်ထားသော်လည်း မမူးသေးပါ။ သို့သော် ဘာကြောင့် အခန်းထောင့်ရှိ အရိပ်မည်းမည်းက လှုပ်ရှားနေပါသနည်း။

သူ လွန်စွာအံ့သြပြီး အရိပ်ကို ကြည့်နေခိုက် အရိပ်သည် လှုပ်ရှားရင်း လှုပ်ရှားရင်းနှင့် လူတစ်ယောက်ကဲ့သို့သော ဦးခေါင်း၊ လက်နှစ်ဖက်နှင့် ကိုယ်လုံးပုံသဏ္ဌာန် တဖြည်းဖြည်း ပီပြင်လာပါသည်။ သူ ကြည့်ရင်းကြည့်ရင်း ကြောက်လန့်လာပါသည်။ အခန်းထဲတွင် Air con ဖွင့်ထားသော်လည်း သူ ချွေးပြန်နေရပါတော့သည်။

သူကြောက်လန့်တကြား သူ မောင်းထုတ်သော်လည်း အရိပ်ကြီးကတော့ သူ့ဆီ ဦးတည်လျက်။

"သွား . . . သွားပါဗျာ"

အရိပ်က သူနှင့် တဖြည်းဖြည်း နီးကပ်လို့လာပါပြီ။ ထိုအချိန်မှာပင် အရိပ်ကြီးတွင် လက်ကဲ့သို့သော အရာသည်လည်း တဖြည်းဖြည်း ပီပြင်လာပြီး ထိုလက်နှစ်ဖက်သည် သူ့လည်မျိုဆီသို့ ဦးတည်ကာ ရွေ့လျားလာပါတော့သည်။ သူ ထိုလက်မည်းကြီးနှစ်ဖက်ကို ပုတ်ထုတ်သော်လည်း မရ။ အရိပ်ကို သူ ဘယ်လိုမှ ကိုင်လို့မရနိုင်ပေ။

"မလုပ်နဲ့ . . . မလုပ်နဲ့"

သူ ကြောက်လန့်တကြား မှင်သက်ပြီး ကြည့်နေစဉ်မှာပင် အရိပ်ကြီးသည် သူ့ဆီသို့ ဦးတည်ကာ ရွေ့လျားလာပါတော့သည်။

"သွား . . . သွား . . . မလာနဲ့။ ငါ့ဆီမလာနဲ့"

ကြောက်လန့်တကြား ငြင်းထုတ်နေစဉ်မှာပင် အရိပ်၏ လက်နှစ်ဖက်က သူ့လည်မျိုကို တင်းကျပ်စွာ ဖျစ်ညှစ်ဆုပ်ကိုင်လိုက်ပြီပင်။



www.burmeseclassic.com

www.burmeseclassic.com

"ဝုန်း . . ."

ဆိုသော အသံနှင့်အတူ ဘီယာခန်းတံခါး ပွင့်သွားပြီး အခန်းဝ တွင် ရေးမဗီကို လှမ်းတွေ့လိုက်ရပါသည်။ သူ ကြောက်လန့်တကြား အရိပ်ကြီးကို လှမ်းကြည့်လိုက်တော့ အရိပ်က ပုံမှန်အတိုင်း အခန်းထောင့် တွင် ငြိမ်သက်နေလေပြီ။ သူ့လည်မျိုတွင်လည်း ဘာမှမရှိတော့။

သူ အံ့အားသင့်လွန်းမက အံ့အားသင့်မိပါ၏။ ထို့အပြင် လည်မျို ကို ဖျစ်ညှစ်ခံလိုက်ရမှုကြောင့် သူ လည်ပင်းတစ်ဝိုက် နာကျင်နေကြောင်း သူ ကောင်းစွာ သိနေပါ၏။

"ဝသံ . . . ဘာတွေဖြစ်နေတာလဲ? တစ်ကိုယ်လုံးလည်း ချွေး တွေနဲ့"

ရေးမဗီက သူ့အနားတွင်ဝင်ထိုင်ရင်း သူ့ကို စိုးရိမ်စွာ ပြောလေ သည်။

"အခုန . . . အခုန . . ."

သူ အရိပ်ရှိရာ အခန်းထောင့်ကို လက်ညှိုးညွှန်ရင်း အဖြစ်မှန်ကို ဖွင့်ပြောရန် ရည်ရွယ်လိုက်သော်လည်း စကားလုံးကတော့ သူ့အာခံတွင်း မှာပင် ပျောက်ရှကုန်သည်။ သူ ပြောလို့မဖြစ်မှန်း သတိထားမိလိုက်သည်။ သူရောက်နေသည်က ဘီယာဆိုင်။ သူ သောက်နေသည်က လူကို မူး ယစ်စေသည့် ဘီယာ။ မမူးပါဘဲနှင့် အရိပ်ကြီးကို မြင်လိုက်ရကြောင်း သူသာလျှင် သိသည်။

သို့သော် သူ ထိုအကြောင်းကို သူမကိုပြောပါမူ သူမယုံနိုင်မည် မဟုတ်။ ဘီယာရှိန်နှင့် သူ ပေါက်ကရပြောသည်ဟုသာ သူမ တွေး တောပေလိမ့်မယ်။ သူ့အဖြစ်မှန်က ကျွန်တော် အရူးပါဟု ဝန်ခံသလို ကြီး ဖြစ်နေလိမ့်မည်။ ထို့ကြောင့် သူမကို မပြောတော့ရန် သူ ဆုံးဖြတ် လိုက်မိပါသည်။

"အခုန ဘာဖြစ်လဲ . . . ဝသံ"

"ကိုယ် အရမ်းစိတ်ညစ်နေတယ် . . . ရေး"



သူ မြင်လိုက်ရသည့် အရိပ်ကြီးအကြောင်းကို သူမအား မပြောပြ ဖြစ်တော့အောင် စကားလမ်းကြောင်းလွှဲရင်း စားပွဲပေါ်မှ ဘီယာခွက်ကို ဆွဲကာ မော့သောက်လိုက်မိပါသည်။

"ဝသံစိတ်ညစ်နေမယ်ဆိုတာ ရေး နားလည်ပါတယ်။ ဒါပေမဲ့ ရေး မကြိုက်တဲ့ ဒီအရက်သေစာတွေ မသောက်တော့ဘူးလို့ ဝသံပဲ ရေး ကို ကတိပေးထားတယ်လေ"

မော့သောက်နေသော ဘီယာကို ခဏရပ်လိုက်မိပါသည်။ ထို့ နောက် ခွက်ကို စားပွဲပေါ်သို့ သူ ပြန်တင်လိုက်ပြီး သူမကို နားမလည် စွာ ငေးကြည့်လိုက်မိပါသည်။ သူ စိတ်ညစ်နေသည်လေ။ သူ စိတ်ညစ်လို့ ဘီယာသောက်သည်ကို သူမက ကိုယ်ချင်းမစာစွာ သူ့အား တားမြစ် နေ၏။ သူ ဘာကြောင့် ဘီယာသောက်ရသည်ကို မမေးဘဲ သူ့အား သူမ ဘောင်လာခတ်နေ၏။

"ကိုယ် . . . ဘာဖြစ်လို့ ဘီယာသောက်တာလဲဆိုတာ မမေးဘဲနဲ့ ကိုယ့်ကို အပြစ်တင်နေတာလား . . . ရေး "

"ရေး . . . ဝသံကို အပြစ်မတင်ရက်ပါဘူး။ စိတ်ညစ်ရင် ရေးနဲ့ မျှဝေလေ။ ဒါပေမဲ့ ဘီယာတော့ မသောက်စေချင်ဘူး"

သူ့စိတ်ထဲ ထောင်းခနဲ ဒေါသထွက်မိသွားပါ၏။ ဘာလဲ ? သူ့ ကို သူမ နေရာတကာ ချုပ်ချယ်တော့မည်လား? မဖြစ်နိုင်ပါ။ ဒီဝသံ ထ ထိုသို့ မိန်းမကိုကြောက်တတ်သည့် ယောကျာ်းစားမျိုးမဟုတ်။

"သောက်ချင်လို့ သောက်တာလေ။ ဘယ်သူ့ဆီက Permit တောင်း နေရဦးမှာလဲ?"

"ဒါပေမဲ့ နောက်မသောက်တော့ဘူးလို့ ရေးကို ကတိပေးထားတယ် လေ"

"ဒါဆို ဘီယာလေးသောက်ဖို့အတွက် မင်းဆီက Permit တောင်း ရမယ်ဆိုတဲ့ သဘောလား . . . ရေး"

"အဲ့လိုတော့ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

"အဲ့လို မဟုတ်ဘူးဆိုရင် ဘယ်လိုလဲ?"

"ရေးကို ပေးထားတဲ့ကတိ တည်စေချင်တယ်"

"မင်း အခု ငါ့ကို ကတိမတည်တဲ့လူလို့ စွပ်စွဲနေတာလား . . . ရေး"

"ရေး စွပ်စွဲစရာ မလိုပါဘူး။ အခု ကိုယ့်အရှေ့စားပွဲက ဘီယာခွက်က သက်သေပဲလေ"

သူမစကားကို သူ လုံးဝသည်းမခံနိုင်။ ချက်ချင်းပင် သူ့လက်သီးက အရှိန်နှင့် သူမလက်မောင်းသို့ ပြေးသွားပါတော့သည်။

သို့သော် သူ သူမကို မထိုးဖြစ်လိုက်ပါ။ သူ့လက်သီးက သူမလက်မောင်းအနီးတွင် လုံးဝ အရှိန်သေသွား၏။ တစ်ဆက်တည်းမှာပင် သူမကို သူ လက်သီးနှင့်ထိုးလိုက်ဖို့ ဘယ်လိုမှ စိတ်မပါတော့ချေ။ ခါတိုင်း သူ့ကို ဒီလိုစွပ်စွဲကာ နားစားချိန်တိုင်း သူသည် သူမလက်မောင်းကို အညိုမည်းစွဲရလေအောင် ထိုးဖူးပါ၏။

ထူးဆန်းပါဘိ။ သူ . . . သူမ အပေါ်သို့ လုံးဝ လက်မတင်ရက်တော့။

သူ ထိုသို့ ထိုးခဲ့တိုင်း သူမ မျက်စိစုံမှိတ်ကာ ကျိတ်ခံနေကျ။ အခုလည်း သူ လက်သီးရွယ်လိုက်ကတည်းက သူမ မျက်စိစုံမှိတ်လိုက်ပြီးသား။ လက်သီးနှင့်ရွယ်ပြီး မထိုးဖြစ်လိုက်သည့် သူ့အပြုအမူကို သူမပင် အံ့အားသင့်နေပါတော့သည်။

"ရေးကို မထိုးတော့ဘူးလား . . . ဝသံ"

တန့်နေသော သူ့လက်သီးကို သူ အံ့အားသင့်စွာ ကြည့်နေမိပါသည်။

"မထိုးချင်တော့ဘူး . . . ရေး"

"တကယ်တော့ ရေးက ဝသံ့အတွက် ပြောတာပါ . . . ဝသံရယ်"

"ဟုတ်တယ် . . . အဲ့ဒါ ကိုယ် နားလည်သွားလို့ဖြစ်မယ်။ ကိုယ့်လက်သီးတွေက ရေးဆီမရောက်တော့ဘူး။ တန့်ကုန်တယ်"



သူ အံ့အားသင့်စွာ သူ့လက်သီးကိုပင် သေချာပြန်ကြည့်နေရပါတော့သည်။

"လက်သီးတွေကတောင် ရေးစေတနာတွေကို နားလည်လာပြီ . . . ဝသံ။ ဝသံပဲ နားလည်ဖို့ လိုတော့တယ်"

သူ့ကို ဆရာတတ်သလိုလို ပြောနေသော သူမ စကားလုံးများကိုလည်း သူ စိတ်မဆိုးမိတော့။ သူမ စကားလုံးများက မှန်နေသည်ဟု သူ စိတ်လိုလက်ရ လက်ခံမိနေပါသည်။ အရင်က သူ့ကို အခုလို ဆရာတတ်သလိုလို ပြောလျှင် သူမကို သူ့အနားက မောင်းထုတ်နေကျ။ အခုတော့ သူမကို သူ မြတ်နိုးစွာ ဖက်ထားလိုက်မိပါသည်။

"ကိုယ့်အနားမှာ တစ်သက်လုံးနေပေးပါ . . . ရေးရယ်"

သူ မရည်ရွယ်ပါပဲနှင့် ထိုစကားလုံးများကိုလည်း ပြောလိုက်မိပါသေးသည်။ သူ့ရင်ခွင်ထဲက သူမ ကျေနပ်စွာ ပြုံးလိုက်စဉ်တွင်တော့ သူ့အတွေးတွင် ပဟေဠိများစွာ အသက်ဝင်သွားရပါတော့သည်။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com

ညက ညဉ့်နက်နေပေပြီ။ အလင်းရောင်ဆို၍ မပြည့်တပြည့်လင်းနေသည့် လရောင်သာ ရှိနေ၏။ ထိုလရောင် မှိန်မှိန်ကြောင့် သူ လမ်းကို မြင်နေရပါသည်။ လမ်းကျဉ်းလေး။ ထိုလမ်းကျဉ်းလေးကို သူ ဆက်လျှောက်နေသော်လည်း ဘယ်ကိုရည်ရွယ်ပြီး သွားနေမိမှန်း မသိပါ။

ထိုစဉ် သူ အံ့အားသင့်စွာ သူ့အရိပ်ကို ငုံ့ကြည့်လိုက်မိပါသည်။ လရောင်မှိန်မှိန်ကြောင့် သူ့အရိပ်မှန်မှန်ကို သူ မြင်တွေ့လိုက်ရပါသည်။

ထို့အပြင် သူ အရမ်းအံ့ဩသွားရပါသေး၏။ ဘာကြောင့်လဲ? သူက ညာဖက်ခြေလှမ်း လှမ်းနေစဉ်တွင် သူ့အရိပ်က ဘယ်ဖက်ခြေလှမ်း လှမ်းနေသောကြောင့်ဖြစ်၏။

သူ့အမြင်များ လွဲမှားနေသောကြောင့်လား။ အရိပ်ဆိုတာ လူနိုင်းစေသလိုသာ ဖြစ်ရမှာလေ။ အခုတော့ ပြောင်းပြန်ကြီး။ ကွဲကွဲပြားပြား သိရအောင် သူ ခြေလှမ်းများကို ရပ်လိုက်ပါသည်။ သူ့အရိပ် ဘယ်လို ခြေလှမ်း လှမ်းမလဲပေါ့။

အရိပ်က ဘယ်ခြေလှမ်းမှ မလှမ်းတော့။ သူ့လိုပဲ ရပ်တန့်သွား၏။

သို့သော် . . .

အရိပ်၏ခေါင်းက သိသိသာသာ လှုပ်ရှားလာပါသည်။ ဒါပေမဲ့ သူ့ခေါင်းကို သူ မလှုပ်ရှားသေးပါ။ ဒါဆို ဘာကြီးလဲ?

"မင်း ထွက်သွားပါတော့"



သူ အံ့ဩနေတုန်းမှာပင် လှုပ်ရှားနေသော အရိပ်၏ခေါင်းမှ ကြားလိုက်ရသည့်အသံ။

သူ ထိတ်လန့်လွန်းမက ထိတ်လန့်သွားရပါတော့သည်။

"ဝုန်း . . ."

ကြောက်လန့်စိတ်နှင့်အတူ သူ အိပ်ရာပေါ်မှ ဝုန်းခနဲ ထထိုင်လိုက်မိပါသည်။

"ငါ . . . အိပ်မက် မက်နေတာပဲ"

ထိတ်လန့်စွာ မျက်နှာကို လက်နှင့်ပွတ်ချလိုက်တော့ သူ့မျက်နှာပြင်တစ်ခုလုံးတွင် ချွေးစေးများ ရှိနေ၏။ အိပ်ခန်းထဲရှိ Air-con ကိုလည်း ဖွင့်ထားပါရက်နှင့် ဘာလို့ အဲ့လောက်တောင် ချွေးစေးတွေ ထွက်နေရပါသနည်း။ နောက်ပြီး ဘာဖြစ်လို့ အိပ်မက်ဆိုးကြီး မက်ရပါသနည်း။

ညအိပ်ရာမဝင်ခင်တုန်းက သူ သေချာစွာ ဘုရားရှိခိုးပြီး အိပ်ခဲ့တာတောင် သူ အိပ်မက်ဆိုး မက်ရပါသေးသည်။

သူ စိတ်ပျက်နေမိပါပြီ။ တစ်ခါတစ်ခါ သူ့ကိုယ်သူ သူမဟုတ်သလိုလိုပင် ထင်နေမိပါသည်။

အိပ်ရာလန့်နိုးပြီး မောဟိုက်နေသောကြောင့် အမောပြေအောင် ရေသောက်ပြီးသည်နှင့် သူ သတိရလိုက်သူက ရေးမမီ။

သေပါတော့။ ဒီအချိန်ကြီး သူမထံ ဖုန်းဆက်ဖို့ကလည်း မသင့်တော်။ သို့သော် သူမကို သတိရလွန်းနေသည့်စိတ်ကို သူ ထိန်းမထားနိုင်ပါ။

"အောင့်ထားပါကွာ။ နောက်တစ်ပတ်လောက်ဆိုရင်ပဲ ရေးနဲ့ လက်ထပ်ရတော့မှာလေ"

သူ့ကိုယ်သူ သတိပေးသလို ပြောနေရပြန်သည်။

စိတ်ပျက်စွာ သက်ပြင်းချလိုက်မိပါသေးသည်။ သူ ထိုနေ့ညသားပြန်၍ အိပ်မပျော်တော့ချေ။

✕ ✕ ✕



www.burmeseclassic.com

www.burmeseclassic.com

ညဘက် ထိုသို့ အိပ်မက်ဆိုးမက်ပြီး ပြန်အိပ်မပျော်တော့သော ကြောင့် လူက အိပ်ရေးပျက်ပြီး မျက်ကွင်းများပင် ချောင်နေပေတော့သည်။ အိပ်ရေးပျက်ထားသောကြောင့် အားနည်းပြီး ပိန်ချင်နေပေပြီ။

ဒီအတိုင်းဆက်သွားနေလို့တော့ မသင့်။ ထို့အပြင် သူက မကြာခင် မှာပဲ သတို့သား လုပ်ရပေဦးမည်။

သူ ဘာ့ကြောင့် အိပ်မက်ဆိုးများကို မက်နေရပါသနည်း။ အက် စီးဒင့်ကြောင့် သူ့ခေါင်း ထိခိုက်သွားခဲ့သော်လည်း ဆရာဝန်တွေပြော တော့ သူ့ခေါင်းက အားလုံးကောင်းသည်တဲ့။ အခြေအနေမှန်ကို သိရ အောင် သူ စိတ်ဆရာဝန်ထံသို့ ထွက်ခဲ့လိုက်ပါသည်။

သူ ရှုးမနေသော်လည်း သူ့အခြေအနေများကို သိတတ်ကျွမ်းကျင် သော စိတ်ဆရာဝန်နှင့် ဆွေးနွေးရင်းဖြင့် အဖြေမှန်တစ်ခုကို သူ ရှာဖွေ လို့ ရငြားဆိုသည့် မျှော်လင့်ချက်လေးနှင့် သူစိတ်ဆရာဝန်ထံတွင် ဆွေး နွေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။

သူ့ကို ရှုးနေသောကြောင့် စိတ်ဆရာဝန်ထံသွားသည်ဟု ထင်မြင် သွားမည်ကို စိုးရိမ်သောကြောင့် မေမေ့ကို အသိမပေးဖြစ်။

ж ж ж



"အိပ်မက်က တစ်ခုတည်းကိုပဲ ထပ်ကာထပ်ကာ မက်တာလား?"

သူ့ကို စိုက်ကြည့်ရင်း မေးလိုက်သည့် ဒေါက်တာနိုင်သူ့ မေးခွန်း ကို သူသေချာစဉ်းစားပြီး ဖြေပေးလိုက်ပါသည်။

"မဟုတ်ဘူး . . . ဒေါက်တာ"

သူ့အဖြေကို ဒေါက်တာ သေချာစွာ ရေးမှတ်လိုက်၏။

"ဒါဆို . . . တခြားအိပ်မက်တွေလည်း မက်သေးတယ်ပေါ့"

"မက်တယ်ဒေါက်တာ၊ နောက်ပြီး . . ."

"အင်း . . . ပြောပါဦး"

သူ့ကို စကားဆက်ပြောရန် ဒေါက်တာ နှိုးဆော်လိုက်ပါသည်။

"အိပ်မက်တွေကတော့ သမရိုးကျတွေ မဟုတ်တာ သေချာတယ်"

"ဘယ်လိုမျိုးတွေလဲ . . . ဝသံ"

"အင်း . . ."

သူ သေသေချာချာ စဉ်းစားရင်း . . .

"အခု ကျွန်တော် ပြောသလို အိပ်မက်မျိုးတွေပေါ့"

"မက်ပြီး လန့်နိုး။ ပြီးတော့ ပြန်ပြီး မအိပ်ပျော်နိုင်တော့တဲ့ အိပ် မက်မျိုးတွေပဲပေါ့။ ဟုတ်လား?"

"ဟုတ်ကဲ့ . . ."

သူ တိကျစွာ ဖြေလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီလို အိပ်မက်မျိုးတွေ ဘယ်တုန်းက စပြီး မက်ဖူးတာလဲ . . . ဝသံ။ အဲ့ဒါ မှတ်မိနိုင်မလား?"

သူ မျက်ပေါက်လေးကျဉ်းလိုက်ရင်း သေချာ စဉ်းစားလိုက်ရပါသည်။ သူ ဘယ်တုန်းကစပြီး ဒီလို အိပ်မက်ဆန်းတွေ မက်ဖူးနေတာပါလိမ့်ပေါ့။

"ကောင်းတယ် . . . ဝသံ၊ သေချာစဉ်းစားပြီးမှပြောတာ ပိုကောင်းတယ်"

သူ စဉ်းစားနေသည်ကို ဒေါက်တာနိုင်သူက အားပေးလိုက်ပါသည်။

"ကျွန်တော် ဆေးရုံက ဆင်းပြီးနောက်ပိုင်းမှ စပြီး မက်တာပါ ဒေါက်တာ။ နောက်ပြီး အိပ်မက်တင်မကဘူး။ ကျွန်တော် ဒီထက် ထူးဆန်းတာတွေလည်း ကြုံနေရသေးတယ်"

သူ တွေးတွေးဆဆနှင့် ပြောလိုက်သော် ဒေါက်တာနိုင်သူ စိတ်ဝင်စားစွာ နားထောင်ရင်း ခေါင်းညိတ်ရှာပါသည်။

"ပြောပါဦး . . . ဝသံ၊ ဘယ်လို ထူးဆန်းတဲ့ အတွေ့အကြုံတွေလဲ?"

သူ ဖြေသင့်၊ မဖြေသင့် စဉ်းစားလိုက်ရင်း ဒေါက်တာနိုင်သူကို ကြည့်လိုက်မိပါသည်။

"ဖြေကြည့်ပါ . . . ဝသံ။ ဒါမှ ဒေါက်တာက ဝသံ့အတွက် အကောင်းဆုံးနည်းလမ်းကို ညွှန်ပေးလို့ရမှာလေ"

ဒေါက်တာနိုင်သူ ပြောသည်မှာ နည်းလမ်းကျ၏။ ထို့ကြောင့် သူ မယုံနိုင်စရာ အဖြစ်အပျက်ဆန်းများကို ပြောပြရန် ရဲတင်းစွာ ဆုံးဖြတ်လိုက်သည်။ မဖြေခင် သူ ဒေါက်တာ့ကို မရဲတရဲလေး ကြည့်လိုက်မိသေးသည်။

"ကျွန်တော်ပြောတာတွေကို ဒေါက်တာ ယုံနိုင်ပါ့မလား?"



"ယုံသင့် မယုံသင့်၊ ယုံနိုင် မယုံနိုင်က ဒေါက်တာ ဆုံးဖြတ်မှာလေ။ ဖြေပေးရမှာက ဝသံ့တာဝန်လေ"

"ကောင်းပါပြီ။ ဒါဆို ကျွန်တော် ပြောပါ့မယ်"

ပေါက်သည့် နှုတ်ဖူးမထူးတော့ပြီ။ နောက်ပြီး အခု သူကိုယ်တိုင်က သူ့ကိုယ်သူ မယုံသောကြောင့် ဘယ်သူမှ မသိအောင် စိတ်ဆရာဝန်နှင့် လာတွေ့နေမိသည်ပဲ မဟုတ်ပါလား။

"ကျွန်တော့်အမြင်တွေထဲမှာ အရိပ်တွေက လှုပ်လှုပ်နေတယ် . . . ဒေါက်တာ"

"အိပ်မက်ထဲမှာလား?"

"မဟုတ်ဘူး၊ တကယ့်လက်တွေ့မှာ"

"အိပ်ရေးပျက်ပြီး အမြင်တွေ ဂယောင်ချောက်ချား ဖြစ်တာများလား?"

"နောက်ပြီး တစ်ခါတစ်ခါ အဲ့ဒီအရိပ်က ကျွန်တော့်ကိုသတ်ဖို့ ကြိုးစားသေးတယ်"

သူ ထိတ်လန့်စွာ ပြောပြီး စိတ်မောကာ သက်ပြင်းချလိုက်သော် ဒေါက်တာက စားပွဲပေါ်တွင် အဆင်သင့်ရှိနေသည့် ရေခွက်ကို သူ့ထံ လှမ်းပေး၏။

"သောက်လိုက်ပါဦး"

"ကျွန်တော် ရေမဆာဘူး . . . ဒေါက်တာ"

ဒေါက်တာနိုင်သူ ဖန်ခွက်ကို စားပွဲပေါ်သို့ ပြန်တင်လိုက်ပါသည်။ ဖန်ခွက်ပြန်တင်ရင်း ဒေါက်တာနိုင်သူ သက်ပြင်းတစ်ခု ချလိုက်ပါသေးသည်။

"နောက်ပြီး ရှိသေးတယ်"

"ဘာများလဲ . . . ဝသံ"

"ကျွန်တော့်ချစ်သူကို အရင်တုန်းက ကျွန်တော် ဒီလောက်မချစ်ဘူး ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com

"ရေးမမီကို ပြောနေတာလား?"

"ဟုတ်တယ်။ နောက်ပြီး . . . အခု သူနဲ့လက်ထပ်ဖို့ ရက်နီးလာလေလေ သူ့ကို တမ်းတမိလေလေပဲ"

သူ့စကားကြောင့် ဒေါက်တာ သဘောကျသလိုလေး ပြုံး၏။

"ကိုယ့်ဇနီးလောင်းလေးကို ရိုးရိုးတန်းတန်း တမ်းတတာလည်း ဖြစ်နိုင်တယ်လေ"

"လက်ထပ်တော့မှာ သေချာတယ်။ နောက်ပြီး လက်ထပ်ပြီး တစ်အိမ်တည်းနေရတော့မှာ သေချာနေရဲ့သားနဲ့ သူနဲ့ဝေးမှာကို ကျွန်တော် တစ်နေ့တခြား ပိုပိုပြီး ကြောက်နေမိတယ် . . . ဒေါက်တာ။ အဲ့ဒါကရော . . .?"

"တဖြည်းဖြည်း အချစ်တွေက ခိုင်မာလာလို့လည်းဖြစ်နိုင်ပါတယ်"

"မဖြစ်နိုင်ဘူး . . . ဒေါက်တာ။ အရင်က ကျွန်တော် သူ့ကိုချစ်တယ်။ ဒါပေမဲ့ အခုလောက် မလေးနက်ဘူး။ မနက်ရှိုင်းဘူး။ အခုဆိုရင် ကျွန်တော် သူ့ကို မျက်စိအောက်က အပျောက်ကို မခံနိုင်တော့တာ"

သူ့ကို ဒေါက်တာနိုင်သူ ကြည့်နေရင်း သူ့အတွက် အဖြေကိုစဉ်းစားပေးနေပါတော့သည်။

"နောက်ပြီး သူ့ကို အရင်ကလို မဆက်ဆံရက်တော့ဘူး"

"အရင်က ဘယ်လိုတွေ ဆက်ဆံလို့လဲ?"

"အရင်က ကျွန်တော် မကျေနပ်ရင် မကျေနပ်သလို သူ့ကို ထိုးဖူးပါတယ်"

"အခုရော?"

"အခုဆို ကျွန်တော် သူ့ကို လုံးဝမထိုးရက်တော့ဘူး . . ဒေါက်တာ။ တကယ်လို့ သူ့အမူအရာတွေကို ကျွန်တော် မကျေနပ်ရင်တောင် ထိုးဖို့ရွယ်လိုက်တဲ့ ကျွန်တော့် လက်သီးတွေ မထိုးဖြစ်ဘူး။ တန့်တန့်သွားတယ်"



"သူ့အချစ်တွေကို ဝသံက နားလည်လာလို့ ဖြစ်မှာပေါ့"

"မဟုတ်ဘူး . . . ဒေါက်တာ။ လက်သီးကိုက မရဲတာ။ ထိုးလိုက်ဖို့ အကြိမ်ကြိမ် စဉ်းစားမိတာတောင် လက်သီးက မရဲတော့တာ"

သူ့စကားဆုံးသော် သူနှင့်ဒေါက်တာနိုင်သူ ဆွေးနွေးနေသော အခန်းလေးထဲတွင် ဒေါက်တာနိုင်သူ့ သက်ပြင်းချသံတစ်ခု ထွက်ပေါ်လာပါ၏။

"ကျွန်တော် အခု ရူးနေတာလား . . . ဒေါက်တာ"

သက်ပြင်းချသံပြီးသည်နှင့် သူသိချင်သည်ကို ပွင့်ပွင့်လင်းလင်းသာ မေးချလိုက်ပါတော့သည်။ ထိုအခါ ဒေါက်တာက ပြုံးလိုက်ရင်း . . .

"မရူးပါဘူး"

"သေချာလို့လား ဒေါက်တာ"

စိုးရိမ်ကြီးစွာဖြင့် မဝံ့မရဲ သူမေးလိုက်ပါသည်။

"ကိုယ့်ကိုယ်ကိုယ် အရူးလို့ သတ်မှတ်တဲ့လူ၊ နောက်ပြီး ကိုယ့်ကိုယ်ကိုယ် ရူးနေပြီလားလို့ သံသယရှိနေတဲ့လူ အဲ့လိုလူမျိုးတွေက လုံးဝမရူးသေးပါဘူး . . . ဝသံ"

ပိုင်နိုင်လှသော ဒေါက်တာ့စကားကြောင့် သူ စိတ်ထဲမှ မတင်မကျဖြစ်မှုကြီး လျော့ကျသွားရပါတော့သည်။ တစ်ပြိုင်နက် သူ သက်ပြင်းရှည်ကြီးတစ်ခုကိုလည်း ချလိုက်မိပါသေးသည်။

"ဒါဆို . . . အခု ကျွန်တော် ဘာဖြစ်နေတာလဲ ဒေါက်တာ"

ဒေါက်တာက ချက်ချင်း ပြန်မဖြေ။ သူ့ကို စိုက်ကြည့်၏။ ထို့နောက် မျက်မှောင်ကုတ်ရင်း စဉ်းစားပါသေးသည်။ ပြီးမှ . . .

"တကယ်တော့ . . . ဝသံ အခုဖြစ်နေတာတွေက အိပ်ရေးပျက်လို့လည်း ဖြစ်နိုင်ပါတယ်"

"ကျွန်တော် ဒီ့ထက်ခိုင်မာတဲ့ အဖြေတစ်ခုခုကို လိုချင်တယ် . . . ဒေါက်တာ။ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ဝေဖန်ပါ။ နောက်ပြီး ရေးမမီနဲ့ ပတ်သက်ပြီးလည်း သိချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

သူ့ထံသို့ ဒေါက်တာ့အကြည့်များ ရောက်လာ၏။ ထို့နောက် ဆတ်ခနဲ ခေါင်းညိတ်လိုက်လေသည်။

"ဒီထက်ခိုင်မာတဲ့အဖြေကို ပေးရမယ်ဆိုရင် ဒေါက်တာလည်း ဝသံနဲ့ပတ်သက်တဲ့အကြောင်းအရာ အသေးစိတ်ကို သိခွင့်ရချင်တယ်"

"ဘာအကြောင်းအရာလဲ . . . ဒေါက်တာ"

"ရေးမမီနဲ့ ဘယ်လိုတွေ့ခဲ့လဲ? နောက်ပြီး ရေးမမီနဲ့ မတွေ့ခင်တုန်းက ဒီဝသံဆိုတာ ဘယ်လိုလူစားမျိုးလဲ? တွေ့ပြီးတော့ရော . . . ဘယ်လို ပြောင်းသွားလဲ? အစရှိသဖြင့်ပေါ့"

"ကျွန်တော် သိသလောက်တော့ ရေးနဲ့တွေ့ပြီး ကျွန်တော် ထူးထူးခြားခြား ဘာမှ မပြောင်းလဲသွားပါဘူး"

"မပြောင်းလဲဘူး။ ပြောင်းလဲတယ်ဆိုတာ သေချာဝေဖန်ဖို့အတွက် ရေးမမီနဲ့ မတွေ့ခင်က အခြေအနေကိုပါ ဒေါက်တာသိသင့်တယ်လေ။ တကယ်လို့ ဝသံအတွက် ဝန်မလေးဘူးဆိုရင် ပြောပြလို့ ဖြစ်မလား?"

သူ စဉ်းစားလိုက်မိပါသည်။ သူ ပြောပြလို့ သင့်မလားပေါ့။

"ရေးမမီနဲ့ ဘယ်မှာ တွေ့ကြတာလဲ?"

"ကျောင်းမှာပါ"

"ဒါဆို ဒေါက်တာ့ကို ကျောင်းက အကြောင်းတွေပါ ပြောပြသင့်တယ် . . . ဝသံ။ ဒါမှ ဒေါက်တာလည်း အကောင်းဆုံးလမ်းကို ရွေးပေးနိုင်မှာ"

"ကျွန်တော် သဘောပေါက်ပါတယ်။ ဒါပေမဲ့ ကျောင်းတုန်းက ကျွန်တော်က ကျောင်းသားကောင်းတစ်ယောက် မဟုတ်ခဲ့ဘူး . . ဒေါက်တာ"

"ဘာပဲဖြစ်ဖြစ်လေ၊ အခုလောလောဆယ် ဒီဝသံဆိုတဲ့ လူငယ်တစ်ယောက်ကို လူကောင်းတစ်ယောက်ဖြစ်အောင် ပြုပြင်ပေးဖို့အတွက် သူ့အတိတ်က အကြောင်းတွေကို ဒေါက်တာ သိသင့်တာပေါ့"



ဒေါက်တာနိုင်သူ ပြောနေသည်မှာ နည်းလမ်းကျပါ၏။ ထို့အပြင် သူ့အတွက် ပြဿနာက တကယ် အသည်းအသန်ဖြစ်လို့နေပေပြီ။

ထို့ကြောင့် သူ သိပ်မမှတ်မိချင်သော သူ့ကျောင်းသားဘဝကို ပြောပြရန် ဆုံးဖြတ်လိုက်ရပါတော့သည်။

"ကျွန်တော် ပြောပြပါ့မယ် . . . ဒေါက်တာ"

ဒေါက်တာနိုင်သူ သဘောကျသလို ပြုံးလိုက်ရင်း သူ့စကားကို နားစွင့်လိုက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီဝသံ၊ မင်းသူဟ၊ အဝံ။

သူငယ်ချင်း (၃) ယောက်အဖွဲ့။

ထို (၃) ယောက်သည် ကျောင်းထဲတွင် နာမည်ကြီးအဖွဲ့ ဖြစ်ပါသည်။

ကောင်းသည့်၊ တော်သည့်နေရာတွင် နာမည်ကြီးသကဲ့သို့ ဆိုးသည့်နေရာတွင်လည်း နာမည်ကြီးလှပါသည်။

ᴥ ᴥ ᴥ



Chemistry မေဂျာတွင် သူတို့လောက် စာတော်သည့်ကျောင်းသားများ နှစ်ယောက်မရှိနိုင်။ အတော်ဆုံးကတော့ ဒီဝသံ၊ ဒုတိယက မင်းသူဟ၊ တတိယက အဝံ။

၃ ယောက်သား အလွန့်ကို တည့်ကြပါသည်။ သူတို့က စာတော်သူများပီပီ လွန်စွာ ဂုဏ်မောက်ကြပါသည်။ အတန်းထဲရှိ တခြားကျောင်းသားများနှင့်လည်း အရောမဝင်။ ၃ ယောက်တည်း သီးသန့်နေတတ်၏။ ထို့အပြင် သူတို့အဖွဲ့နှင့် ထိပ်တိုက်တွေ့လိုက်သူတိုင်းလည်း ကံဆိုးသွားရသည်ချည်းသာ။ ကျောင်းသားအချင်းချင်း မပြောနှင့်၊ ဆရာကိုပင် အလွတ်မပေး။

"ဆရာက အင်္ဂလိပ်သင်တယ်ဆိုတော့ မေးခွန်းတစ်ခုလောက် မေးချင်လို့ပါဆရာ။ ဇန်နဝါရီလ ၂၅ ရက်၊ ၁၅၃၃ ခုနှစ်လောက်တုန်းက အင်္ဂလန်ဘုရင်ကြီးဟင်နရီက ဘယ်သူနဲ့ လျှို့ဝှက်ပြီး လက်ထပ်ခဲ့သလဲ ဆရာ?"

သူတို့နှင့် သိပ်မတည့်သည့် ဆရာဆိုလျှင် မေးခွန်းများ မေးရင်း ဆရာကိုပါ ဒေါက်ဖြုတ်တတ်သေး၏။ ဗဟုသုတလည်း လွန်စွာကြွယ်ဝကြပါသေးသည်။

"ဘာအတွက် သိချင်တာလဲ . . . မောင်ဒီဝသံ"



www.burmeseclassic.com

www.burmeseclassic.com

"ဪ . . . ဆရာများ သိမလားလို့ပါ"

"မင်းရော သိနေလို့လား?"

"ဆရာ မသိရင် ပြောပြမယ်လေ"

တစ်ခါက Canteen တွင် သုံးယောက်တည်း စားပွဲဝိုင်း ၂ ဝိုင်းကို နွယူထားသော ဒိဝသံတို့အဖွဲ့ကို အင်္ဂလိပ်ဆရာက ဆူခဲ့လိုက်ပါသည်။ ထိုသို့ အဆူခံရခြင်းကို အခဲမကျေဘဲနှင့် အင်္ဂလိပ်အချိန်ရောက်သည်နှင့် ဆရာ့ကို သေသေချာချာ တိုင်ပင်ပြီး ဒေါက်ဖြုတ်လိုက်ခြင်းဖြစ်ပါသည်။

"မိဖုရားအန်းဘိုလင်းလေ . . ဆရာ။ ဘုရင်ကြီးဟင်နရီရဲ့ ဒုတိယမြောက် မိဖုရားပေါ့"

ဖြေပြီး သူတို့တစ်ဖွဲ့လုံး ပြုံးနေပါသေးသည်။ ကြည့် . . . ဆရာ့ကိုတောင် မိုလ်မထားသည့်အဖွဲ့။

တကယ့် ဒိတ်ဒိတ်ကျဲအဖွဲ့။ တခြား ဘယ်သူ့ကိုမှ မိုလ်မထား။

ဘယ်သူ့ကိုမဆို မတူသလို၊ မတန်သလို ဆက်ဆံတတ်ကြပါသည်။ ဘယ်မိန်းကလေးကိုမှလည်း စိတ်မဝင်စားတတ်ကြချေ။

အချိန်ပြည့် စာကိုသာ စိတ်ဝင်စားပြီး အားလပ်သည့်အချိန်ဆိုလျှင် ဘယ်သူ့ကို ဘယ်လို ချောက်တွန်းရမည်ကိုပဲ စဉ်းစားတတ်ကြပါသေးသည်။ လမ်းမသိလို့ကတော့ သူတို့ကို လုံးဝ သွားမမေးလိုက်နှင့်။ မေးလိုက်သည်နှင့် တစ်ဆုံး ပို့ပေးတတ်ကြပါသည်။



သူတို့အတန်းထဲတွင် သူတို့နှင့် လုံးဝအသွင်မတူသည့် ကျောင်းသားတစ်ယောက်ရှိပါသည်။ ထိုကျောင်းသားနာမည်က သစ်သောလှူ။

သစ်သောလှူသည် သူတို့ထက်လည်း အသက်ကြီးပါသည်။ အသက်က (၂၀) ကျော်ပေပြီ။ ဆင်းရဲနွမ်းပါးပြီး အတန်းထဲတွင် တစ်ယောက်တည်းသာ နေတတ်ပါသည်။ ပျော်ရွှင်ပေါ့ပါးနေသည့် သူတို့အဖွဲ့ကို သစ်သောလှူက ငေးကြည့်နေတတ်ပါသည်။

အားလပ်ချိန်တွင်လည်း သစ်သောလှူသည် Canteen သို့ သွားလေ့မရှိ။ တကုတ်ကုတ်နှင့် အခန်းထောင့်တွင်ထိုင်ပြီး စာကိုသာ ကျူးနေလေ့ရှိ၏။

ဘာစာတွေ ကျူးနေမှန်းလည်းမသိ။ သို့သော် သစ်သောလှူသည် အလွန့်အလွန် အနေအေးသော ကျောင်းသားတစ်ယောက်ပင် ဖြစ်ပါသည်။

ထိုသို့ တစ်ယောက်တည်းသာ နေတတ်သော သစ်သောလှူကို သူတို့အဖွဲ့က နာမည်တစ်မျိုး ပေးထားပါသေး၏။ နာမည်က သင်းကွဲကြီးတဲ့။

ထို့အပြင် သူတို့အဖွဲ့ကို သစ်သောလှူ အားကျစွာ ငေးကြည့်နေတတ်မှန်းကိုလည်း ပါးနပ်သူများပီပီ သူတို့ ၃ ယောက်လုံး သိလို့နေသေး၏။



www.burmeseclassic.com

www.burmeseclassic.com

အမြဲတစေလို သူငယ်ချင်းများနှင့် ပေါ့ပေါ့ပါးပါး နေတတ်သော ဒီဝသံ၊ ယနေ့ တစ်ယောက်တည်းဖြစ်နေသောကြောင့် ငေါင်တောင်တောင်နှင့်။ မင်းသူဟနှင့် အဝံတို့က အရေးကြီးကိစ္စရှိသောကြောင့် ကျောင်းပျက်ကြခြင်းဖြစ်ပါသည်။

သူကတော့ နောက်တစ်နေ့ပြန်ကူးစရာ စာအုပ်မရှိမှာ စိုးရိမ်သောကြောင့် တစ်ယောက်တည်း ကျောင်းလာတက်ခဲ့ခြင်းဖြစ်ပါသည်။ သို့သော် ကျောင်းရောက်မှ တကယ်အထီးကျန်လွန်းမှန်း သိလိုက်ရပါ၏။ သို့သော်လည်း မထူးပြီ။ သူ ကျောင်းချိန်ပြီးသည်အထိ ဆက်တက်ရန် ဆုံးဖြတ်ထားပါသေးသည်။

၃ အချိန်ရောက်တော့ သူ သိသိသာသာ အပေါ့သွားချင်လာပါသည်။ ဘယ်လိုမှ မအောင့်အည်းနိုင်။ ထို့ကြောင့် စာသင်ဆောင်ထောင့်ရှိ ယောကျ်ားလေးအိမ်သာသို့ သူတစ်ယောက်တည်း ထွက်လာခဲ့လိုက်ပါသည်။

အိမ်သာထဲတွင် ရေများ လျှံနေသည်။ သူ စီးလာသည်က All ကတ္တီပါ။ သားရေစိမ်း အောက်ခံ။ ဆီးသွားချင်ဇောနှင့် အိမ်သာထဲသို့ လှမ်းအဝင် ဟန်ချက်ပျက်ပြီး ချော်လဲတော့မည့်ဆဲဆဲ သူ့ကိုယ်ကြီး အိမ်သာ ကြမ်းပြင်ပေါ်သို့ လဲကျမသွားအောင် လူတစ်ယောက်က ထိန်းလိုက်ပါသည်။



သူ့ကိုယ်ကြီး လဲကျမသွားသော်လည်း သူ့ဖိနပ်လေးတော့ ပြတ်သွားချေပြီ။

"ကျေးဇူး . . ."

ပြောရင်း သူ့ကိုထိန်းပေးသည့် ကျောင်းသားကို ကြည့်လိုက်တော့ သင်းကွဲကြီး သစ်သောလူဖြစ်နေ၏။

"ညီလေး . . . ဘယ်လိုလုပ်မလဲ၊ မင်းရဲ့ဖိနပ်က ပြတ်သွားပြီ"

မဝံ့မရဲဖြင့် သူ့ဖိနပ်ကိုကြည့်ရင်း သစ်သောလူက ပြော၏။

"ဟုတ်တယ်နော်"

အမြဲလို ဒိတ်ဒိတ်ကျဲ နေခဲ့သည့်သူ။ အခု ဖိနပ်ပြတ်ကြီးနှင့် အတန်းထဲသို့ ပြန်ဝင်ရမည့်အဖြစ်။ အတော်ပင် ရှက်ဖို့ကောင်းပါ၏။ တကယ်လို့ ဖိနပ်ဝယ်မည့်ဆိုင်ကို သွားမည်ဆိုလျှင်လည်း ဖိနပ်ပြတ်ကြီးနှင့်.သူ ဘယ်လို စခန်းသွားရမည်နည်း။

"ဒီလိုလုပ်ပါလား။ ငါ့ညီက အစ်ကို့ဖိနပ်ကို စီးသွားချေ။ အစ်ကိုက ခြေပြောင်နဲ့ လိုက်ခဲ့မယ်။ အတန်းထဲရောက်မှ ဖိနပ်ပြန်ပေးပေါ့"

သစ်သောလူ စကားကြောင့် သူ အံ့ဩရပါသည်။ သူ့လို လူ့ခွစာကို သစ်သောလူက ကူညီပေးနေသည်တဲ့။ သူ့ကိုယ်သူပင် မယုံနိုင်။ သင်းကွဲကြီး သစ်သောလူထံတွင် ထိုသို့ ကူညီချင်သည့်စိတ် ရှိနေသည်တဲ့လား။

အတွေးနှင့်အတူ သစ်သောလူ၏ဖိနပ်ကို ကြည့်လိုက်တော့ ဂျပန်ဖိနပ်စုတ်ညစ်ညစ်။ သို့သော်လည်း ခြေပြောင်ကြီးအတိုင်း အတန်းထဲသို့ ပြန်သွားတာထက် ဂျပန်ဖိနပ်စုတ်ညစ်ညစ်ကို စီးသွားသည်က တော်ရုံ သူနိုင်ပါသည်။

"ဒါဆို အစ်ကိုကရော . . . ဘာစီးမလဲ?"

"အစ်ကိုက ခြေပြောင်အတိုင်းပဲ လိုက်ခဲ့မယ်လေ"

"မရှက်ဘူးလား?"



www.burmeseclassic.com

www.burmeseclassic.com

“ရှက်ပေမဲ့ ငါ့ညီက  အစ်ကို့ထက်ပိုပြီး အရှက်ရမှာစိုးလို့ ကူညီပေးတာပါ။ နောက်ပြီး အစ်ကို့ကို ကိုလှလို့ပဲ ခေါ်ပါ”

သူ ခေါင်းညိတ်လိုက်ပါသည်။ ထို့နောက် သစ်သောလှ၏ ဖိနပ်ကို မစီးချင်ပါဘဲနှင့် ယူစီးလိုက်ရပါသည်။

“အတန်းထဲကို ကျွန်တော် အရင်ပြန်မယ်။ ကျွန်တော် အတန်းထဲရောက်မှ ကိုလှ နောက်ကလိုက်ခဲ့နော်။ ဖိနပ်မပါတဲ့လူနဲ့ ကျွန်တော် ယှဉ်ပြီး မလျှောက်ချင်ဘူး”

အတ္တဆန်တယ်ပဲပြောပြော၊ သူဖြစ်ချင်သည့်အတိုင်း ပြောပြတော့ သစ်သောလှ ခေါင်းညိတ်၏။

“ကောင်းပြီလေ . . . ငါ့ညီ အရင်သွားပါ”

သူ သစ်သောလှရဲ့ဖိနပ်ကို စီးကာ အတန်းထဲသို့ ပြန်ခဲ့လိုက်ပါသည်။ သူ အတန်းထဲသို့ရောက်ပြီး အတန်ကြာမှ သစ်သောလှ အတန်းထဲသို့ ဖိနပ်ပြောင်ကြီးနှင့်ဝင်လာတော့ သူသစ်သောလှကို သူ့အတန်းရှိရာသို့ လှမ်းခေါ်လိုက်ပါသည်။

“ကျေးဇူးပဲ . . . ကိုလှ၊ ကူညီလက်စနဲ့ Scholl ဖိနပ်တစ်ရန်လောက် သွားဝယ်ပေးစမ်းပါ။ အဆင်ပြေမလား?”

“ပြေပါတယ် . . . ငါ့ညီ”

သူခိုင်းသည်ကို လုပ်ရသည့် သစ်သောလှမျက်နှာက မှိုရထားသည့်နှယ်၊ ပျော်ရွှင်လို့နေ၏။ သူ ပိုက်ဆံပေးလိုက်တော့ သစ်သောလှသည် သူ့ခြေတိုင်းကို မှတ်သွားပြီး သူ့အတွက် ဖိနပ်တစ်ရန် အပြေးကလေး သွားဝယ်ပေးရှာပါသည်။

သစ်သောလှ ဖိနပ်သွားဝယ်နေစဉ် သူ တွေးလိုက်မိသည်က သစ်သောလှကဲ့သို့ ခိုင်းလို့ရမည့်လူတစ်ယောက် သူ့အတွက် လိုအပ်နေသည်ပေါ့။

ဒါမှ သူခိုင်းချင်တာ ခိုင်းလို့ရနိုင်မည်လေ။ ဒါဆို သူ မင်းသူဟာတို့ အဝံတို့ ကျောင်းတက်လျှင်လည်း သစ်သောလှနှင့် အခေါ်အပြော ဖြတ်လို့မဖြစ်။



ဒါကြောင့် ဖိနပ်ဝယ်ကာ အတန်းထဲသို့ ပြန်လာသော သစ်သောလှကို သူ မိတ်ဖွဲ့လိုက်ပါသည်။

“အစ်ကို့နာမည်က သစ်သောလှနော်”

အရင်ကတည်းက သူလည်း တစ်ယောက်တည်းနေတတ်သော သစ်သောလှကို သတိထားမိ၏။

“ဟုတ်ပါတယ် . . . အစ်ကို့နာမည် သစ်သောလှပါ။ ညီလေးက ဒိဝသ်နော်”

“ဟုတ်တယ်။ လာလေ . . . ထိုင်”

သူ ခုံတန်းတစ်ဖက်သို့ တိုးပေးလိုက်ရင်း သစ်သောလှကို ထိုင်ခိုင်းလိုက်ပါသည်။

“ညီလေး ဒီနေ့ Canteen မသွားဘူးလား?’

“မသွားတော့ဘူး . . . ကိုသစ်သောလှ၊ အိမ်က မုန့်ထည့်ခဲ့တယ်လေ”

“ညီလေးသူငယ်ချင်း နှစ်ယောက်ရော?”

“သူတို့ အရေးကြီးကိစ္စရှိလို့ ကျောင်းမတက်ဖြစ်ကြဘူး”

သစ်သောလှ မေးသမျှကို သူ အဆင်ပြေသလို ပြန်ဖြေပေးနေရင်း သူ့ ပျင်းရိနေခြင်း သိသိသာသာ လျော့နည်းကုန်လေပြီ။

“ညီလေးတို့က ငယ်ငယ်ကတည်းက တွဲခဲ့ကြတာလား?”

“ဟုတ်တယ် . . . ကိုသစ်သောလှ၊ ဒါနဲ့ နေပါဦး။ ကိုသစ်သောလှ သူငယ်ချင်းထားတာလည်း မတွေ့ဖူးဘူးနော်။ ဘာလဲ? ကိုသစ်သောလှက သူငယ်ချင်း မထားတတ်ဘူးလား?”

“အစ်ကို့ကို ကိုလှလို့ပဲခေါ်ပါ”

“ဩော် . . . အင်း . . . ဟုတ်သားပဲ”

“အစ်ကိုက ချို့တဲ့တယ်လေ။ ဒီတော့ တခြားကျောင်းသားတွေလို Canteen လည်း အမြဲမထိုင်နိုင်ဘူး။ နောက် ကျူရှင်မတက်တော့ အတန်းချိန်လည်း မလွတ်ရဲဘူး။ ဒီတော့ ဘယ်သူက အစ်ကို့လို လူကို သူငယ်ချင်းလုပ်မလဲကွာ။ မဟုတ်ဘူးလား။ ဒါပေမဲ့ အစ်ကို



www.burmeseclassic.com

www.burmeseclassic.com

က ညီလေးတို့အဖွဲ့ကို အရမ်းအားကျတာကွ။ ချမ်းလည်း ချမ်းသာတယ်။ ရုပ်ရည်လည်း သန့်တယ်။ နောက်ပြီး ၃ ယောက်လုံး ထက်မြက်တယ်"

စိတ်ထားဖြူစင်မှု အရင်းခံနှင့် ရှင်းပြလိုက်သော သစ်သောလူ၏ ရှင်းပြချက်ကို နားထောင်ရင်း ဒိဝသံ ငေးငေးလေးတော့ ဖြစ်သွားရပါသည်။

သူ့အဖို့ တစ်ခါဖူးမှ သစ်သောလူအကြောင်း ထိုသို့ မစဉ်းစားဖူးပါ။ သူတို့တွေးခဲ့သည်က သင်းကွဲကြီးပေါ့။ ဒီလောက်သာ။ အခုမှ သူ့အကြောင်းနှင့်သူ လေးနက်နေရသည့် သစ်သောလူအကြောင်း ကြားမိပြီး ဒိဝသံ အံ့သြရပါသည်။

"အစ်ကို ညီ့ဆီမှာ ခွင့်တစ်ခုလောက်တောင်းချင်တယ်"

"ပြောလေ . . . ကိုလူ"

သူ သစ်သောလူခွင့်ပေးသည့်အတိုင်း ကိုလူဟူ၍ပင် ခေါ်ဝေါ်လိုက်ပါသည်။

"အစ်ကို့ကို ညီလေးတို့နဲ့ ခင်ခွင့်ပေးပါလားကွာ"

"ဘာအတွက်"

"အစ်ကိုက ညီလေးတို့ကို ခင်လို့ပါ။ ဒါပေမဲ့ အစ်ကို့မှာ ညီလေးတို့လောက် အရည်အချင်းတော့ မရှိပါဘူး"

"ကောင်းပြီလေ . . . ကိုလူ့ကို ကျွန်တော် ခင်ခွင့်ပေးမယ်။ ဒါပေမဲ့ ဟို ၂ ယောက်ကတော့ အစ်ကို့ကို ဘယ်လိုတုံ့ပြန်မလဲ မသိသေးဘူး။ အဲဒါ သူတို့ကိုမေးကြည့်မှ သိမှာ"

သူ့အတွေးနှင့်သူ လွယ်လွယ်ကူကူနှင့်ပင် သစ်သောလူကို ခင်မင်ခွင့် ပေးလိုက်ပါတော့သည်။ ခင်မင်ခွင့်ရသွားသည့် သစ်သောလူကတော့ အပျော်ကြီး ပျော်သွားရှာပါ၏။



သူ အတန်းထဲဝင်လိုက်သည်နှင့် သူ့အား ထူးဆန်းစွာကြည့်နေသည့် မင်းသူဟနှင့် အဝတို့၏အကြည့်များနှင့် ရင်ဆိုင်လိုက်ရပါသည်။

"ဘာလဲ ?"

သူ အတန်းထဲ မဝင်သေးဘဲ ခြေလှမ်းရပ်လျက် မေးလိုက်မိပါသည်။

"လာ . . . မင်း ဝင်ခဲ့။ ပြီးမှ မေးမယ်"

သူ ခေါင်းဆတ်ရင်း အတန်းထဲ ဝင်ထိုင်လိုက်ပါသည်။

"ပြော . . . ဘာလဲ ?"

"မင်း မနေ့က သင်းကွဲကြီးနဲ့ စကားတွေ ပြောနေတယ်ဆို"

ထူးဆန်းမှုအတိဖြင့် မင်းသူဟက မေးပါ၏။

"အင်းလေ . . . ဘာဖြစ်လို့လဲ ?"

"သင်းကွဲကြီးရဲ့ ညစ်စုတ်စုတ်ဖိနပ်ကိုလည်း ယူစီးတယ်ဆို"

အဝလည်း အံ့သြစွာ မေးပြန်သည်။

"ဟုတ်တယ်လေ . . . မနေ့က ငါ့ဖိနပ်ပြတ်သွားလို့ သူ့ဖိနပ်ယူစီးတာ"

"မင်းကလည်းကွာ"

မင်းသူဟ စိတ်ပျက်စွာ ရေရွတ်၏။

"သူဟ မင်း အံ့လိုကြီးမပြောနဲ့ကွ။ ငါ ခြေပြောင်ကြီးတော့ အတန်းထဲ ပြန်မလာရဲဘူး။ နောက်ပြီး မနေ့က ငါ တစ်ယောက်တည်း အဲ့ဒါကြောင့် အဲ့ဒီသင်းကွဲကြီးနဲ့ စကားပြောဖြစ်သွားတာ။ မနေ့က သူ ငါ့ကို အများကြီး ကူညီပေးခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com

သူတို့ ၃ ယောက်တိုင်ပင်နေသည်ကို မျှော်လင့်ကြီးစွာ ငေးကြည့်
နေသူကတော့ သစ်သောလှူ။ သူတို့ ၃ ယောက်အနား ဘယ်တော့များ
ခေါ်လိုက်မလဲဆိုသည့် မျှော်လင့်ချက်နှင့် ငေးကြည့်နေရှာသော သစ်သော
လှူကို သူ တစ်ချက်လှမ်းကြည့်ပြီး ပြုံးပြလိုက်မိပါသည်။

"သူက ဆင်းရဲတယ်ကွ၊ ငါ သူနဲ့ မခေါ်ချင်ဘူး"

"ဆင်းရဲတာ သူ့မိဘတွေပါကွာ။ ငါကတော့ မနေ့က သူနဲ့ ခေါ်
မယ်လို့ ပြောပြီးပြီ"

"ဒါဆို မင်းက ခေါ်ဖို့ သေချာနေပြီပေါ့ ဟုတ်လား . . . ဝသံ"

"ဟုတ်တယ်"

သူဟာနှင့် အဝံတို့က သူ့ကို တားမြစ်ချင်နေပါသည်။ သူဟာနှင့်
အဝံတို့က အဆင့်တန်းခွဲခြားတတ်သူများပင် မဟုတ်ပါလား။

"ကောင်းပြီလေ . . .။ ဒါဆိုလည်း အဲဒီ ငနဲကြီးကို ငါတို့အဖွဲ့ထဲ
ခေါ်ထည့်လိုက်မယ်။ နောက်ပြီး ငါတို့လည်း နည်းနည်းတော့ ပျော်
စရာလေးတွေ ဖန်တီးလို့ ရသွားတာပေါ့ကွာ"

အနက်အဓိပ္ပာယ်နှင့် ပြောလိုက်သော အဝံစကားကို သူ နားမလည်
ပါ။ ထိုစဉ် အဝံက သစ်သောလှူကို လက်ယပ်ပြီး လှမ်းခေါ်လိုက်ပါ
သည်။ ထို့ကြောင့် သစ်သောလှူတစ်ယောက် သိသိသာသာ ပျော်ရွှင်
သွားသည့် မျက်နှာလေးနှင့် သူတို့အနားသို့ အပြေးကလေး ရောက်ရှိ
လာပါတော့၏။

"မင်းက ငါတို့အဖွဲ့ဝင် ဖြစ်ချင်တယ်ပေါ့ . . . ဟုတ်လား"

အဝံက သစ်သောလှူကို အသက်အရွယ် သတိမထားဘဲ မင်းနဲ့ငါ
နာမ်စားကို သုံးလိုက်ပါသည်။

"ဖြစ်ချင်ပါတယ်"

"ဒါဆို ငါတို့ဘယ်သွားသွား မင်းလိုက်ရဲရမယ်နော်"

"လိုက်ရဲပါတယ်"

"အဝံ . . . ငါက သူ့ကို ကိုလှူလို့ခေါ်တာ"

"မင်းခေါ်လေ။ ငါ မခေါ်နိုင်ဘူး။ ငါကတော့ မင်းနဲ့ငါ နာမ်စား
ပဲ သုံးမယ်။ အဲ့ဒါ ပေါ့ပါးတယ်။ ဖြစ်ရဲ့လား?"



အဝံက ပြန်ဖြေရင်း သစ်သောလှူကိုပါ မေးလိုက်တော့ သစ်သော
လှူက ပေါ့ပေါ့ပါးပါး ခေါင်းကိုတဆတ်ဆတ်ညိတ်ရင်း ပြန်ဖြေရှာ၏။

"အားလုံး တန်းတူဖြစ်သွားအောင် မင်းလည်း သူ့ကို မင်းနဲ့ငါ
နာမ်စားပဲသုံးပေါ့ . . . ဝသံရာ။ ကြိုးမရှုပ်စမ်းနဲ့"

မင်းသူဟာကပါ သူ့ကိုပြောတော့ သူ အားနာသလို သစ်သောလှူ
ကို ကြည့်လိုက်မိပါသည်။

"ဟုတ်ပါတယ်။ သူပြောတာ ပိုပြီး အဆင်ပြေနိုင်ပါတယ် ဝသံ"

သစ်သောလှူကလည်း သူ့နာမည်ကို မဝံ့မရဲလေးခေါ်ပြီး ခွင့်ပေး
၏။

"ကောင်းပြီလေ . . . ဒါဆို အဲ့လိုပဲ ခေါ်ကြတာပေါ့။ ပိုပြီး ပွင့်
လင်းတာပေါ့"

"ဒါပဲပေါ့"

သူ့စကားကို မင်းသူဟာက ကျေနပ်စွာ ထောက်ခံလိုက်ပါသည်။

"ဒီနေ့နေ့လယ် ငါတို့ လှေသွားစီးဖို့ အစီအစဉ်ရှိတယ်။ အဲဒါ
မင်းလိုက်ခဲ့ရမယ် သစ်သောလှူ"

မင်းသူဟာက အကြံနှင့် သစ်သောလှူကို မေးတော့ သစ်သောလှူ
ခေါင်းညိတ်ရှာပါသည်။

"ဟုတ်ကဲ့ . . . လိုက်ခဲ့ပါ့မယ်"

"ဒါနဲ့ မင်း ရေကူးတတ်လား?"

"ကူး . . . ကူးတတ်ပါတယ်'

"ကောင်းတယ် . . . ဒါဆို မင်းလိုက်ခဲ့ဖို့ ပိုပြီး သင့်တော်သွားပြီ"

မင်းသူဟာနှင့်အဝံ အဓိပ္ပာယ်ပါပါ တစ်ယောက်နှင့်တစ်ယောက်
ကြည့်ကာ ပြုံး၏။ သူတို့ တစ်ခုခု ကြံစည်နေမှန်းကို သူ ရိပ်မိလိုက်ပါ
သည်။

ဘာကိုမှ မရိပ်မိသူက သစ်သောလှူ။



www.burmeseclassic.com

www.burmeseclassic.com

ရေကန်ထဲတွင် ကြာပန်းများရှိနေ၏။ ရေကနက်သောကြောင့် အရောင်မှာ အနက်ရောင်။ အေးစိမ့်နေသေးသည်။ ထိုရေကန်ပေါ်တွင် လှေလေးတစ်စီး ရွေ့လျားနေပါသည်။ လှေပေါ်တွင် ဒီဝသံ၊ သစ်သောလှူ၊ မင်းသူဟနှင့် အဝံဆိုသော ကျောင်းသားလေး ၄ ယောက်ရှိနေ၏။

သို့သော် တစ်ယောက်တည်းသာလျှင် လှေကို လှော်နေ၏။ လှေလှော်နေသူက သစ်သောလှူ။

"ငါ့ဖိနပ်က ငါ့ဦးလေး ပြင်သစ်က ပို့လိုက်တာလေ မင်းသူဟ"

အဝံက အမိပ္ပာယ်ပါပါကြည့်ရင်း မင်းသူဟကို ပြောလိုက်ပါသည်။

"ပြင်သစ်က ဖိနပ်လည်း ဖိနပ်ပါပဲကွာ"

"ဒါပေမဲ့ ငါ့ဖိနပ်ရဲ့ Heel တွေက စတီးအစစ်နဲ့ လုပ်ထားတာကွ။ အရမ်းအကြမ်းခံတယ်"

အဝံပြောလိုက်ရင်း ဖိနပ်ကို ချွတ်လိုက်ပါသည်။

"ပြစမ်း . . . ကြည့်ရအောင်"

မင်းသူဟက အဝံ့ဖိနပ်ကို ယူကြည့်လိုက်ပါသည်။ သူကတော့ လှေဦးတွင် အေးအေးလူလူထိုင်ပြီး အဝံနှင့် မင်းသူဟတို့ လုပ်ရပ်များကို ငေးကြည့်မိနေပါသည်။ သစ်သောလှူကတော့ လှေကို အားကုန်စိုက်ပြီး လှော်ခတ်နေ၏။



"အင်း . . . တယ်ဟုတ်ပါလား။ Heel လေးက ပြောင်လက်နေတာပဲ"

"စီးရင် အရမ်း Smart ကျတာကွ"

အဝံက ကြွားသလိုလိုလေး ပြောတော့ လှေထဲရှိ တခြားလူ ၃ ယောက်လုံး ပြုံးလိုက်မိပါသည်။

"မင်းရဲ့ Smart ကျတဲ့ ဖိနပ်ကို ငါ ရေထဲ လွှင့်ပစ်လိုက်မယ်ဆိုရင်ရော မင်း ဘာဆက်လုပ်မလဲ?"

"ဘာမှဆက်မလုပ်ခင် ငါ့အဖေ ငါ့ကို သတ်လိုက်လိမ့်မယ် . . . သူဟ။ မလုပ်နဲ့ကွာ၊ ပြန်ပေး"

"ဖိနပ်တစ်ရန်ကြောင့် မင်းအဖေ မင်းကို မသတ်နိုင်ပါဘူး . . . အဝံရာ၊ မပိုစမ်းနဲ့"

"မပိုဘူး သူဟ။ ငါက အသည်းအသန်ကြီး မှာထားတာကွ။ မှာတုန်းကမှာပြီး စည်းမရှိ၊ ကမ်းမရှိ ငါဖျောက်လိုက်ရင် ငါ့ကိုသတ်မှာပေါ့ကွာ။ ပေးပါကွာ။ ငါ့ဖိနပ်ကို ပြန်ပြီး . . ."

အဝံစိတ်ပျက်စွာ မင်းသူဟ ထံမှ ဖိနပ်ကို ပြန်တောင်းပါသည်။ မင်းသူဟက သဘောကျသလို ရယ်ရင်းနှင့် ရေပေါ်သို့ ဖိနပ်ကိုင်ထားသည့်လက်ကို ဆန့်ထုတ်ထားပါသည်။

"မင်းလုရင် ငါ လွှတ်လိုက်မှာနော် . . . အဝံ။ ဟား . . . ဟား ဟား . . ."

မင်းသူဟ လုပ်ရပ်ကို မင်းသူဟသာ ရယ်နေသော်လည်း အဝံက သူ့ဖိနပ်လေး ရေထဲကျသွားမှာ စိုးရိမ်နေ၏။ သူနှင့် သစ်သောလှူလည်း ဆက်ဖြစ်မည့်ပြဿနာကို ရင်မောစွာ ငေးကြည့်နေမိပါသည်။

"ပြန်ပေးကွာ"

"ဟား . . . ဟား . . . ဟား . . . "

"ဗွမ်း . . . "



www.burmeseclassic.com

www.burmeseclassic.com

မင်းသူဟာ ရယ်နေရင်းဖြင့် အဝံ့ဖိနပ်ကို ရေထဲပစ်ချလိုက်ပါသည်။ ဖိနပ်က ရေထဲရောက်သည်နှင့် တစ်ခါတည်း နစ်မြုပ်သွားပါတော့သည်။

"ဟာ . . . မင်းတကယ် ရေထဲချလိုက်တယ်"

"အေးလေ . . . မင်းအမြင်ပဲ"

အဝံက အံ့အားသင့်စွာ မေး၏။ မင်းသူဟာက ပေါ့ပေါ့ပင် ပြန်ဖြေလိုက်ပါသည်။

"အဲ့ဒါ ငါ့ဖိနပ် မဟုတ်ဘူးကွ။ ငါ့အဖေဖိနပ်။ သူ့ညီက မွေးနေ့လက်ဆောင်အဖြစ် ပြင်သစ်က ပို့လိုက်တာကွ။ ငါတော့ သေပြီ"

စိုးရိမ်စွာ ဝန်ခံလိုက်သော အဝံစကားကြောင့် မင်းသူဟာလည်း အရယ်ရပ်သွားပေပြီ။ လှေထဲရှိလူများအားလုံး ထိတ်လန့်ကုန်ပေပြီ။ အဖေဖိနပ်ကို လှေစီးပြီး တကူးတကန့် ဖျောက်ပစ်လိုက်ကြမိပြီ။

"လုပ်ပါဦးကွာ . . . ငါ အဖြစ်မှန်မသိလို့ လုပ်လိုက်မိတာပါ။ အခု လုပ်ပါဦး"

မင်းသူဟာကိုယ်တိုင် ကြောက်လန့်တကြားနှင့် အကူအညီတောင်းနေလေပြီ။ သူကတော့ ဘယ်လိုမှ မကူညီနိုင်။ သူ ရေမကူးတတ်ဘူးလေ။

"လုပ်ပါဦး . . .။ အဝံအဖေရဲ့ ဒေါသကို ငါ ကောင်းကောင်းသိတယ်။ ငါ့ကို ကူညီကြပါဦးကွာ"

မင်းသူဟာက သစ်သောလူထံသို့ ကြည့်ပြီး အကူအညီတောင်းလိုက်ပါသည်။

"သစ်သောလူ . . . မင်း ရေကူးတတ်တယ်မို့လား? ငါ့ကို ကူညီစမ်းပါကွာ . . . နော်"

အကူအညီတောင်းနေသော မင်းသူဟာကို သစ်သောလူ ကြောင်အမ်းပြီး ငေးကြည့်နေ၏။

"ကူညီပါကွာ၊ မင်းကျေးဇူးကို ငါ မမေ့ပါဘူး"



တောင်းပန်ခယရင်း တောင်းလိုက်သော အကူအညီကို သစ်သောလူ မျက်ကွယ်မပြုနိုင်။ ထို့ကြောင့် လှေတက်ကို သူ့လက်ထဲသို့ ထည့်ပေးရင်း လှေပေါ်တွင် မတ်တတ်ရပ်လိုက်ပါသည်။ ထို့နောက် အပေါ်ထပ်အင်္ကျီကို ချွတ်ပြီး လှေပေါ်တင်ကာ ရေထဲသို့ ခုန်ဆင်းသွားပါတော့သည်။

"ဟား . . . ဟား . . . ဟား . . ."

သစ်သောလူ ရေထဲသို့ ခုန်ဆင်းကာ ဖိနပ်ကောက်ရန် ရေငုပ်သွားသည်နှင့် တစ်ပြိုင်နက် မင်းသူဟာနှင့် အဝံတို့၏ ဟားတိုက်ရယ်သံကြီး ထွက်ပေါ်လာပါတော့သည်။ ထို့အပြင် မင်းသူဟာနှင့် အဝံလက်ဖဝါးချင်းလည်း ရိုက်လိုက်ပါသေးသည်။

"တကယ်ကွာ . . . တကယ့်ငတုံး"

သူ နားမလည်စွာ မင်းသူဟာနှင့် အဝံ့ကို ငေးကြည့်မိနေပါတော့သည်။

"မင်းတို့ လုပ်ကြံလိုက်တာလား?"

"ဟုတ်တယ် . . . သူ့အိုင်ကျူ ဘယ်လောက်ရှိလဲ လက်တွေ့စမ်းသပ်လိုက်တာ"

"ဒါဆို ဖိနပ်ကိစ္စက မင်းတို့ လုပ်ကြံနေတာပေါ့"

"ဒါပေါ့။ ဘာလဲ မင်းက တကယ်ထင်နေတာလား?"

"မထင်တော့ မထင်ပါဘူး။ တစ်ခုခုတော့ တွေးနေမိပေမဲ့ မင်းတို့က သရုပ်ဆောင်တာ ပီပြင်လွန်းနေတော့ . . ."

သူ တကယ် အံ့သြနေရပါသည်။ ထိုစဉ် သစ်သောလူ ဘွားခနဲ ပြန်ထွက်လာလေသည်။

"တွေ့လား . . . သစ်သောလူ။ မင်းမတွေ့ရင်တော့ ငါ သေမှာ"

စိုးရိမ်တကြီး အဝံက ပြောလိုက်ပြန်သည်။

"တွေ့မှာပါ . . . အဝံ။ ငါ တွေ့အောင် ရှာပေးမှာပါ။ ခဏပဲ စောင့်"



www.burmeseclassic.com

www.burmeseclassic.com

ပြောပြီး လေငံကာ သစ်သောလှူ ရေထဲပြန်ငုပ်သွားပြန်သည်။ အဝံ့သရုပ်ဆောင်မှုကို သူ တကယ် အံ့ဩမင်သက်နေမိပါတော့သည်။

"လွယ်လွယ်ကူကူ ငါတို့နဲ့ တွဲခွင့်ပေးလိုက်ရင် အရမ်းဈေးပေါသွားမှာပေါ့ . . . ဝသံရာ"

ကန်ရေပြင်ကို ကြည့်ကာ ပိုင်နိုင်စွာ ပြောလိုက်သည့် အဝံ။

"မင်းတို့လုပ်ဇာတ်ကို တကယ်ထင်ပြီး သူ ဖိနပ်ရှာရင်း သေသွားရင်ရော ?"

"သေပေ့စေပေါ့။ သူတုံးလို့ သူခံတာ"

သူတစ်ပါးအသက်အတွက် ပြောလိုက်သည့် အဝံ့စကားက ပေါ့ပေါ့လေး။ သူ စိတ်ပျက်စွာ သက်ပြင်းချလိုက်မိပါသည်။

"နောက်ပြီး Second Plan ရှိသေးတယ်"

အဝံက သူ့ကို စေ့စေ့ကြည့်ရင်း ပြောပြန်သည်။

"ဘာအစီအစဉ်လဲ?"

"ရေစိုနေတဲ့ သူ့ကို ဒီအတိုင်း ပြန်ခြံထဲမှာ ထားခဲ့မဲ့ Plan"

"မကောင်းဘူးထင်တယ်"

"ကောင်းတယ် . . . ဝသံ၊ လုပ်ပေ့စေ"

မင်းသူဟက အဝံကို မြှောက်ထိုးပင့်ကော် လုပ်နေ၏။

"သူက တကယ်ထင်ပြီး ကူညီနေတာနော်။ စဉ်းစားဦး"

"သူတုံးလို့ သူခံတာပါလို့ ပြောပြီးပြီလေ . . . ဝသံရာ။ မင်းကလည်း"

ထိုစဉ် သစ်သောလှူ ရေထဲမှ ဘွားခနဲ ပြန်ပေါ်လာပါ၏။ လက်ထဲတွင်လည်း အဝံ့ဖိနပ်ကို ကိုင်ထားပါသေးသည်။ အဝံက လှူကို မဆီးကြို။ ဖိနပ်ကို ဝမ်းသာအားရနှင့် လှမ်းယူလိုက်ပါသည်။

"တော်ပါသေးရဲ့၊ ပြန်ရလို့"

သစ်သောလှူကို လှေပေါ်သို့ တက်နိုင်ရန် သူနှင့် မင်းသူဟက ဆွဲတင်ပေးလိုက်ပါသည်။ လှေပေါ်သို့ သစ်သောလှူ ပြန်ရောက်သည်နှင့် တမ်းဖက်သို့ လှေကို ဆက်၍ လှော်ရပြန်သည်။

ထို့နောက် ၄ ယောက်လုံး ကမ်းပေါ်သို့ ပြန်တက်လိုက်ကြသည်။

"သစ်သောလှူ ချမ်းနေပြီဆိုတော့ ငါတို့ ပြန်သင့်ပြီ"

မင်းသူဟက အမိပ္ပာယ်ပါပါပြောပြီး ပြုံး၏။

"အေး . . . ဟုတ်တယ်။ ငါတို့ ပြန်ကြစို့။ ဒါဆို သစ်သောလှူကို ဘယ်သူ့ကားနဲ့ တင်ခေါ်မှာလဲ? ငါ့ကားနဲ့တော့ မရဘူးနော်။ ကူရှင်တွေ ရေစိုလာရင် ငါ့မားသားကြီး ပြဿနာရှာလိမ့်မယ်"

အဝံက မင်းသူဟစကားကို ထောက်သလိုလိုနှင့် ခေါင်းရှောင်လိုက်ပါသည်။

"မင်းပဲလားကွ။ ငါ့ကူရှင်တွေကလည်း ကတ္တီပါတွေချည်းပဲ။ သူ့ကို ဘယ်လိုလုပ် တင်လို့ရမှာလဲ?"

မင်းသူဟလည်း ခေါင်းရှောင်လိုက်ပါသည်။ သစ်သောလှူကတော့ စကားပြောသူ၏မျက်နှာကို မျက်စိသူငယ်နားသူငယ်နှင့် ငေးကာ ကြည့်နေပြီး ချမ်းလို့ တုန်နေရှာပါသည်။

"နောက်ပြီး မင်းမားသားကြီးက အရမ်းစိတာ။ မင်းကားရေစိုရင်လည်း မင်းကိုသတ်မှာနော် . . . ဝသံ"

အဝံက သူ့ကိုပါ မဲဆွယ်လိုက်ပါသည်။ သူ သစ်သောလှူအတွက် စိတ်မကောင်းသော်လည်း သူငယ်ချင်းခင်းပေးလိုက်သည့် လမ်းအတိုင်း နင်းလိုက်ရပေတော့မည်။ သူငယ်ချင်းများနှင့် နောက်ကျန်ခဲ့လို့မဖြစ်။

"ဟုတ်တယ် . . . ငါ့မားသားကြီးက အရမ်းပွမ်တာ"

ရေစီးကြောင်းအတိုင်း လိုက်လိုက်သော သူ့ကို သစ်သောလှူ ငေးကြည့်ရင်း သက်ပြင်းမောတစ်ခု ချလိုက်ပါသည်။

"ရပါတယ် . . . ဒါဆို မင်းတို့ဘာသာ ပြန်ကြပါ။ ငါ့ဘာသာ လိုင်းကားပဲစီးပြီး ပြန်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်ပါ့မလား . . . သစ်သောလူ၊ Taxi ဖြစ်ဖြစ် ငှားသွားလိုက်ပါလား"

"ငါ့မှာ လိုင်းကားဖိုးပဲပါတယ် . . . မင်းသူဟ"

သစ်သောလူ မျက်နှာငယ်နှင့်ပြောတော့ မင်းသူဟ ဟန်ပါပါ ပခုံးတွန့်ပြီး သူ့ကားဆီသို့ သွားကာ ကားမောင်းထွက်သွားလေသည်။

သူလည်း မျက်နှာပူပူနှင့် ကားပေါ်သို့တက်ကာ ကားမောင်းထွက်ခဲ့လိုက်ပါသည်။ အဝံလည်း ထိုသို့ပင်။

သစ်သောလူတစ်ယောက်တည်း ဘောင်းဘီရေစိုကြီးနှင့် ပန်းခြံထဲမှ တရွေ့ရွေ့ထွက်ခွာရင်း လိုင်းကားမှတ်တိုင်သို့ ထွက်ခဲ့လိုက်ပါတော့သည်။

ညနေ ရုံးဆင်းချိန်ဖြစ်နေသောကြောင့် လိုင်းကားများ သိသိသာသာ ကျပ်တည်းနေပါတော့သည်။



မိန်းကလေးများကို စိတ်မဝင်စားသော်လည်း သူ နှုတ်တော့ဆော့တတ်ပါသည်။ အတန်းရှေ့မှ ဖြတ်သွားဖြတ်လာ မိန်းကလေးများကို စနောက်ခြင်းခြင်းတော့ လုပ်တတ်ပါသည်။

ထို့အပြင် ကျောင်းထဲသို့ ကားမောင်းဝင်လာရင်းနှင့် ဆေးဘီဝဲယာမှ မိန်းကလေးများကိုလည်း သူ အလျှင်းသင့်သလို စနောက်လေ့ရှိပါသည်။ ယနေ့လည်း သူ ကားလေးကို ပုံမှန်မောင်းလာရင်း လမ်းဘေးဝလက်ဖောင်းပေါ်တွင် စာအုပ်တစ်အုပ်ကို သေချာစိတ်ဝင်စားစွာ ဖတ်ရင်း လမ်းလျှောက်နေသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရပါသည်။

သူမပုံက ပတ်ဝန်းကျင်ကို မေ့နေသည့်ပုံ။ စိတ်ပါဝင်စားစွာ စာဖတ်နေသော်လည်း လမ်းလျှောက်လည်း မပျက်။ သူမကို ငေးကြည့်ရင်း သူ့ခြေထောက်က ဘရိတ်အလိုလို နင်းမိသွားသောကြောင့် ကားလေးသူမ ဘေးမနီးမဝေးတွင် ရပ်တန့်သွားရပါသည်။

သူမကို သူ စိတ်လွတ်ကိုယ်လွတ် ငေးကြည့်မိနေပါသည်။ သူ တစ်ခါဖူးမှ ထိုသို့ မိန်းကလေးတစ်ယောက်ကို မငေးကြည့်ဖူး။

သူမကို ငေးကြည့်နေရင်း သူ စနောက်ချင်စိတ်များ ဖြစ်ပေါ်လာရပါသည်။ ထို့ကြောင့် သူမအနီးသို့ ကားလေးကို မောင်းသွားမိပါသည်။

"ချာတိတ် . . ."



www.burmeseclassic.com

www.burmeseclassic.com

သူမကို သူ လှမ်းခေါ်လိုက်သော်လည်း သူမ လှည့်မကြည့်။ စာကို သာ သဲကြီးမဲကြီး ဖတ်နေသေးသည်။

"ဟိတ် . . . စာကြောင် . . ."

သူ အသံမြှင့်ပြီးခေါ်လိုက်တော့မှ သူမ သူ့ကို လှည့်ကြည့်ပါသည်။ ဘာလဲဆိုသည့်အကြည့်။

"ကားကြုံစီးမလား? Chemistry အဆောင်အထိတော့ ရောက်မယ်"

သူ တွေ့သည့်လူတိုင်းကို ထိုသို့ ကားကြုံခေါ်နေကျ။ လိုက်စီးမည်ပြောလျှင် ကားမောင်းထွက်သွားတတ်ပြီး မစီးဘူး၊ ဘာညာဆိုပြီး ပြန်ပြောလျှင်လည်း တစ်ဖက်သား အောင့်သက်သက်ဖြစ်စေမည့် စကားလုံးကို ရွေးပြောကာ သူ ကားမောင်းထွက်ခဲ့တတ်ပါသည်။ အခုတော့ သူမက သူ့ကို ဘာမှပြန်မပြောဘဲ ခြေအစုံကိုရပ်ပြီး ကြည့်နေ၏။

"မင်း နားကန်းနေလား?"

ဘာမှမပြောဘဲ ရပ်ကြည့်နေသော သူမ လုပ်ရပ်ကြောင့် သူ အောင့်သီးအောင့်သက်ဖြစ်သွားရပြီး ဆောင့်အောင့်ကာ မေးလိုက်မိပါတော့သည်။

"ကျွန်မ နားမကန်းပါဘူး။ ရှင် ကားကြုံခေါ်တာ လိုက်သင့်၊ မလိုက်သင့် စဉ်းစားနေတာပါ"

တစ်ဖက်လူက စနောက်သည့်စကားကို သူမက အလေးအနက်ထား စဉ်းစားနေသည်တဲ့။ ထိုစကားကြောင့် သူ ကြောင်အမ်းအမ်းတော့ ဖြစ်ရပါ၏။ ထို့ကြောင့် သူ့အတွက် သူမက တစ်မူထူးခြားသည့် မိန်းကလေး ဖြစ်လို့သွားရ၏။

"ကျေးဇူးတင်ပါတယ်ရှင်။ ကျွန်မ ကားကြုံ လိုက်မစီးတော့ပါဘူး။ နောက်တစ်ခါကြုံရင်တော့ စီးဖြစ်လိမ့်မယ်ထင်တယ်။ ဒါလည်း မသေချာပါဘူး။ ကျွန်မကို ခွင့်ပြုပါဦးနော်"



ရှိသေအေးချမ်းစွာ နှုတ်ဆက်သွားသော ထိုမိန်းကလေးလုပ်ရပ်ကဘာမှ မထူးခြားသော်လည်း သူ့အတွက် ထူးဆန်းလွန်းမက ထူးဆန်းသွားရပါ၏။ ထို့အပြင် ထိုမိန်းကလေးကို သူ တကယ်ထူးဆန်းစွာ မှတ်မိသွားပြီပင်။ တစ်ခါမှ မိန်းကလေးတစ်ယောက်ကို ငေးမကြည့်ဖူးသောဒီဝသံ။ ထိုမိန်းကလေးကိုတော့ လမ်းချိုးထဲ ကွေ့ဝင်သွားသည့်တိုင် ဆက်၍ ငေးကြည့်ရင်း မိန်းမောသွားမိပါသည်။

"မယ်ထူးဆန်းလေးက အေးချမ်းလိုက်တာ"

သတိလက်လွတ် စိတ်ကြိုက်ငေးကြည့်ပြီးကာမှ သတိပြန်ဝင်သွားပြီး သူ ကောက်ချက်ချကာ ကျောင်းခန်းရှိရာသို့ ကားလေးကို ဆက်မောင်းလာခဲ့လိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ငိုင်လှချည်လား . . . ဒီဝသ်"

အဝှံ့အသံကြောင့် သူ သတိဝင်သွားရပါသည်။

"မင်းကိုကြည့်ရတာ စာထဲစိတ်ပါပုံလည်း မပေါ်ဘူး။ ဘာဖြစ်နေတာလဲ?"

သူ မနက်ကျောင်းလာတုန်းက ဘယ်လိုမိန်းကလေးနဲ့ ဆုံခဲ့မှန်း အဝံမှ မသိဘဲ။ ထိုသို့ မေးသည်မှာ မဆန်းပါ။

"မနက်တုန်းက ကျောင်းထဲမှာ မယ်ထူးဆန်းလေးတစ်ယောက်နဲ့ ငါ ဆုံခဲ့ရတယ် . . . အဝံ"

သူ တွေးတွေးဆဆနှင့် ပြောလိုက်တော့ အဝံရော၊ မင်းသူဟ၏အကြည့်ပါ သူ့ထံသို့ ရောက်ရှိလာပါသည်။

"မယ်ထူးဆန်း"

"အင်း . . . ဟုတ်တယ်"

"ဘာများ ထူးဆန်းလို့လဲ?"

"စ,နောက်မှန်း သိသိရက်နဲ့ လေးလေးနက်နက် ပြန်ပြီးဆက်ဆံတာ မထူးဆန်းဘူးလား?"

သူ တွေးတွေးဆဆနှင့် မေးလိုက်တော့ အဝံရော၊ မင်းသူဟပါ ခေါင်းညိတ်လိုက်ကြပါသည်။

"ဟုတ်တယ် . . . ထူးဆန်းတယ်"

"အင်းလေ . . . ထူးဆန်းလို့ မယ်ထူးဆန်းလို့ ခေါ်တာပေါ့"



"ဒါဆို မယ်ထူးဆန်းက ဘယ်မေဂျာကလဲ?"

"မသိဘူး"

"မင်းကလည်း မေးလိုက်တာ မဟုတ်ဘူး"

"မမေးခင် သူက ထွက်သွားတာလေ"

သူ ငေးငေးလေးပြောလိုက်တော့ အဝံက သူ့ကို အလန့်တကြား လှမ်းကြည့်၏။ သူ့ရောဂါ ပေါ့ပေါ့မဟုတ်မှန်း အဝံရိပ်မိလိုက်ပါသည်။

"နောက်နေ့ ငါတို့ ဝိုင်းစုံစမ်းမယ်"

"မစုံစမ်းနဲ့ . . . အဝံ။ တကယ်လို့ ငါ သူ့ကို စိတ်ဝင်စားတာ သေချာရင် သူ ငါ့ဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလိမ့်မယ်"

သူ့စကားကြောင့် မင်းသူဟ မျက်ခုံးများ မြင့်တက်ကုန်၏။

"ပြေးလှချည်လားကွာ။ မင်းအတွေးက"

"မာမှ ဆက်လှမ်းမယ်ကွာ။ စနောက်တာကိုတောင် အလေးအနက် ပြန်ဖြေပေးတဲ့သူ့ကို ငါ ပေါ့ပေါ့တော့ မလုပ်ချင်ဘူး"

သူအတည်ပင် ပြောလိုက်တော့ အဝံက ထောက်ခံသလိုလို ခေါင်းညိတ်၏။

"ကောင်းပါတယ်"

သူလည်း ဆုံးဖြတ်ချက်ချသလိုလေး ခေါင်းညိတ်လိုက်မိပါသည်။

"ဒါနဲ့ သင်းကွဲကြီးကို မတွေ့ပါလား . . . အဝံ"

မင်းသူဟက အတန်းနောက်ဖက်သို့ လှမ်းကြည့်ရင်း အဝံ့ကို မေးလိုက်တော့မှ သူလည်း အတန်းနောက် သစ်သောလှုထိုင်နေကျ အတန်းရှိရာသို့ လှည့်ကြည့်လိုက်မိပါသည်။ ဟုတ်ပါ၏။ သစ်သောလှုနေရာလေး ကွက်လပ်ဖြစ်နေ၏။

"ကျောင်းမတက်ဘူးလား မသိဘူးကွာ၊ မနက်ကတည်းက မတွေ့ဘူး"

အဝံက စိတ်ပျက်သလိုလို ဖြေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"မနေ့က ငါတို့ ပညာပေးလိုက်တာ စိတ်နာပြီး ကျောင်းတက်ချင်စိတ်ပါ ပျောက်သွားလားမှမသိတာ။ မင်းတို့က အရမ်း သမလိုက်ကြတာကိုး"

သူ စိတ်ပျက်ပျက်နှင့်ပြောတော့ အဝံနှင့် မင်းသူဟတို့ နှစ်ယောက်လုံး ပြုံးလိုက်ကြပါသည်။ အောင်နိုင်သူတို့ အပြုံးမျိုး။

"လုပ်ပေးမှကွ . . . မှတ်ထား။ ဘယ်သူမဆို လွယ်ကူရင် တန်ဖိုးမထားတတ်ဘူး"

အဝံက ဆရာကြီးအိုက်တင်နှင့်ပြောသော် သူ စိတ်ပျက်ပျက်နှင့် အဝံ့လက်မောင်းကို ထိုးလိုက်မိပါတော့သည်။

ᴥ ᴥ ᴥ



သူ ဒီနေ့ ကျောင်းထဲသို့ ဝင်လာကတည်းက ကားကို အရှိန်မှန်မှန်နှင့် မောင်းရင်း မယ်ထူးဆန်းလေးကို ကျီးကန်းတောင်းမှောက်ရှာသလို လိုက်ရှာနေသော်လည်း မတွေ့ချေ။

စိတ်ပျက်စွာ သူ သက်ပြင်းချမိပါသေးသည်။ သူ မိန်းကလေးတစ်ယောက်ကို ယနေ့ ပထမဦးဆုံးစ၍ ရှာဖွေခြင်းပင်ဖြစ်ပါသည်။

မတွေ့သည့်နောက်ဆုံး စိတ်ပျက်ပျက်နှင့် သူ ကျောင်းဆောင်ရှိရာသို့ မောင်းနဲ့လိုက်ပါတော့သည်။ ကားပါကင်ထိုးတော့ မင်းသူဟနှင့် အဝံ့ကားများကို သူ တွေ့လိုက်ရပါသည်။ သူတို့ ရောက်နှင့်နေပြီပင်။ ကားကို လော့ခ်ချပြီး စာသင်ဆောင်ထဲသို့ဝင်သော် အဆောင်ဝတွင် သစ်သောလှုနှင့် သူ ထိပ်တိုက်တွေ့လိုက်ရပါသည်။

"မနေ့က ဘာဖြစ်လို့ ကျောင်းမတက်တာလဲ . . . သစ်သောလှု"

သူ နှုတ်မရဲသော်လည်း သစ်သောလှုဟူ၍ပင် ခေါ်လိုက်ပါသည်။

"မနေ့က နေမကောင်းဖြစ်သွားလို့ပါ"

"ဘယ်လိုဖြစ်တာလဲ ? ချက်ချင်းကြီး"

"အင်း . . . ဟို့နေ့က ဖိနပ်ကောက်ပေးပြီးပြန်တော့ လိုင်းကားတွေက ကျပ်တဲ့အချိန်လေ။ နောက်ပြီး ငါ့ကိုယ်မှာ ရေတွေစိုနေတော့ ဘယ်လိုင်းကားမှ ငါ့ကို မခေါ်ဘူးကွ။ အဲ့ဒါကြောင့် ငါလည်း လိုင်းကားချောင်တဲ့အချိန်ထိ ကားမှတ်တိုင်မှာ စောင့်ရင်း



www.burmeseclassic.com

www.burmeseclassic.com

နဲ့ မိုးချုပ်သွားတယ်လေ။ အိမ်ရောက်တော့ အဖျားတက်တော့တာပဲ။ ငါ့မှာ ငှက်ဖျားရှိတယ် . . . ဝသံရဲ့"

အရိုးခံနှင့် ရှင်းပြလိုက်သော သစ်သောလှ၏စကားကြောင့် သူ စိတ်မကောင်းတော့ ဖြစ်သွားရပါသည်။ မင်းသူဟတို့လက်ချက်ကြောင့် သူ တစ်ပါး နေမကောင်းဖြစ်သွားခဲ့ရပါသည်။ သို့သော်လည်း နံ့သောကြောင့် ခံဟူ၍လည်း ပြန်တွေးလိုက်မိပြန်၏။

"အခုရော . . . အဖျားက ဘယ်လိုလဲ?"

"သက်သာသွားပါပြီ"

"ဪ . . ."

သူ ပေါ့ပေါ့ပင်ပြောပြီး စာသင်ဆောင်ထဲ ဝင်ခဲ့လိုက်ပါသည်။ ထို့နောက် သူ စာသင်ခန်းထဲ ဝင်ခဲ့လိုက်ပါသည်။ အတန်းထဲတွင် မင်းသူဟနှင့် အဝံတို့ ရှိနေ၏။ သစ်သောလှက အတန်းအနောက်ဖက်တွင်ထိုင်သောကြောင့် အခန်းထဲသို့ နောက်ပေါက်မှ ဝင်လိုက်ပါသည်။ သူကတော့ ဝင်နေကျအတိုင်း အရှေ့ပေါက်မှ ဝင်ခဲ့လိုက်ပါသည်။

"ဝသံ . . . မင့်မေထူးဆန်းကို တွေ့သေးလား?"

အဝံ့အမေးကို သူ မျက်နှာမဲ့ရင်း ပခုံးတွန့်ပြလိုက်မိပါသည်။

"ကံပါရင် ပြန်ဆုံမှာပါကွာ။ မပူပါနဲ့"

မင်းသူဟက သူ့ကို အားပေး၏။

"ငါလည်း အဲလိုပဲ ဖြစ်ပါစေလို့ ဆုတောင်းတယ်"

သူ စိတ်ပျက်ပျက်နှင့် ထိုင်ခုံတွင် ဝင်ထိုင်လိုက်ပါသည်။

"မင်းက သင်းကွဲကြီးနဲ့အတူ လာတာလား?"

"အဆောင်ရှေ့မှာ တွေ့တာပါကွာ။ သူနဲ့အတူ လာစရာလား?"

"ဪ . . ."

"မနေ့က ငါတို့လက်ချက်ကြောင့် သူဖျားသွားတယ် သိလား? အဲဒါကြောင့် ကျောင်းပျက်တာလို့ ငါ့ကိုပြောတယ်"



သူ့စကားကို အဝံက ဘယ်လိုမှ အလေးမထား။ အေးအေးဆေးဆေးနှင့်။ ဘာမှုပင်မမှု။

"သူညံ့လို့ခံရတာ ဖျားတာတောင် နည်းသေးတယ်"

မင်းသူဟက မကျေနပ်စွာ ရေရွတ်သေးသည်။

သူလည်း ဘာမှ ဆက်မပြောဖြစ်တော့ချေ။ ဆရာဝင်လာတော့ ထုတ်သင့်သည့်စာအုပ်ကို ထုတ်ပြီး သင်ခန်းစာများကို လိုက်မှတ်နေလိုက်ရပါတော့သည်။ ပထမအချိန်ပြီးတော့ ဆရာထွက်သွားလေသည်။

ဒုတိယအချိန် ဆရာမဝင်လာခင် အတန်းထဲသို့ ကောင်မလေးတစ်ယောက် ဝင်လာပါသည်။ ထိုကောင်မလေးက သူတို့ Chemistry မေဂျာက မဟုတ်ပါ။ အေးချမ်းလှသည့် မျက်နှာဝိုင်းလေးပေါ်တွင် ပါးကွက်လေးနှစ်ခုနှင့်။ ထိုမိန်းကလေးက အားလုံးထက် တစ်မူထူးခြားနေသောကြောင့် အတန်းထဲရှိ ပုရိသအားလုံးရဲ့အကြည့်များ ထိုကောင်မလေးဆီသို့ ရောက်ကုန်၏။ ထိုစဉ် သူက ပထမအချိန်က စာများကို သဲကြီးမဲကြီး ငုံ့ကူးနေပါသည်။ ချစ်စရာကောင်မလေးက ဘယ်သူ့ဆီလာတာပါလိမ့်။

ထူးဆန်းစွာ ကောင်မလေးက သစ်သောလှထံသို့ လာခြင်းဖြစ်နေသည်။

"ဘဲနာကြီးက ဒါမျိုးကတော့ သွက်သားပဲ"

တအံ့တသြပြောလိုက်သော အဝံ့စကားကြောင့် သူ့အကြည့်တို့ သစ်သောလှထံသို့ ရောက်သွားသည့်တစ်ခဏ သူ့မျက်နှာတွင်လည်း အပြုံးတစ်ခု ပွင့်လန်းသွားရပါသည်။

"အဝံ . . . ငါပြောတဲ့ မေထူးဆန်းက သူပေါ့"

သူမကို မက်မောစွာ ငေးကြည့်ရင်း ပြောလိုက်တော့ အဝံ့အံ့သြပြီး ပါးစပ်အဟောင်းသားနှင့် သူမကို လှမ်းကြည့်ပါသည်။

"မင်းကျသွားတဲ့ ကောင်မလေးက ရိုးရိုးလေးနော်"

"အင်း . . ."



www.burmeseclassic.com

www.burmeseclassic.com

သူ ကျေနပ်စွာ 'အင်း' လိုက်မိပါသည်။

"မင်း အတည်လား?"

"နောက်ပိုင်းကျရင်တော့ မသိဘူး။ အခုအချိန်မှာတော့ အတည်လို့ပဲ ထင်နေတယ်"

"သင်းကွဲကြီးနဲ့ ဘာတွေပြောနေတာလဲ မသိဘူး"

"သင်းကွဲဆီကို ထမင်းချိုင့်လာပို့တာ . . . အဝံ"

၃ ယောက်လုံး ကောင်မလေးကို ငေးကြည့်ရင်း ပြောနေကြမိပါသည်။ ဟုတ်ပါ၏။ သူစိတ်ဝင်စားနေသော ထိုအမည်မသိ မယ်ထူးဆန်းလေးသည် သစ်သောလှုနှင့် ထမင်းချိုင့်လာပေးရင်း ရင်းနှီးစွာ စကားပြောနေကြပါသေးသည်။

"သင်းကွဲကြီးဆီ အကူအညီတောင်းကွာ။ ဒါဆို မင်း သူ့ Data ရမှာ သေချာတယ်"

"ငါ သူ့ကို စိတ်ဝင်စားတာ သေချာလို့ သူ ငါ့ဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြီပဲကွာ။ ငါ့ဘာသာ ဆက်လှုပ်ရှားမယ်"

"တကယ်လို့ သင်းကွဲကြီးနဲ့က ဘာဘာညာညာဆိုရင်ရော . . ."

တွေးတွေးဆဆနှင့် မေးလိုက်သော မင်းသူဟ မေးခွန်းကို သူ ချက်ချင်းကြီး မဖြေနိုင်။ မေးခွန်းကြောင့် ငိုင်သွားရ၏။

"မဖြစ်နိုင်ပါဘူး . . . သူဟရာ၊ သူတို့နှစ်ယောက် စကားပြောပုံက ပွင့်ပွင့်လင်းလင်းနဲ့ ပုံမှန်ပါပဲ"

အဝံက သူ့အစားဖြေပေးတော့မှ သူ သက်ပြင်းမောလေး ချလိုက်နိုင်ပါသည်။

"ကောင်မလေးထွက်သွားရင် မင်း သွားမေးပေးမလား . . . အဝံ"

သူ မျှော်လင့်ကြီးစွာမေးတော့ အဝံက မျက်ခုံးလေး ပင့်သွား၏။

"ဘဲကြီး . . . ဟန်တောင် မဆောင်တော့ဘူးလား?"

"ပြောကွာ . . . လုပ်ပေးမှာလား မလုပ်ပေးဘူးလား?"



သူ ရှက်ရှက်နှင့် အော်လိုက်တော့ အဝံ သဘောကျစွာ ရယ်လေတော့သည်။

"အဟား . . . ဟား . . . ကဲပါကွာ . . . ရှက်မနေနဲ့။ သင်းကွဲကြီးကို ဒီခေါ်လိုက်မယ်။ ပြီးရင် ကြိုက်တာမေးတာပေါ့။ မဟုတ်ဘူးလား?"

အဝံပြောသည်မှာ လွန်စွာ နည်းလမ်းကျသောကြောင့် သူ တကယ်ကျေနပ်သွားမိပါသည်။

ထိုစဉ် မယ်ထူးဆန်းလေး သူတို့အတန်းထဲမှ ထွက်သွားလေပြီ။ သူ စိတ်ကြိုက် ငေးကြည့်လိုက်မိပါသေးသည်။

"သစ်သောလှု . . . ခဏလာပါဦးဗျာ။ ခင်ဗျားကို ပြောစရာရှိလို့"

ခက်ထန်စွာ ခေါ်လိုက်သည့် မင်းသူဟခေါ်သံကို သစ်သောလှု တုံ့ပြန်ရင်း သူတို့ထိုင်ခုံသို့ ရောက်ရှိလာပါသည်။

"ဘာပြောချင်လို့လဲ . . . မင်းသူဟ"

"မေးစရာ နည်းနည်းရှိလို့"

အဝံက ဝင်ပြော၏။

"အင်း . . . မေးလေ"

"ဟို . . . ခုနကောင်မလေးက ဘယ်မေဂျာကလဲ?"

သူ စိတ်စောလျင်စွာ မေးလိုက်မိပါသည်။

"ICကလေ"

"မိုက်တယ်ကွာ . . . အေးအေးလေး"

သူ သေချာစွာပြောတော့ သူ့ကို သစ်သောလှုကြည့်ပြီး စိုးရိမ်သွားမိပါသည်။ သစ်သောလှုက သူမကို စိတ်ဝင်စားနေသည်ပဲ။

"မင်း လှုပ်ရှားတော့မှာလား . . . ဝံ"

အဝံက မြှောက်ထိုးပင့်ကော် မေးလိုက်သော် သစ်သောလှု မျက်နှာလေး စိုးရိမ်မှုဖြင့် သိသိသာသာ မြန်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"သူက ဘယ်လိုမျိုးလေးလဲ . . . သစ်သောလှူ"

သူ တွေးတွေးဆဆနှင့် သစ်သောလှူကို မေးလိုက်ပြန်ပါ၏။

"သူက ငါ့လိုပဲ ချို့တဲ့တဲ့ မိန်းကလေးတစ်ယောက်ပါပဲကွာ။ ဘာမှမထူးခြားပါဘူး"

"ဟုတ်တယ်နော် . . . သူက မထူးခြားဘူး။ ဒါပေမဲ့ အဲ့ဒီမထူးခြားတဲ့ ကောင်မလေးအကြောင်းကို မနေ့ကတည်းက အခုထက်ထိ တွေးနေမိတာ။ အဲ့တာတော့ ထူးဆန်းတယ် . . . သူဟ"

သစ်သောလှူကို ပြောရင်းနှင့် သူ သူဟကိုပါ ပြောလိုက်မိပါသည်။

"ဒါဆို မင်းက . . . "

"ချို့တဲ့လည်း ချစ်တယ်ကွာ။ လှုပ်ရှားမယ်။ ရှေ့တိုးမယ်။ ထိုင်နေလို့မရတော့ဘူး"

မျက်နှာတည်နှင့် စိတ်အားထက်သန်စွာ ပြောလိုက်သော သူ့စကားကြောင့် သစ်သောလှူ၏စိုးရိမ်မှုများ ပိုမိုမြင့်တက်လာရပါတော့သည်။

သစ်သောလှူက ချို့တဲ့သူ။ သစ်သောလှူနှင့် ဒီဝသံဆိုလျှင် သူမက ဘယ်သူ့ကို ရွေးမည်တဲ့လဲ?

တွေးရင်း သစ်သောလှူ စိုးရိမ်စိတ်များ ကြီးထွားလာရပါတော့သည်။

ᅎ ᅎ ᅎ



ဘာကြောင့်နည်း။ သူ ဒီဝသံကို အားကျမိပါ၏။ ထို့အပြင် ဒီဝသံလိုမျိုးလည်း အသက်ရှင်ခွင့်ရချင်ပါသည်။ ဒီဝသံကဲ့သို့ ရုပ်ရည်သန့်သန့်လည်း လိုချင်ပါသေးသည်။

သူ ဒီဝသံကို အလွန့်အလွန် အားကျနေမိပါသည်။ ထို့ကြောင့်ပဲ သူ ဒီဝသံခိုင်းထားသည့်အတိုင်း လုပ်ပေးနေမိသည်လား။ ဒီဝသံကို အားကျပြီး ဒီဝသံနှင့် သူငယ်ချင်းဖြစ်ချင်ရုံသက်သက်နှင့် သူက ဒီဝသံ၏ခိုင်းနွား ဖြစ်ရတော့မည်လား။

ငွေကြေးလည်း ပြည့်စုံ၊ သူငယ်ချင်းလည်း ပြည့်စုံ၊ အရာအားလုံးပြည့်စုံတဲ့ ဒီဝသံ။

အခုလည်း သူ အနှစ်နှစ် အလလက ချစ်မြတ်နိုးခဲ့ရသော ရေးမမီကို ချစ်သွားသည်တဲ့။ အရာရာပြည့်စုံတဲ့ ဒီဝသံကို ရေးမမီက ငြင်းမည်တဲ့လား။ ငြင်းမည်မထင်။ ဒါဆို သူက အသည်းကွဲပြီပေါ့။ မပြည့်စုံသောကြောင့် မဖွင့်ပြောခဲ့ရသော သူ့ချစ်စကားများကို သူ တစ်သက်လုံး ဖုံးကွယ်ထားရတော့မည့် အဖြစ်ဆိုးကြီး မဖြစ်ပါစေနဲ့။ ရေးမမီနဲ့ ဒီဝသံ မဆုံဖြစ်ကြပါစေနဲ့။ သူ ဒီလိုဆုတောင်းရုံနဲ့ ရေးမမီနဲ့ ဒီဝသံတို့ ဆုံဖြစ်ကြတော့ဘူးတဲ့လား။ အဲ့ဒါလည်း မဖြစ်နိုင်။

သူတို့ တွေ့ဖြစ်ကြမှာပါ။ သူဘယ်လိုပဲ တားတားပေါ့။ ဒါဆို သူ ဘာလုပ်သင့်လဲ။

အကောင်းဆုံး ဘာလုပ်သင့်လဲ?



www.burmeseclassic.com

www.burmeseclassic.com

ရေးမမီကို ဒိဝသံအကြောင်းများ ဖွင့်ပြောသင့်သည်။ အရာရာ ပြည့်စုံနေသောကြောင့် နေရာတကာတွင် ဂုဏ်မောက်ပြီး ဆက်ဆံတတ်ကြောင်း၊ စာကိုသာ စိတ်ဝင်စားပြီး မိန်းများကို စနောက်ဖို့လောက်ပဲ သိကြောင်း . . . ဟုတ်တယ် . . . ။ အဲဒါတွေ ရေးမမီကို သူ ဖွင့်ပြောသင့်ပါသည်။ ဒါမှ ရေးမမီကို အချိန်မီ တားမြစ်နိုင်မည်ပဲ။

"ကိုလူ . . . ဘာတွေတွေးနေတာလဲ ? မျက်မှောင်ကြီး ကုတ်လို့"

ရေးမမီနှင့် သူတို့က ခြံချင်းကပ်နေကြပါသည်။ ရေးမမီနှင့် သူ့အိမ်ခြံဝန်းကြားတွင် မလေးရှားပိတောက်ပင် တစ်ပင်ရှိပါသည်။ ထိုအပင်အောက်တွင် ခုံတန်းရှည်လေး ရိုက်ထား၏။ ထိုခုံတန်းရှည်လေးတွင် သူတို့ ညနေတိုင်း စာအကြောင်း၊ ဘဝအကြောင်း အစရှိသဖြင့် အာလ္လာပ၊ သလ္လာပ ပြောလေ့ရှိပါသည်။

"ထိုင်လေ . . . ရေး . . ."

ရေးမမီက အိမ်နေရင်း လက်ပြတ်အင်္ကျီနှင့် ဘောင်းဘီကွာတားတို့ ဝတ်ဆင်တတ်ပါသည်။ တစ်ခါခါ ထမီလည်း ဝတ်ဆင်တတ်ပါသေးသည်။

ရေးမမီက ရာသီဥတုပူသည့်ဒဏ်ကို လုံးဝ မခံနိုင်ချေ။ သို့သော် ချို့တဲ့သောကြောင့် ပန်ကာဝယ်နိုင်ဖို့ကိုပင် မနည်းကြီး စုဆောင်းနေရသည် မဟုတ်ပါလား။ ထို့ကြောင့် အိမ်နေရင်း လက်ပြတ်အင်္ကျီဝတ်ထားရခြင်းဖြစ်ပါသည်။

"ဘာတွေ တွေးနေတာလဲ . . . ကိုလူ၊ ပြောပါဦး"

"ကိုယ်တို့အတန်းထဲက လူ ၃ ယောက်အကြောင်းကိုပါ"

"ဘယ်သူတွေလဲ ကိုလူ"

သူ အရင်ဦးဆုံး သူတို့အကြောင်းများ ပြောပြလိုက်သင့်သည်။ ဒါဆို ရေးမမီ ထိတ်လန့်ပြီး သူမကို ဒိဝသံလာပတ်သက်လျှင်တောင် ပုတ်ထုတ်လိုက်နိုင်ပါသည်။



"ကိုယ့်အတန်းထဲမှာ အဖွဲ့တစ်ဖွဲ့ရှိတယ် ရေး။ အရမ်းချမ်းသာတဲ့ သူဌေးသားတွေလေ။ တစ်ယောက်က ဒိဝသံ၊ နောက်နှစ်ယောက်က အဝံနဲ့ မင်းသူဟာတဲ့။ သူတို့သုံးယောက်လုံးက သိပ်စွာပြီး ထက်မြက်တယ်။ ပညာပြိုင်တဲ့နေရာမှာ ကျောင်းသားအချင်းချင်း မပြောနဲ့ ဆရာကိုတောင် မချန်ဘူး။ သိပ်ပြီး ဂုဏ်မောက်မာတာလေ။ သီးသန့်နေလေ့ရှိပြီး တခြားဘယ်သူနဲ့မှလည်း မပတ်သက်ဘူး"

ရေးမမီက သူပြောသမျှကို သဘောကျသလိုလေး ပြုံးရင်း နားထောင်ပေးနေပါသည်။

"အဲလိုလူမျိုးက ရေးကို ခင်ချင်တယ်လို့ပြောရင် ရေး ယုံနိုင်မလား?"

"မယုံစရာမှ မရှိတာ . . . ကိုလူရယ်။ လူလူချင်းပဲ။ ခင်လို့ရပါတယ်။ ချမ်းသာတဲ့လူ၊ ဆင်းရဲတဲ့လူ အားလုံးက လူတွေပဲလေ။ အချင်းချင်း ခင်ချင်ရင် ခင်လို့ရပါတယ်"

အေးအေးဆေးဆေးပင် ပြောလိုက်သော ရေးမမီစကားကြောင့် သူ အလိုမကျစွာ မျက်မှောင်ကုတ်လိုက်မိပါသည်။

"သူတို့က တော်ရုံလူကို တကယ်ဘယ်ခင်မလဲ ရေးရယ်"

"ဒါဆို ဟန်ဆောင်ခင်နေတဲ့ သူတို့စိတ်တွေ တကယ်ခင်တတ်လာအောင် ကိုယ်က စည်းရုံးလိုက်မယ်လေ"

ရဲတင်းပြတ်သားစွာ ပြောလိုက်သော ရေးမမီစကားကိုကြားပြီး သူ ထိတ်လန့်လို့ လာပါပြီ။ ဒါဆို ရေးမမီက သူတို့ကမ်းလှမ်းသည်ကို သဘောတူလိမ့်မည်ပေါ့။ ဒါဆို ရေးမမီက ဒိဝသံကို ခင်ရုံပဲ ခင်မှာတဲ့လား? မသေချာပါ။ ဒါဆို သူ ဘာဆက်လုပ်သင့်သလဲ? သူ့ရင်ထဲတွင် စိုးရိမ်စိတ်များ ကြီးစိုးလာပေပြီ။

"ကဲ . . . သက်ပြင်းချည်း ချမနေနဲ့။ စကားကို စထားပြီး ဆုံးအောင်ပြောပါဦး . . . ကိုလူရာ"

သူ သက်ပြင်းချလိုက်သည်ကို သူမက စိတ်ပျက်သလိုလေး ခြေ... စွာ ပြုံးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ့်သဘောကတော့ သူတို့လာခင်ရင်တောင် မခင်စေချင်ဘူး။ သူတို့က သိပ်ပြီး အဆိပ်ပြင်းတယ်"

"ရေးက ဒိဝသံနဲ့ ခင်ချင်တယ် ကိုလူ။ ပြင်းနေတဲ့ သူ့အဆိပ်တွေ လျော့သွားအောင် ရေး လုပ်ကြည့်ချင်တယ်"

"မဖြစ်နိုင်ဘူးထင်တယ် . . . ရေး၊ ကိုယ်တို့က ချို့တဲ့တယ်လေ"

"ချို့တဲ့တာ အားနည်းချက်မှ မဟုတ်တာ . . . ကိုလူ။ မရုက်တမ်း ဝန်ခံရမယ်ဆိုရင် ဟိုအရင်ကတည်းက ဒိဝသံ့ကို ရေးက စိတ်ဝင်စားခဲ့တာ"

ပွင့်လင်းလှသည့် ရေးမမိစကားကြောင့် သူ တကယ်ဆောက်တည်စရာ မဲ့သွားရပါသည်။

"ဟုတ်တယ် . . . ကိုလူ၊ ရေး သူရဲ့ ဂျစ်တစ်တစ်အကျင့်တွေ၊ မောက်မာနေတဲ့ အကျင့်တွေကို ရိုကျိုးသွားအောင် ပြုပြင်ပေးချင်တယ်"

ရေးမမိ တွေးတွေဆဆနှင့်ပြောတော့ သူ့စိတ်ထဲမှ စိုးရိမ်မှုကြီး ပိုပြီး အရှိန်မြင့်လာပါတော့သည်။

"နောက်ပြီး ရေး ကျောင်းစတက်ကတည်းက သူ့သတင်းတွေကြားပါတယ်။ သိပ်စွာတဲ့ ယောက်ျားလေးတစ်ယောက်အဖြစ်ပေါ့။ အဲဒီကတည်းက ရေး သူ့ကို ပြုပြင်ပေးချင်ခဲ့တာလေ"

ရေးက နောက်ဆုတ်လိမ့်မည်မဟုတ်။ အရင်ကတည်းက ဒိဝသံကို စိတ်ဝင်စားနေသည်တဲ့။ အင်းပေါ့ . . . ဒိဝသံလို အဘက်ဘက်က ပြည့်စုံတဲ့ ယောက်ျားလေးကို ဘယ်မိန်းကလေးက ငြင်းမှာတဲ့လဲ? သူ့မှာသာ မပြည့်စုံတဲ့ဘဝမှာ အသက်ရှင်နေရသောကြောင့် သူ့ကိုယ်သူ ဖိနှိမ့်မိပါတော့သည်။

※ ※ ※



သစ်သောလှကျေးဇူးကြောင့် သူမ မေဂျာကို သိလိုက်ရပါသည်။ ထို့နောက် သူ ယနေ့ IC မေဂျာဆောင်အရှေ့တွင် လာရောက် စောင့်နေမိပါတော့သည်။ သူ့ Mark II ကားလေးကိုလည်း IC ဆောင်နှင့် မနီးမဝေးတွင် ရပ်ခဲ့လိုက်ပါသည်။ သူမ ဒီကပဲ အတန်းထဲသို့ ဝင်လိမ့်မည်ပဲ။

သူ ရပ်စောင့်နေတုန်းမှာပင် သူ့လမင်းလေး စာသင်ဆောင်သို့ လျှောက်လှမ်းလာသည်ကို တွေ့လိုက်ရပါသည်။

"မင်းကို ရပ်စောင့်နေတာ"

သူ့အနားသို့ ရောက်လာသော သူမအနားသို့ တိုးတိုးလေး ကပ်ပြောလိုက်သော် သူမ အံ့ဩသည့် မျက်လုံးလေးဖြင့် သူ့ကို လှည့်ကြည့်ပါသည်။ သူ အဆင်သင့်ပင် ပြုံးပြလိုက်မိပါသည်။

"ကျွန်မတို့ မသိဘူးနဲ့တူတယ်"

"ဒါဆို အခု သိလိုက်တော့လေ။ ကိုယ်က ဒိဝသံ"

သူ သွက်သွက်လေးပင် နာမည်ပြော မိတ်ဆက်လိုက်တော့ သူမ ပြုံးလိုက်၏။ သူမတွင် နှစ်လိုဖွယ်ကောင်းသည့် အပြုံးလေးတစ်ခုလည်း ရှိနေသေးသည်ပဲ။

"ဟုတ်ကဲ့ မှတ်ထားပါ့မယ်"

"ကိုယ်လည်း မင်းနာမည် မှတ်ထားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့ အခုချက်ချင်းကြီး ကျွန်မ မပြောပြချင်ဘူး"

သူမက အံ့သြသလို မျက်ခုံးလေးပင့်ရင်း သူ့ကို ပြတ်ပြတ်ပြော၏။ ထိုအခါ သူ ပိုင်နိုင်စွာ ပြုံးလိုက်မိပါသည်။ မယ်ထူးဆန်းလေးမှာလည်း အဆိပ်လေးနဲ့ပါလားပေါ့။

"ကိုယ်က အရမ်းရိုင်းတတ်တာနော်။ တကယ်လို့ မင်းနာမည် မပြောဘဲ ဒီအတိုင်း စာသင်ဆောင်ထဲ ဝင်သွားလို့ကတော့ ကိုယ် မင်းလက်ကိုဆွဲပြီး နာမည်မေးဖို့ နောက်တွန့်နေမှာ မဟုတ်ဘူး။ တကယ်"

သူ ခါးကိုကိုင်းကာ သူမ နားအနီးတွင်ကပ်ကာ တီးတိုးပြောတော့ သူမ ပြုံးပြန်၏။

"ကိုဒီဝသံက သတ္တိကောင်းလိုက်တာ"

"ပြောတဲ့အတိုင်း လုပ်မှာ၊ စမ်းကြည့်ပါလား"

"ဘယ်လိုစမ်းကြည့်ရမှာလဲ ?"

"မင်းနာမည်မပြောဘဲ စာသင်ဆောင်ထဲ ဝင်သွားကြည့်လေ"

"အင်းလေ . . . ဒါဆို စမ်းကြည့်မယ်"

သူမပြောပြီး ခြေလှမ်းစရန် ပြင်ပါသည်။ ထို့နောက် တစ်ခုခု ပြောချင်သည့်ဟန်နှင့် သူ့ဘက်သို့ ဆတ်ခနဲ ပြန်လှည့်လိုက်ပြီး . . .

"ပြောရဦးမယ် . . . ကျွန်မလက်ကိုဆွဲပြီး နာမည်မေးမယ်ဆိုရင် ကျွန်မလည်း မော်ကွန်းထိန်းနဲ့ တိုင်တတ်တယ်နော်"

"အင်း . . . အဲ့ဒါ ကိုယ် ရိပ်မိပါတယ်"

"ရှင့်ကို သတိပေးတာ"

"ကိုယ်က အဲ့ဒီသတိကို စိတ်မဝင်စားဘူးလေ"

သူ ပြုံးရင်းပြောလိုက်တော့ သူမ မျက်ခုံးလေးပင့်ကာ ပြုံး၏။ ထို့နောက် ခေါင်းလေးညိတ်လိုက်ပါသည်။

"ကဲ . . . သွားပြီ . . . ကိုဒီဝသံ"



သူမပြောပြီး စာသင်ဆောင်ထဲသို့ ဝင်ရန် ခြေလှမ်း လှမ်းသွားလေပြီ။ သူ . . . သူမကို စိုက်ကြည့်နေမိပါသည်။ ဘာဆက်လုပ်သင့်သလဲပေါ့။ အင်း . . . ပြောတဲ့အတိုင်း သူမလက်ကိုဆွဲရင်တော့ သူ မော်ကွန်းထိန်းဆီ ရောက်ရပေမည်။ လက်မဆွဲလို့ကလည်း မဖြစ်။ စကားများ လူပေါတစ်ယောက်တော့ သူ အဖြစ်မခံနိုင်။

ထို့ကြောင့် သူနှင့် ခြေလှမ်းငါးလှမ်းခန့်သို့ ရောက်နေသော သူမ အနားသို့ သူ သွက်သွက်လေးလှမ်းရင်း သူမ လက်ဖဝါးလေးတစ်ဖက်ကို လှမ်းဆွဲကာ သူနှင့်အနီးဆုံးသို့ ဆွဲခေါ်လိုက်ပါသည်။ သူ့အားကြီးနှင့် ဆွဲခေါ်လိုက်သောကြောင့် သူမ ကိုယ်ခန္ဓာလေး အလိုက်သင့်ပါလာပါသည်။

"မင်းနာမည် ပြောပြစမ်း . . . မိန်းကလေး။ မပြောရင် ဒီလက်ကို မလွှတ်ဘူး"

သူနှင့် အနီးဆုံးတွင်ရှိနေသော သူမကို သူ လေသံသဲ့သဲ့နှင့် မေးလိုက်တော့ သူမ အံ့အားသင့်စွာ သူ့မျက်ဝန်းကို မော့ကြည့်နေရှာပါသည်။

"တကယ် ထင်မထားဘူး"

"ဒီလို လက်ဆွဲပြီး နာမည်မေးမယ်ဆိုတာ ကိုယ် ကြိုပြောထားတယ်လေကွာ"

"ရှင်က ရဲတင်းလိုက်တာ . . . ကိုဒီဝသံ"

"အင်း . . . အဲဒါလည်း ကြိုပြောထားမိသလားပဲ။ ကဲ . . . ပြော၊ မင်းနာမည်"

တကယ်တော့ မိန်းကလေးတစ်ယောက်ကို ယောကျ်ားလေးတစ်ယောက် ထိုသို့ပြုမူလျှင် စိတ်ဆိုးသင့်ပါသည်။ ဒေါသထွက်သင့်ပြီး သူမ ပြောထားသည့်အတိုင်း မောင်ကွန်းထိန်းနှင့်လည်း တိုင်သင့်ပါသည်။

သို့သော် ထူးဆန်းစွာပင် သူမ သူ့ကို စိတ်မဆိုးမိပါ။ ထို့အပြင် ပြောတဲ့အတိုင်း တကယ်လုပ်ရဲသောကြောင့် သူ့ကိုပင် စိတ်တွင်းမှ နာကျူးမိနေသေးသည်။ ထို့အပြင် အရည်လဲ့နေသော သူ့မျက်နှာထဲတွင်



www.burmeseclassic.com

www.burmeseclassic.com

သူမ နွေးထွေးမှုလေးတစ်ခုကို လှမ်းမြင်လိုက်ရပါသေးသည်။ ထိုနွေးထွေးမှုလေးက သူ့အား သူမနာမည်ကို အလွယ်တကူပင် ပြောစေနိုင်လိုက်ပါသည်။

"ရေးမဒီ . . . "

"အင်း . . . ရေးမဒီ။ ကိုယ် အခု မင်းလက်ကို လွှတ်ပေးတော့မယ် သိလား။ ဒါပေမဲ့ လက်လွှတ်ပေးပြီးရင် မော်ကွန်းထိန်းနဲ့ သွားမတိုင်နဲ့နော်။ လိမ္မာတယ်"

ပိုင်နိုင်စွာပြုံးရင်း သူက သူမကို ကလေးတစ်ယောက်ကို ချော့သလို ချော့ပြောနေသေးသည်။

"အင်းပါ . . . မတိုင်ပါဘူး ကိုဒီဝသံ။ ကျွန်မလက်ကိုသာ လွှတ်ပါတော့။ အတန်းထဲက လူတွေလည်း မြင်ကုန်ပါပြီ"

"မြင်ပါစေ . . . ပတ်ဝန်းကျင်ကို ဂရုစိုက်တတ်တဲ့အကျင့်ကို မမွေးနဲ့ . . . ရေးမဒီ"

"ကျွန်မက မိန်းကလေးလေ။ ပတ်ဝန်းကျင်ကို ဂရုစိုက်ရမှာပေါ့"

သူ နှုတ်ခမ်းမဲ့ရင်း မျက်ခုံးမြင့်လိုက်မိပါသည်။ သူ့ကိုကြည့်ပြီး သူမက ပြုံး၏။ သူလည်း ပြုံးလိုက်ပြီး သူမလက်ဖဝါးလေးကို လွှတ်ပေးလိုက်မိပါသည်။

"ဝသံလို့ခေါ်"

"ကျွန်မကိုလည်း ရေးလို့ခေါ်"

"ရေး . . . ဟုတ်လား?"

"အင်း . . . ရေး"

"ကောင်းပါပြီဗျာ။ ဒါဆို ကျွန်တော် ဝသံက ဒီက မိန်းကလေး ရေးကို ညနေ ကျောင်းအတူဆင်းဖို့ ဖိတ်ခေါ်ရင် မငြင်းပါနဲ့နော်"

သူ့တောင်းဆိုမှုလေးက အမိန့်ပေးသလိုလေး။ သူမ မျက်ခုံးလေးများ ကုတ်လိုက်မိသော်လည်း ပြုံးနေမိပါသေးသည်။

"ဘယ်လိုတောင်းဆိုမှုမျိုးလဲ . . . ဝသံ"



"မသိဘူး၊ ခွင့်ပေးနော်"

သူမ မငြင်းချင်ဘူးလေ။ ထို့ကြောင့် ခေါင်းညိတ်လိုက်မိပါသည်။

"ကိုယ်တို့ ခင်မင်သွားကြပြီပေါ့နော်"

"အင်းပေါ့"

"ခင်မင်တဲ့အနေနဲ့ ကော်ဖီဆိုင်ထိုင်ချင်တယ်"

"Sorry ပါ ဝသံရယ်၊ ဒါတော့ ရေးငြင်းလိုက်တော့မယ်။ မနေ့က စာအကြွေးတွေ အခု အတန်းထဲရောက်မှ ကူးရမှာလေ"

သူမစကားကြောင့် သူ့အပြုံးလေး သိသိသာသာ လျော့ကျသွားပါသည်။

"ညနေကျ တွေ့တာပေါ့နော်။ ဟုတ်ပြီလား?"

"အင်းပါ . . . ဒီလိုပဲ မျှော်လင့်ရတော့မှာပါ။ ကဲ . . . ဒါဆို ကိုယ် ပြန်တော့မယ် . . . ရေး"

"အင်း . . . "

သူ တကယ် ကျေနပ်ရပါသည်။ အချိန်ခဏလေးအတွင်း သူမနှင့် ခင်မင်ခွင့်ကို သူ ပိုင်ဆိုင်နိုင်လိုက်သည်ပဲ။ အတန်းထဲရောက်လျှင်တော့ မင်းသူဟနှင့် အဝံကို သူ အာဝဇ္ဇန်းရွှင်ရွှင်နှင့် ကြွားလုံးထုတ်မိဦးမည်ပင်။



www.burmeseclassic.com

www.burmeseclassic.com

ညနေကျောင်းဆင်းတော့ သူမ IC ဆောင်အရှေ့တွင် ကားလေးနှင့် သူ သွားစောင့်နေလိုက်ပါသည်။ သူ စောင့်နေတုန်းမှာပင် သူမ အဆောင်ရှေ့သို့ နောက်ထပ် ယောကျာ်းတစ်ယောက် ရောက်လာပါသည်။ ထိုလူက သစ်သောလူ။ တစ်လောကလုံးကို အရှုံးပေးထားသည့် မျက်နှာထားနှင့် သစ်သောလူကို တွေ့သော်လည်း သူ လှမ်းမခေါ်ပါ။ ကားထဲတွင်ပင် အေးအေးနေရင်း သူမကို စောင့်နေမိပါသည်။

သစ်သောလူကတော့ စာသင်ဆောင် အပေါက်ဝရှေ့တည့်တည့်တွင် သွားစောင့်နေမိလိုက်ပါသည်။

ခဏကြာတော့ စာသင်ဆောင်ထဲမှ သူမ ထွက်လာပါသည်။ သူမ အဆောင်ထဲမှ မထွက်လာခင်ကတည်းက သူ့ကို တွေ့ပါ၏။ တွေ့ပြီး သဘောကျစွာလည်း ပြုံးလိုက်ပါသေးသည်။ ထိုအပြုံးကို သူ သေချာစွာမြင်ပြီး သူလည်း ပြုံးလိုက်မိပါသည်။ သူနှင့်သူမတို့ အပြုံးချင်း ဖလှယ်နေသည်ကို မျက်နှာငယ်နှင့် ငေးကြည့်နေသူက သစ်သောလူ။ သူမနှင့် သူ အပြုံးကိုယ်စီ ပြုံးစဉ်တွင် သစ်သောလူကတော့ သက်ပြင်းတစ်ခု ချလိုက်၏။

သူ ကားပေါ်မှဆင်းပြီး ကားဘေးတွင်ရပ်ရင်း သူမကို စောင့်နေလိုက်သော်လည်း သူမခြေလှမ်းများက သစ်သောလူထံသို့ အရင်ဦးတည်သွားသော် သူ မလိုလားစွာ မျက်မှောင်ကုတ်လိုက်မိ၏။



သူမကတော့ ပြုံးလျက် သစ်သောလူနှင့်အတူ သူ့ထံသို့ လျှောက်လာပါသည်။

"ရေးက အရင်တုန်းက ကိုလူနဲ့ပဲ ဖယ်ရီဝင်းဆီ သွားနေကျလေ"

အနားရောက်သည်နှင့် သူမက သူ့အား ရှင်းပြပါသည်။

"ကိုယ် အိမ်အထိ လိုက်ပို့ပေးမှာလေ . . . ရေး"

သူ သစ်သောလူကိုပင် အားမနာနိုင်တော့ဘဲ ပြောလိုက်တော့ သစ်သောလူ မျက်နှာငယ်နှင့် ခေါင်းငုံ့သွားပါသည်။

"မရဘူး . . . ဝသံ။ အိမ်အထိလိုက်ပို့တာကိုတော့ ရေး လက်မခံနိုင်ဘူး။ ဒီတော့ ရေးကို ဖယ်ရီဝင်းအထိ လိုက်ပို့ပေးပါ"

သူမ ခွင့်ပေးမှုကို သူ မရောင့်ရဲနိုင်သော်လည်း လက်ခံလိုက်ပါသည်။

"ကိုလူ . . . ရေးကို ဖယ်ရီကားပေါ်က စောင့်နေနော်"

"ကောင်းပါပြီ"

သစ်သောလူက သူမပြောသည့်အတိုင်း ခေါင်းညိတ်ရင်း သူနှင့် သူမအနားမှထွက်ရန် ပြင်ပါသည်။

"သွားပြီ . . . ဒီဝသံ"

အနားမှမထွက်ခင် သစ်သောလူက သူ့အား မဝံ့မရဲလေး နှုတ်ဆက်သည်ကို သူ ခေါင်းဆတ်ရုံဖြင့်သာ တုံ့ပြန်လိုက်လေသည်။

အရင်က သစ်သောလူနှင့်အတူ လျှောက်ပြန်နေကျ လမ်းလေးကို သူမက အခု ဒီဝသံနှင့် တွဲလျှောက်မည်တဲ့လေ။ ဒီဝသံရဲ့ တောင်းဆိုမှု တစ်ကြိမ်က သူနှင့် ကျောင်းစတက်ကတည်းက အကြိမ်ကြိမ်တွဲလျှောက်ခဲ့သော အခွင့်အရေးလေးကို အပြတ်အသတ် အနိုင်ယူလိုက်နိုင်၏။

ရှုံးနိမ့်သူတို့ရဲ့ ပိုင်ဆိုင်မှု မျက်ရည်ပါးပါးဝေ့ရင်း သစ်သောလူ ဖယ်ရီဝင်းသို့ တစ်ယောက်တည်း ဒိုက်စိုက်ဒိုက်စိုက်လျှောက်သွားစဉ် တစ်ယောက်နှင့်တစ်ယောက် အကြိုက်ချင်းဖလှယ်ရင်း စကားပြောသောလူ နှစ်ယောက်ကတော့ ဒီဝသံနှင့် ရေးမမီ။



www.burmeseclassic.com

www.burmeseclassic.com

“ကိုယ် . . . တစ်ခါမှ ရည်းစားမထားဖူးဘူး”

“အင်း . . . ယုံပါတယ်”

“ဘာကိုကြည့်ပြီး ယုံတာလဲ?”

“ဝသ်ဆက်ဆံမှုတွေက မနူးညံ့ဘူးလေ”

“ဩော် . . .”

သူ ကျေနပ်သလိုလေး ပြုံးလိုက်မိပါသည်။

“ကိုယ်က နားစားတတ်တဲ့ မိန်းမမျိုးနဲ့ ရည်းစားဖြစ်မိမှာစိုးလို့ကွ”

“ကျွန်မက အရမ်းနားစားတတ်တာနော်”

“ဟုတ်လား? ကိုယ်ကတော့ မင်းက နားစားတတ်တဲ့ မိန်းကလေး မျိုးလို့ မထင်ဘူး”

သူမ ခေါင်းလေးခါယမ်းရင်း ပြုံး၏။

“ကိုယ် အမှန်အတိုင်း ဝန်ခံစရာတစ်ခုရှိတယ်”

“ပြောလေ”

“မင်းကို စတွေ့တုန်းက စနောက်ဖို့လောက်ပဲ ရည်ရွယ်ခဲ့တာ။ စနောက်ပြီးမှ မင်းကို ငေးကြည့်မိသွားတာ”

“အင်း . . . ရေး သိပါတယ်”

သူမ ဝန်ခံချက်ကြောင့် သူ ကြောင်အမ်းအမ်းလေး ဖြစ်သွားရပါသည်။

“ဟုတ်တယ် . . . ရေးက သိနေတာ”

“ဒါပေမဲ့ အဲ့တုန်းက မင်းစာအုပ်တစ်အုပ်ကို အသည်းအသန် ဖတ်နေတယ်လေ”

“ဖတ်နေပေမဲ့ စာအုပ်ထဲ သိပ်စိတ်မဝင်စားပါဘူး”

“ဒါဆို . . . . ??”

သူ ပြုံးရင်း မေးလိုက်တော့ သူမ ရှက်စနိုးနှင့် ခေါင်းငုံ့လိုက်ပါသည်။



“ဖြေပါဦး . . . ။ ရေးက စာအုပ်ထဲ သိပ် စိတ်မဝင်စားဘူးဆိုတော့ . . . အဲ့တုန်းက ဘယ်သူ့ကို စိတ်ဝင်စားနေတာလဲ?”

“မေးကြည့်လေ”

ပြုံးစေ့စေ့နှင့် သူမ ပြောလေသည်။

“မေးကြည့်နေတယ်လေ”

“ဒါပေမဲ့ ရေး မဖြေချင်သေးဘူး”

“အဟား . . .”

သူ ပျော်ရွှင်နေမိပါသည်။ သူစိမ်းမိန်းကလေးဖြစ်သော ရေးမမီနဲ့ စကားပြောရင်း သူ သိသိသာသာ ပျော်ရွှင်နေပါသည်။ ထို့အပြင် သူ့ရင်ခုန်သံများကလည်း စည်းချက်ညီညီနှင့် ယိမ်းက က,နေသလိုနှယ်။ ဖြစ်ပေါ်နေသည့် ခံစားမှုလေးက တကယ်ပင် နှစ်လိုဖွယ် ကောင်းလှန်းပါ၏။

သူမနှင့် စကားပြောရင်း သူမကို ဖယ်ရီဝန်းအထိ သူလိုက်ပို့ပေးပြီး ဖယ်ရီကားပေါ်သို့လည်း တင်ပေးလိုက်ပါသေးသည်။ ဖယ်ရီဝန်းထဲရှိ ကျောင်းသားအများစုကတော့ ဒီဖယ်ရီဝန်းထဲ ဘာလာလုပ်တာလဲဆိုသည့် အကြည့်များနှင့် ကြည့်ကာ အံ့ဩနေကြပါသေး၏။ ဖယ်ရီကားပေါ်တွင် ရေးမမီအတွက် ထိုင်ခုံနေရာ ဦးပေးထားသူကတော့ သစ်သောလှ။

သူ ရေးမမီကို နှုတ်ဆက်ပြီး ဖယ်ရီဝန်းထဲက ပြန်ထွက်ခဲ့တော့ ဖယ်ရီကားပေါ်တွင် ရေးမမီသည် သစ်သောလှနှင့်အတူ ကျန်ရစ်ခဲ့လေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

Canteen တွင် သူမ ထိုင်စောင့်နေကြောင်း သူ တွေ့လိုက်ရပါပြီ။ သူ ကျေနပ်စွာ ပြုံးလိုက်မိပါသည်။

"မင်း သေချာလို့လား . . . ဝသံ"

အဝံက ကားပေါ်မှဆင်းရင်း သူ့ကို သေချာအောင် ထပ်မေးပါသည်။

"အေး . . . သေချာတယ်"

အဝံက မျက်ခုံးလေး ပင့်သွားပါ၏။

"သူ့ဖက်က ဘယ်လိုတုံ့ပြန်မယ်လို့ မင်းထင်လဲ . . . အဝံ"

"ငါ့အထင်တော့ Plus ပဲ"

သူ ကျေနပ်သလိုလေး ပြုံးလိုက်မိပါသည်။

"မင်း လိုက်ခဲ့ဦးမှာလား?"

သူမထံသို့ သွားရန် ခြေလှမ်းပြင်လိုက်ရင်း အဝံ့ကို မေးလိုက်ပါသည်။

"မလိုက်ခဲ့တော့ဘူး။ မင်းဆီက သတင်းကောင်းကို ငါ စောင့်နေမယ်။ နောက်ပြီး သူဟာ အတန်းထဲကို လာရင်လည်း မင်း အခု ရေးမမိကို ရည်းစားစကား သွားပြောနေတယ်ဆိုတဲ့ သတင်းပါး ရဦးမယ်လေ"

"အင်း . . . ဒါဆို မင်းတို့အတန်းထဲကပဲ စောင့်နေ။ ခဏနေ ငါ ပြန်လာခဲ့မယ်"



"နေဦး . . . ဝံ"

ခြေလှမ်းပြင်လိုက်သော သူ့လက်မောင်းကို အဝံက လှမ်းဆွဲလိုက်တော့ သူ အဝံ့ကို လှည့်ကြည့်လိုက်မိပါသည်။

"ဘာလဲ . . . အဝံ"

"မင်း ဘယ်လိုရည်းစား စကားပြောမှာလဲ? စဉ်းစားထားခဲ့သေးလား?"

သူ ခေါင်းခါလိုက်ပါသည်။

"မစဉ်းစားထားပါဘူး"

"ဒါဆို မင်း ဘယ်လို စကားစပြီး ရည်းစားစကား သွားပြောမှာလဲ?"

"ရည်းစားစကား သွားပြောတယ်ဆိုမှတော့ ငါက ဘာစကား စ, ရဦးမှာတဲ့လဲ?"

"ဒါဆို . . . မင်းက??"

"သူ့စားပွဲမှာ ဝင်ထိုင်မယ်။ နောက်ပြီး သူနဲ့ မျက်လုံးချင်းဆုံအောင် ကြည့်မယ်။ ကြည့်ပြီးသွားတာနဲ့ မင်းကို ငါချစ်တယ်လို့ ပြောလိုက်မယ် လေ။ ဒါပဲပေါ့"

သူ ပေါ့ပေါ့လေးပြောတော့ အဝံက ရယ်၏။

"ဟား . . . ဟား . . ."

"မင်းက ဘာရယ်တာလဲ?"

"မင်းက ရည်းစားစကားပြောတာနဲ့ မတူဘူး။ အေးစားမြတိုက်တာနဲ့ တူနေတယ်"

"အေးလေ . . . အခု ငါလည်း ရေးဆီက အချစ်တွေကို စားမြတိုက်မှာပဲလေ။ မင်းပြောတာနဲ့ ဆင်ပါတယ်"

သူ ပြုံးရင်းပြောကာ သူမထိုင်နေသော Canteen သို့ ထွက်ခဲ့လိုက်ပါတော့သည်။

ထို့နောက် သူမစားပွဲရှိ ခုံအလွတ်တွင် ခွင့်မတောင်းဘဲနှင့် သူ ဝင်ထိုင်လိုက်ပါသည်။ စားပွဲတွင် သူမတစ်ယောက်တည်းမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com

တခြားမိန်းကလေး ၂ ယောက်လည်း ရှိနေပါသေးသည်။

“ဘယ်သူ့ဆီက ခွင့်တောင်းပြီး ထိုင်လိုက်တာလဲ . . . ဝသံ”

သူမ အံ့ဩသလိုလေး သူ့ကိုကြည့်ကာ မေး၏။

“ကိုယ် ဘယ်သူ့ကို ခွင့်တောင်းတာ မင်းမြင်လိုက်လို့လဲ?”

“ရှင် ဘယ်သူ့ဆီကမှ ခွင့်မတောင်းဘူးလေ”

“အင်းလေ . . . ဒါဆို သိရက်သားနဲ့ ဘာလို့မေးနေတာလဲ?”

ပြောပြီး သူ စားပွဲထိုးလေးကို လက်ယပ်လှမ်းခေါ်လိုက်ပါသည်။

“ညီ . . . အစ်ကို့အတွက် ကော်ဖီတစ်ခွက် ချကွာ”

ဟု မှာလိုက်ပါသေးသည်။

“ဒီဝိုင်းမှာ ထိုင်နေတာက မိန်းကလေးတွေချည်းပဲလေ။ အဲ့ဒါ နည်းနည်းတော့ သတိထားပေါ့ . . . ဝသံရယ်”

သူမပြောမှ သူက သတိထားမိသလိုနှင့် တခြားမိန်းကလေးနှစ်ယောက်ကို စေ့ကြည့်လိုက်ပါသည်။

“အင်း . . . အတော်ပဲ။ အခု ကျွန်တော်က ဒီဝိုင်းမှာ လာထိုင်တာ ရည်းစားစကားပြောဖို့ ရည်ရွယ်ပြီး လာထိုင်တာ။ ဒါပေမဲ့ ဒီသုံးယောက်တည်းက ဘယ်သူ့ကို ပြောရင်ကောင်းမလဲ စဉ်းစားလိုက်ဦးမယ်”

မိန်းကလေး ၂ ယောက်ကို စေ့ကြည့်ရင်း သူပြောလိုက်တော့ ထို ၂ ယောက် အတော်ပင် လန့်ဖျပ်သွားကြပါသည်။ သူက ဒိတ်ဒိတ်ကျဲ စွာတတ်မှန်း ထိုမိန်းကလေးများ သိနှင့်နေသောကြောင့်ပင်။

“ပြောရမှာ အားနာပါတယ် . . . ရေးမမီ။ ငါ အတန်းထဲကို အခု ချက်ချင်းပဲ သွားရပါတော့မယ်”

မိန်းကလေး ၁ ယောက်က ပြောရင်း ထိုင်ရာမှ ထရပ်လေသည်။

“ငါလည်း စာကူးစရာရှိသေးတယ်”

နောက်တစ်ယောက်ပြောပြီး စားထားသည့် ကျသင့်ငွေကိုရှင်းကာ စားပွဲမှ ထွက်သွားကြလေတော့သည်။ မိန်းကလေး ၂ ယောက် ထွက်သွားပြီးမှ သူ သဘောကျစွာ ရယ်မိလိုက်ပါတော့သည်။



“ဟား . . . ဟား . . .”

“ကြည့် . . . ရှင် . . . သူတို့ကို မောင်းထုတ်လိုက်တာမဟုတ်လား ဝသံ”

သူ ရယ်နေသည်ကို မနည်း အရှိန်သတ်လိုက်ရပါသည်။

“ဟုတ်တယ် . . . ဒီအတိုင်း တောင်းဆိုနေရင် ရစ်နေမှာမို့လို့ ဒီနည်းသုံးပြီး မောင်းထုတ်လိုက်တာ”

“အင်းပေါ့ . . . ဘယ်မိန်းကလေးက ရည်းစားစကားအပြောခံရဖို့ကို ထိုင်စောင့်ချင်နေပါ့မလဲ။ ကြည့်ပါဦး . . . ပြေးသွားလိုက်တာမှ လှည့်တောင်မကြည့်ကြတော့ဘူး”

သူမက သူငယ်ချင်း ၂ ယောက်ထွက်သွားသည့်ဘက်ကို ကြည့်ကာ ပြောရင်း ပြုံး၏။

“ဝသံက တော်တော်ဉာဏ်များတာပဲ”

“မဟုတ်ဘူး . . . တကယ်။ ကိုယ် အခု ဒီကို ရည်းစားစကား လာပြောတာ”

သူ မျက်နှာတည်နှင့်ပြောလိုက်သောကြောင့် သူမ အံ့အားသင့်သလိုလေး သူ့ကို လှမ်းကြည့်လိုက်ပါသည်။

“မင်းကိုချစ်တယ် . . . ရေးမမီ”

စကားသံက မာထန်သည်ဟု ထင်ရသော်လည်း နက်ရှိုင်းနေမှန်း သူမ ရိပ်မိလိုက်ပါသည်။ ထိုစဉ် စားပွဲထိုးလေးက သူ့အတွက် ကော်ဖီတစ်ခွက် လာချပေးပါသည်။ သူ ကော်ဖီကို သေချာစွာမွှေပြီး တစ်ငုံ သောက်ကာ သူမကို စေ့စေ့ကြည့်လိုက်မိပါသည်။ သူမ အံ့အားသင့်ပြီး သူ့ကို ငေးကြည့်နေဆဲ။

“ကိုယ့်ကို အဖြေပြန်ပေးပါ . . . ရေးမမီ”

ကော်ဖီခွက်ကို စားပွဲပေါ်သို့ ပြန်ချရင်း ပြောလိုက်မှ သူမ သတိဝင်သလိုလေးဖြစ်ရင်း သက်ပြင်းချလိုက်ပါသည်။

“ရှင် ရေးကို တန်ဖိုးမထားဘူးမို့လား . . . ဝသံ”



www.burmeseclassic.com

www.burmeseclassic.com

သက်ပြင်းချလိုက်ရင်း သူမ စိတ်မကောင်းစွာ မေးလိုက်ပါသည်။

"ဘာဖြစ်လို့ ဒီမေးခွန်းမေးတာလဲ?"

"မိန်းကလေးတစ်ယောက်ကို လွယ်လွယ်ကူကူ ရည်းစားစကား ပြောပြီး ချစ်ခွင့်တောင်းတာ အဲ့ဒီမိန်းကလေးကို တန်ဖိုးမထားလို့ ပေါ့"

"ရေး ပြောပုံအရဆို ကိုယ်တန်ဖိုးထားတဲ့ မိန်းကလေးကို ကိုယ်က တစ်သက်လုံး ချစ်ခွင့်မပန်ရတော့ဘူးပေါ့။ ဟုတ်လား . . . "

သူ နားမလည်စွာ ပြန်မေးလိုက်တော့ သူမ ခေါင်းလေးကို ခါယမ်းလိုက်ပါသည်။

"အဲလိုလည်း မဟုတ်ပါဘူး။ ဒါပေမဲ့ ဝသံ ရည်းစားစကားပြောတာ ရဲတင်းလွန်းနေတယ်"

"ရည်းစားစကားပြောတာ မရဲတင်းရဘူးလား?"

"တချို့ယောကျ်ားလေးတွေက သူတို့တကယ်ချစ်တဲ့ မိန်းကလေးတွေကို ရည်းစားစကားပြောရမှာ အရမ်းကြောက်တတ်ကြတယ်လေ"

"သူတို့ကြောက်ပြီး တွန့်ဆုတ်တွန့်ဆုတ် လုပ်နေကြတာနဲ့ပဲ သူတို့ချစ်တဲ့ မိန်းကလေးက သူများချစ်သူ ဖြစ်သွားရတဲ့ အညံ့စားယောကျ်ားထဲမှာ ကိုယ်မပါချင်ဘူး . . . ရေး။ နောက်ပြီး ကိုယ်က မင်းကို တန်ဖိုးထား၏၊ မထား၏ကို သိချင်ရင် ကိုယ့်ကို ပြန်ချစ်ကြည့်လိုက်။ ဒါဆို ရေး သေသေချာချာ သိရမယ်"

ပြတ်သားလှသည့် သူ့စကားကြောင့် သူမ ငေးငေးငိုင်ငိုင်လေး သူ့ကို ကြည့်နေမိပါတော့သည်။

"ကိုယ်က မင်းကို တကယ်ချစ်လို့ ချစ်တယ်လို့ပြောတာ။ ဘာကို ကြောက်ရမှာလဲ? ဘာကို တွန့်ဆုတ်နေရမှာလဲ?"

သူ မျက်ခုံးလေးပင့်ကာ မေးတော့ သူမ ဘာပြန်ဖြေရမှန်း မသိတော့။



"သေချာတာက ကိုယ် နောက်ကျမှာ ကြောက်တယ်။ ဒီတော့ မြန်မြန်ပဲ မင်းကို ဖွင့်ပြောတာ။ ရှင်းရှင်းပြောမယ် . . . ရေးရာ၊ မင်းပါးကို နမ်းခွင့်ရှိတဲ့ ပထမဦးဆုံးယောကျ်ားက ကိုယ်ပဲ ဖြစ်ချင်တယ်"

ပြတ်သားလှသည့် စကားဆုံးသော် သူမကို သူ အကြည့်စူးစူးများနှင့် စိုက်ကြည့်လိုက်ပါတော့သည်။

"ကိုယ့်ကို အဖြေပြန်ပေးပါ . . . ရေး"

"ချက်ချင်းကြီးလား?"

"မင်း စဉ်းစားချင်သေးလို့လား?"

"အင်း . . . စဉ်းစားချင်သေးတယ်"

သူမစကားကြောင့် သူ ကျေနပ်သလိုလေး သက်ပြင်းချလိုက်ပါသည်။

"တကယ်လို့ ရည်းစားဖြစ်သွားရင် ရေးကို ဝသံ တန်ဖိုးထားပါ့မလား"

"အဲ့ဒါတော့ ကိုယ်လည်း မသိဘူးလေ။ ရေးသိချင်ရင် ကိုယ့်ကို အရင်ချစ်ကြည့်လိုက်ပေါ့"

သူ ပြောပြီး စားပွဲပေါ်မှ ကော်ဖီခွက်ကိုယူကာ မော့သောက်လိုက်ပါသည်။ သူမ သူ့ကို ငေးကြည့်ရင်း သက်ပြင်းမြွေမြွေ ချမိပါသည်။

ကိုယ်နဲ့ချစ်ရင် မင်း စိတ်ချမ်းသာရပါမယ်တို့၊ ကိုယ့်အချစ်က ပြည့်စုံပါတယ်တို့ အစရှိသည့် အာမခံချက်မပါသည့် သူ့အချစ်ကို သူမ အစထဲတည်းက ယုံချင်နေမိပါသည်။ သူ့ကို အဖြေပြန်ပေးချင်နေမိပါသည်။ သို့သော် သူမကို သူ စဉ်းစားခွင့် ပေးထားသည်ပဲ။

သူမ စဉ်းစားရဦးမှာပေါ့။ သို့သော် မစဉ်းစားခင်ကတည်းက သူမအတွက် သူ့ကိုပေးမည့်အဖြေ အဆင်သင့်ရှိလို့ နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com

အရင်က မလေးရှားပိတောက်ပင်အောက်ရှိ ခုံတန်းရှည်လေးတွင် ထိုင်ပြီးစဉ်းစားက အတွေးနယ်ချဲ့နေတတ်သူက သစ်သောလှ။ အခု သစ်သောလှ မရောက်ခင်ကတည်းက ခုံတန်းရှည်တွင်ထိုင်ပြီး အတွေးနယ်ချဲ့နေသူက . . . ရေးမမီ။

ရေး ဘာတွေများ တွေးနေတာပါလိမ့်။ ဝသံ့အကြောင်းများလား? တွေးရင်းနှင့် သစ်သောလှ စိတ်ပူသွားမိ၏။ ထို့ကြောင့် ခုံတန်းရှည်လေးဆီသို့ သွက်သွက်လေးလျှောက်သွားကာ သူမဘေး နေရာအလွတ်တွင် ဝင်ထိုင်လိုက်မိပါသည်။

"သြော် . . . ကိုလှ"

သူ့ကြောင့် သူမအတွေးတို့ ရပ်တန့်သွားပြီး သူ့ကို လှည့်ကြည့်ပါသည်။

"အင်း . . . ဘာတွေ စဉ်းစားနေတာလဲ ရေး"

သူမေးတော့ ရေး ပြန်မဖြေဘဲ အရင်ဦးဆုံး ပြုံးလိုက်၏။ သူမအပြုံးကို သူ အဓိပ္ပာယ်ဖော်ကြည့်တော့ ရှက်ပြုံး ပြုံးလိုက်ခြင်းဖြစ်သည်။

"ကိုလှ . . . သိပြီးပြီလား?"

"ဘာကိုလဲ?"

"ရေးကို ဝသံ ရည်းစားစကားပြောထားတယ် ဆိုတာကိုလေ"

သူမ မေးလိုက်သော မေးခွန်းက သူ့ကို ညိုးငယ်သွားစေနိုင်သည်။ သူ သိနေသည်ပဲ။ ဝသံ ရည်းစားစကားပြောပြီး အတန်းထဲဝင်လာတော့



သူ့သူငယ်ချင်းနှစ်ယောက်ကို ပြောပြပြီး တဝါးဝါး၊ တဟားဟားနှင့် အောင်ပွဲခံနေခဲ့ကြသည်ကို သူ မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရသည်ပဲ။

ထို့အပြင် သူမဖက်က အဖြေကလည်း မုချဧကန် သူ့ကို ပြန်ချစ်လိမ့်မည်ဟု တွက်ထားသည့်စကားကိုလည်း ပျော်ရွှင်စွာ ပြောနေကြပါသေးသည်။

"ကိုယ် သိပါတယ်ရေး"

သူ သက်ပြင်းမောလေး ချရင်း ဖြေလိုက်မိပါသည်။

"အင်း . . . အခု ရေး အဖြေပြန်ပေးဖို့ စဉ်းစားနေတာ"

သူမ စကားလုံး ရိုးရိုးလေးက သူ့ကို ခြောက်လှန့်လိုက်သလိုပင်။ သူ ထိတ်လန့်မှုကြောင့် တစ်ကိုယ်လုံး တုန်လှုပ်သွားရပါသည်။

"ရေးက ဘယ်လိုအဖြေမျိုး ပြန်ပေးမယ်လို့ စဉ်းစားထားလဲ?"

"ရေး သူ့အချစ်ကို လက်ခံလိုက်ဖို့ စဉ်းစားပြီးပြီလေ။ ဒီတော့ သူ့ကို ရေးချစ်ကြောင်း ပြန်ဖြေဖို့ ဆုံးဖြတ်လိုက်တယ်"

အနီးကပ် အနုမြူဗုံးကျဲချလိုက်သလို သူ့နှလုံးသားတစ်ခုလုံး တုန်လှုပ်ချောက်ခြားသွားရပါသည်။ အင့်ခနဲ ခံစားချက်နှင့်အတူ မျက်ဝန်းတွင် မျက်ရည်များ ဝေ့လာရပါတော့သည်။ ဒါဆို ရေးက ဝသံကို ပြန်ချစ်လိုက်ပြီပေါ့နော်။

လိုတရဝသံက အချစ်ကိုလည်း လွယ်လွယ်ကူကူပင် ပိုင်ဆိုင်လိုက်နိုင်ပြီပေါ့နော်။ သူကရော . . . သူကတော့ ချစ်ခဲ့တာ အနှစ်နှစ် အလလ တတည်းက။ ချို့တဲ့မှုကြောင့် ဖွင့်မပြောရဲခဲ့။ ဖွင့်မပြောရဲရင်းမှ သူ လွန်စွာ အားကျရသော လူတစ်ယောက်က သူ့ချစ်သူကိုပါ အပိုင်သိမ်းလိုက်နိုင်ပြီပေါ့နော်။

"ဟိုးအရင်ကတည်းက ရေး သူ့ကို ချစ်နေတာ . . . ကိုလှရဲ့။ သူ့လို ဥစ္စာပေါ၊ ရုပ်ချော ယောကျ်ားလေးတစ်ယောက်ကို ရေးမကြိုက်ခဲ့နဲ့၊ ဘယ်မိန်းကလေးမဆို အိပ်မက် မက်နေကြရတာပါ။ မိန်းကလေး တွေ အများကြီးထဲက ရေးကိုမှ ရွေးပြီး သူက ကံကောင်းလွန်း ထော



www.burmeseclassic.com

www.burmeseclassic.com

လိုက်တာလေ။ အဲ့ဒီအတွက် ရေးက သူ့ကို ကျေးဇူးတောင် ကျိတ်တင်နေတာ"

သူ စိုးရိမ်နေသော်လည်း မထူးတော့ပြီ။ ရေးက ဝသံကို တကယ် ချစ်မြတ်နိုးနေသည်ပဲ။

"သူက ရည်းစားစကားလေး တစ်ချက်ပြောလိုက်တာနဲ့ ရေး အဖြေပြန်ပေးမယ်ဆိုရင် သူ့အတွက် အရမ်း လွယ်လွန်းမနေဘူးလား?"

"လွယ်ပါစေ၊ သူ့ကို အခက်တွေ့အောင် ရေးမှ မလုပ်ချင်တာ"

"အရမ်းလွယ်နေရင် ရေးကိုသူ တန်ဖိုးထားပါ့မလား?"

"ရေးလည်း သူ့ကို မေးကြည့်ပါတယ်"

"သူ ဘာဖြေလဲ?"

ရေးက သက်ပြင်းမွှေမွှေလေး ချလိုက်ပါသည်။

"သူလည်း မသိဘူးတဲ့။ ချစ်ကြည့်မှ သိမယ်တဲ့"

ရေးစကားဆုံးတော့ သူ သက်ပြင်းချဖြစ်သွားပါ၏။

"သူ ရေးကို တန်ဖိုးထားမှာပါ။ ထားပါစေလို့ပဲ ဆုတောင်းနေမိတယ်"

ရေးထံမှ တောင့်တလိုလို၊ မျှော်လင့်သလိုလို ပြောလိုက်သည့်စကားလုံးဆုံးသော် သူရော၊ ရေးပါ သက်ပြင်းငွေ့ငွေ့ ချလိုက်မိကြပါတော့သည်။

ထို့နောက် ခုံတန်းရှည်လေးတစ်ဝိုက်တွင် လွန်စွာ တိတ်ဆိတ်သွားပါတော့သည်။ လိုတရဆိုသည့် စကားထက် ပိုပြည့်စုံသော ဘဝပိုင်ရှင် ဒီဝသံ။ သူ လွန်စွာ အားကျမိပါ၏။

ထိုနေ့မှစ၍ သစ်သောလူ ညတိုင်း ဘုရားရှိခိုးပြီး တောင်းသည့် ဆုတစ်ခုရှိပါသည်။

ထိုဆုတောင်းက 'ဘဝဆက်တိုင်းဆက်တိုင် ကျွန်တော် ဒီဝသံဖြစ်ရပါလို၏' တဲ့။



နွေ၊ မိုး၊ ဆောင်း ဘယ်လိုပဲ ရာသီဥတုပြောင်းပြောင်း အမြဲလို အေးချမ်းပြီး ချစ်ဖို့ကောင်းနေသည့် နေရာလေးတစ်ခုရှိပါသည်။ ထိုနေရာကတော့ ပန်းခြံပင်။ နွေမှာဆိုလည်း နွေပန်းချီကားတစ်ချပ်လို၊ ဆောင်းဆိုလည်း ဆောင်းတွင်းရဲ့ တမ်းချင်းလေးတစ်ပုဒ်လို၊ မိုးရာသီဆိုလည်း ဝိုင်အေးအေးလေးတစ်ခွက်လို ချစ်ဖို့ကောင်းလှပါသည်။ သို့သော် မိုးရာသီတွင်တော့ နည်းနည်း စိုစွတ်စွတ်တော့ နိုင်ပါသည်။

သူ ပန်းခြံအတွင်းရှိ ကန်ရေပြင်ကိုငေးကြည့်ရင်း သူမ ဘာကြောင့် သူ့ကို တကူးတကန့် ဒီခေါ်လာရသလဲဆိုသည့် အကြောင်းအရင်းကို တွေးနေမိပါသည်။ သူမကတော့ သူ့ဘေးတွင် ထိုင်နေ၏။

မေးရန်ရည်ရွယ်ရင်း သူမကိုကြည့်လိုက်တော့ သူမ မျက်နှာတွင် သွက်လက်ပေါ့ပါးနေသည့် အပြုံးချိုချိုတစ်ပွင့်ကို သူ မြင်လိုက်ရပါသေးသည်။ သူ တွေးကြည့်မိပါသည်။ အကြောင်းမဲ့ သူမ သူ့ကို ပန်းခြံထဲသို့ ခေါ်လာလိမ့်မည်မဟုတ်။ ဒါဆို အကြောင်းရှိရမည်။ ဘာအကြောင်းလဲ?

အဖြေပေးဖို့များလား။ အဖြေပေးဖို့အတွက် Romantic ဖြစ်သည့် ဒီပန်းခြံကို ခေါ်လာသည်များလား?

သူတွေးရင်းနှင့် သူမ မျက်ဝန်းများကို စေ့စေ့ကြည့်လိုက်ပါသည်။

"ဟုတ်တယ် . . ."



www.burmeseclassic.com

www.burmeseclassic.com

ပြုံးစစနှင့် သူမက ပြော၏။

"ဘာဟုတ်တာလဲ?"

"ရှင်တွေးနေတာ ဟုတ်လို့ ဟုတ်တယ်ပြောတာ"

အံ့အားသင့်မှုကြောင့် သူ့မျက်လုံးများ ဝိုင်းစက်ကုန်၏။

"ဒါဆို ရေးက ကိုယ့်ကို . . ."

တအံ့တသြ မေးလိုက်မိပြန်သည်။

"အင်း . . ."

သူမ ရှက်ကိုးရှက်ကန်းလေးနှင့် ခေါင်းညိတ်ရင်းပြော၏။ သူ လွန်စွာ ပျော်ရွှင်သွားရပါသည်။

"အင်းဆိုတာက?"

သေချာအောင် သူထပ်မေးလိုက်မိပါသေးသည်။

"အင်းဆိုတာ ဟုတ်တယ်လို့ပြောတာ။ ဟုတ်တယ်ဆိုတာက ဝသံကို ရေးချစ်တယ်လို့ ပြောတာ"

ရှင်းအောင်ပြောလိုက်သော် သူ့ပါးစပ်အဟောင်းသားဖြင့် သူမကို စိုက်ကြည့်နေမိပါသည်။ ထို့နောက်မှ သတိဝင်သွားပြီး . . .

"ကိုယ် အံ့သြရမှာ မဟုတ်ဘူး။ ကိုယ်ပျော်ရမှာလေ။ ကိုယ်ပျော်ရမှာ . . ."

ဟု သူ့ကိုယ်သူ သတိပေးသလိုလေးပြောလိုက်သော် သူမက သူ့ကို မျက်စောင်းဖျော့ဖျော့ထိုး၏။

"အင်းလေ . . . ဒါဆို ပျော်ပေါ့"

"ပျော်တဲ့အပြင် အခု ကိုယ် ရေး လက်ဖဝါးလေးကို ကိုင်လိုက်သင့်ပြီလေ"

ပြောပြီး သူမလက်ဖဝါးလေးကို လှမ်းယူကာ ဆုပ်ကိုင်လိုက်ပါသည်။

"နောက်ပြီး အခု ကိုယ်ရေးကို ခဏလောက်ဖြစ်ဖြစ် ဖက်ထားလိုက်သင့်တယ်လေ"



ပြောပြီး သူ ဖက်ရန်ပြင်တော့ သူမက ကိုယ်လေးကို တစ်ဖက်သို့ မသိမသာလေး တိုးသွား၏။

"ဘာလဲ? ရေးကို ဖက်ခွင့် ကိုယ့်မှာ မရှိဘူးလား?"

"မသိဘူးလေ"

မကျေနပ်သလိုလေးမေးသည့် သူ့အမေးကို သူမ ဝေ့လည်ကြောင်ပတ်ဖြေပါသည်။ သူ အသည်းယားစွာဖြင့် သူမကိုယ်လေးကို ဖက်လိုက်မိပါ၏။

"ရေးက ဝသံကို တကယ်ချစ်မိသွားတာ သိလား?"

သူမ တီးတိုးလေး သူ့ကို သတိပေးသလိုပြောတော့ ရင်ခွင်ထဲမှာ သူမ မျက်ဝန်းများကို သူ ငုံ့ကြည့်လိုက်ပါသည်။

"ကိုယ်လည်း ရေးကို တကယ်ချစ်တာ သေချာပါတယ်"

"ရေးက ဝသံ့ကို တစ်ဘဝလုံးအတွက် ချစ်တာ"

"ကိုယ်လည်း ရေးကို တစ်ဘဝလုံးအတွက် ချစ်တာပါ။ နောက်ပြီး ကိုယ့်အချစ်က ပြောင်းလဲမှာ မဟုတ်ဘူး။ ဒါပေမဲ့ ရေးကို တန်ဖိုးထားပြီး ချစ်နိုင်အောင်တော့ ဆက်ပြီးဆက်ပြီး ကြိုးစားနေမယ်လေ။ နော်"

"ဟင် . . .?"

သူမ သူ့ကို တွန်းဖယ်ရင်း သူ့မျက်နှာလေးကို မော့ကြည့်လိုက်မိပါသည်။

"ဆက်ပြီး တန်ဖိုးမထားနိုင်တော့ဘူး ဆိုရင်ရော?"

"အဲ့တော့လည်း တစ်မျိုးထပ်ပြီး စဉ်းစားကြတာပေါ့"

သူက ပေါ့ပေါ့လေးဖြေတော့ သူမမျက်နှာလေး သိသိသာသာညှိုးငယ်သွားရပါသည်။ ထို့ကြောင့် သူ စိတ်မကောင်းတော့ဖြစ်ရပါသည်။

"ကိုယ့်ဘဝမှာ အရာရာက လိုတိုင်းတရနေတော့ ဘယ်အရာကိုမှ တန်ဖိုးထားတတ်လေ့မရှိဘူးလေ ရေးရယ်"



www.burmeseclassic.com

www.burmeseclassic.com

"အင်းပေါ့ . . . အခု ရေးကလည်း ဝသံတောင်းတဲ့အဖြေကို လွယ်လွယ်ပေးလိုက်မိပြန်တယ်နော်"

"ဒီအဖြေကို လွယ်လွယ်နဲ့ရပေမဲ့ ရေး တစ်ဘဝလုံးနဲ့ရင်းပြီး ဆုံးဖြတ်ပေးထားတယ်ဆိုတာ ကိုယ် နားလည်ပါတယ်ကွာ။ ကိုယ်တန်ဖိုးထားနိုင်အောင် ကြိုးစားနေမှာပါ"

မရေရာသော်လည်း သူ့ကတိပေးမှုကို သူမ တကယ်ကျေနပ်မိပါသည်။ ထိုကတိပေးမှုအတိုင်း သူဆက်ကာ တန်ဖိုးထားနေနိုင်အောင် သူမ အရာရာတွင် သူ့ကို အလျှော့ပေးကာ ဆက်ဆံမည်ဟုလည်း သူမ တစ်ထိုင်တည်း ဆုံးဖြတ်မိပါသေးသည်။ သူ့ကို ချစ်မိသွားပြီပဲ။ အကောင်းအဆိုးအားလုံးကို သူမ ရင်ဆိုင်ရဲရမည်ပေါ့။ စွန့်လွှတ်ခြင်း၊ အလျှော့ပေးခြင်းဖြင့်သာ သူ့ကို အနိုင်ယူရန် သူမ ပြင်ဆင်ရတော့မည်ပင်။

သူ့မျက်နှာလေးကို သူမ ငေးကြည့်မိလိုက်တော့ သူမ တကယ် သူ့ကို ချစ်သွားသည်မှာ သေချာနေပြီလေ။

သူမ လက်ဖဝါးလေးတစ်ဖက်ကို သူ လှမ်းကိုင်လိုက်ရင်ပဲ သူမ ဘဝကြီး ပြည့်စုံသွားရပါ၏။



ကျောင်းပြန်လာကတည်းက အလုပ်ရှုပ်နေသော ရေးမမီအိမ်သို့ သစ်သောလူ သွားလည်ဖြစ်ပါသည်။ ရေးမမီသည် ဒီဝသံနှင့် တရားဝင် ချစ်သူဖြစ်သွားသည်ကို သိနေသော်လည်း ရေးမမီအပေါ်တွင်ဖြစ်နေသော သူ့ခံစားချက်များက ပျက်ယွင်းမသွား။ ရေးမမီကို အရင်တိုင်း ချစ်မြဲသာ။

ရေးမမီကတော့ ချစ်သူရှိသွားသူပီပီ သူနှင့် အခေါ်အပြော သိသိသာသာ လျော့နည်းသွားပါသည်။

"ထိုင်ခုံမှာ ထိုင်စောင့်နေတာ။ ဘာဖြစ်လို့ မလာတာလဲဆိုတာ သိချင်လို့ လာကြည့်တာ"

နောက်ဖေးတွင် အလုပ်ရှုပ်နေသော သူမကို ပြတင်းပေါက်မှ သူ လှမ်းမေးလိုက်တော့ သူမ လှည့်ကြည့်ပါသည်။

"အင်း . . . ဒီမှာ မုန့်လုပ်နေလို့လေ။ ဒါနဲ့ ဘာဖြစ်လို့ ထိုင်စောင့်နေတာလဲ? ပြောစရာရှိလို့လား?"

အရင်တုန်းက ပြောစရာမရှိလည်း ဒီလိုပဲ ညနေတိုင်း စကားပြောနေကျပါ။ သို့သော် အခု ပြောစရာရှိမှ စကားပြောခွင့်ရှိတော့မည့် အခြေအနေသို့ ကူးပြောင်းသွားပြီလား။ ဒါဆို ဒီဝသံက တော်တော့်ကို စည်းရုံးကောင်းလှပေသည်။

"ဘာမုန့်တွေ လုပ်နေတာလဲ . . . ရေး"

သူ စကားလမ်းကြောင်းလွှဲကာ စပ်စုသလို မေးလိုက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"အင်း . . . ဝသံ့အတွက်လေ"

"ဝသံ့အတွက်?"

ဝသံ့အတွက် သူမက  မုန့်လုပ်ပေးနေသည်တဲ့။

"မနေ့က ငှက်ပျောရွှေကြည် စားချင်တယ်တဲ့။ အဲဒါကြောင့် သူ ပျော်သွားအောင် အခု လုပ်ပေးနေတာ"

ကြည်နူးမှုအတိနှင့် ပြောလိုက်သော သူမစကားကြောင့် သူ တကယ် စိတ်မကောင်း ဖြစ်သွားရပါသည်။ ဝသံ စားချင်တယ်ဟု ပြောလိုက်သည့် စကားလေးကိုပင် ရေးက အလေးအနက်ထားပြီး မုန့်လုပ်ပေးနေသည်တဲ့။ ရင်ထဲလည်း နင့်ခနဲ ခံစားလိုက်ရပါသည်။

"သူက ငှက်ပျောရွှေကြည် ကြိုက်လို့လား ရေး"

"ကြိုက်မှာပါ"

"သူ ကြိုက်မှန်း၊ မကြိုက်မှန်းသေချာမသိဘဲနဲ့ ရေးက အပင်ပန်းခံပြီး လုပ်ပေးနေတာပေါ့။ ဟုတ်လား"

"အင်း . . . သူ နည်းနည်းလောက်ဖြစ်ဖြစ် စားလိုက်ရင်ပဲ ရေးက ကျေနပ်မှာလေ . . . ကိုလူရာ"

တကယ်ပါ။ သူလေ ဝသံကို တကယ်အားကျမိတာပါ။ သူ တကယ် ဝသံ ဖြစ်ချင်နေမိသည်။ ငါသာ ဝသံဖြစ်ရင် ဘယ်လောက်ကောင်းလိုက်မလဲလို့ အကြိမ်ကြိမ် စိတ်ကူးယဉ်ကြည့်နေမိပြီဖြစ်၏။ ငါသာ ဝသံဖြစ်လို့ကတော့ သူမ လုပ်ပေးသည့် မုန့်များကို မကြိုက်သည့်တိုင် အကုန်လုံးကုန်အောင် အောင့်အည်းပြီး စားလိုက်မိမည်ပင်။ ဒါမှ သူမ ပျော်ရွှင်ရမည်လေ။

သူမကိုယ်တိုင်လုပ်ထားသည့် မုန့်လေးကို နည်းနည်းလောက်ဖြစ်ဖြစ် စားချင်နေသည့် သူ့စိတ်ကို သူ ဘယ်လိုမှ ထိန်းမရတော့။

"နည်းနည်းလောက် ပေးမြည်းမလား . . . ရေး"

သူတောင်းဆိုတော့ သူမ ခေါင်းညိတ်ပြီး တုံ့ပြန်ပါသည်။

"အင်း . . . ရတယ်။ ပေးမြည်းမယ်။ ဒါပေမဲ့ သူ့အတွက် အရင်ချိုင့်ထဲထည့်ပြီး ပိုမှ ကျွေးမယ်နော်။ ဖြစ်မလား?"



ပွင့်လင်းလှသည့် သူမစကားကြောင့် သူ စိတ်မကောင်းဖြစ်ပြီး ငိုချင်သွားပါသည်။ သို့သော်လည်း သူ ကြိုးစားကာ ပြုံးလိုက်ရင်း ခေါင်းညိတ်လိုက်ရပါသည်။ သူ့အဖြစ်က ဝသံပိုမှ စားရတော့မည်ပဲ။ ဒါပေမဲ့ သူ ကျေနပ်နေမိပါသေးသည်။ ရင်နင့်အောင် ခံစားနေရသော်လည်း ကျေနပ်နေရပါသေး၏။

"ဒါဆို ကျေးဇူးပဲ . . . ရေး"

"အင်း . . . မုန့်ကျက်ဖို့ လိုသေးတယ်။ ပြီးမဲ့အချိန် မှန်းပြီး ပြန်လာခဲ့လေ။ ရေးက မုန့်လုပ်နေတော့ ကိုလူ့ကို ဧည့်မခံနိုင်ဘူး"

"ဒါဆို ကိုယ် အိမ်ရှေ့က သစ်သားခုံတန်းမှ စောင့်နေမယ်"

"မစောင့်နေနဲ့တော့ . . . ကိုလူ။ ရေး ဒီနေ့ အဲ့ဒီမှာ လာထိုင်ဖြစ်တော့မှာ မဟုတ်ဘူး။ မုန့်လုပ်ပြီး စာကြည့်ရဦးမယ်လေ . . နော်"

အလုပ်ရှုပ်ရင်း ပြောလိုက်သော သူမစကားကြောင့် သူ လွန်စွာ စိတ်မကောင်းဖြစ်ရသော်လည်း ကြိုးစားပြီး ပြုံးလိုက်ရပါသည်။ အင်းလေ . . . သူက ရှုံးသူပဲ။ ပေးဆပ်ရမည့်လူ သက်သက်ပဲ။ သူ တောင့်ခံပေါ့။

"ဒါဆို မုန့်ကျက်လောက်တဲ့အချိန် ပြန်လာခဲ့မယ်နော် . . . ရေး"

"အင်း . . ."

ရေးတို့ နောက်ဖေးပြတင်းပေါက်မှ သူ ပြန်ထွက်ခဲ့လိုက်ပါသည်။ သူ့ရင်ထဲ ဗလောင်ဆူနေပါသည်။

ငါ ဘာလို့ ဝသံရဲ့ ခြေဖျားလောက်တောင် ကံမကောင်းရတာလဲကွာ။ သူ ထိုစကားကို ထပ်ကာထပ်ကာ ရေရွတ်ရင်းကာ မျက်ရည်ဝေ့ရပါတော့၏။ သူမက ပြောသည့်အတိုင်း တကယ်ပင် ဝသံအတွက်ဖယ်ပြီး ပိုမှ သူ့ကို ငှက်ပျောရွှေကြည်တစ်တုံး ကျွေးပါသည်။ သို့သော် သူက ကျေနပ်၊ မက်မောစွာ ထိုငှက်ပျောရွှေ ကြည်တုံးလေးကို စားဖြစ်ခဲ့ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ ကျောင်းတွင် သူမပေးသည့် မုန့်များကို ဒိဝသံတို့ အုပ်စု တစ်ယောက်နှင့်တစ်ယောက် ပစ်ပေါက် ဆော့ကစားကြပါသေးသည်။ ဒိဝသံသည် ထိုမုန့်ကို အမြတ်တနိုးထားပြီး မစားခဲ့ပါ။

ထို့ကြောင့် စိတ်မကောင်းဖြစ်ကာ ရင်ဘတ်အောင့်ရသူက သစ်သောလှူ။

ထိုသို့ သူတို့ဆော့ကစားကြောင်း ရေးမမီကို ပြန်ပြောပြတော့ ရေးမမီက သူမမုန့်ကြောင့် ဝသံ ခဏလေးဖြစ်ဖြစ် ပျော်ရွှင်ရရင်ပဲ ကျေနပ်နေပါတယ်တဲ့။ စိတ်ဆိုးဖို့ ဝေလာဝေး။

ကြားထဲက မခံမရပ်နှင့် စိတ်မကောင်းဖြစ်ကာ ကျောင်းဆင်းချိန်တွင် အခန်းထဲ၌ မုန့်များကို တံမြက်စည်းဖြင့်တောင် မလှဲဘဲ လက်ဖြင့် တယုတယကောက်ကာ သေသေချာချာ သန့်ရှင်းရေးလုပ်ပြီး စာသင်ဆောင်အရှေ့က ချေးမကြီးကို ကျွေးခဲ့သူကတော့ သစ်သောလှူပင်။

ထိုနေ့က  သစ်သောလှူ ဖယ်ရီဝင်းကို နောက်ကျပြီးမှ ရောက်ပါ၏။ ထို့ကြောင့် သစ်သောလှူ ဖယ်ရီကား မမီလိုက်ချေ။

မုန့်များကို ကောက်နေရသောကြောင့် သစ်သောလှူ ဖယ်ရီမမီလိုက်ကြောင်း တခြား ဘယ်သူမှ မသိလိုက်ပါ။ သစ်သောလှူ၏ ဝမ်းနည်းမှုကိုလည်း တခြား ဘယ်သူကမှ အသိအမှတ်မပြုမိပါ။



ပျက်စီးသွားတဲ့ မိုးသောက်ယံ

ဝက်ဝံလေးကလေ
နံနက်ပိုင်းမှာပေါ့။
စုထားလိုက်ရတဲ့ နှင်းခဲတွေ
ဟော . . . ရေခဲတုံးကြီးတောင်ဖြစ်လို့
နောက်ပြီး ငါးတွေ ဖမ်းထားသေးတယ်။
နောက် . . . ထင်းတွေလည်း ရှာထားတယ်။
ငါးတွေကို ကင်ဖို့လေ။
ငါးတွေ ဖမ်းထားရလို့ သူ့တစ်ကိုယ်လုံး စိုရွှဲနေပေမဲ့
သူ မောတယ်မရှိပါဘူး။
ရုတ်တရက် . . . နေမင်းကြီး ထွန်းလင်းလာတယ်။
နေရှိန်ကြောင့် ရေခဲတုန်းတွေပျော်ကာ ရေစီးကြောင်းတွေ ဖြစ်ကုန်၏။
ထိုရေစီးကြောင်းနှင့်အတူ ငါးတွေ မျောကုန်ပြီ။
ထင်းတွေလည်း ရေစိုကုန်ပြီ။
ငါးကင်စားမယ်ဆိုတဲ့ သူ့အတွေးက နှုတ်ဆက်ထွက်သွားချေပြီ။
တောက် . . . နေမင်းကြီးကြောင့် သူ့မိုးသောက်ယံ ပျက်စီးသွားရပြီ။
သူ မကျေမနပ် ရင်ထုမနာ ခံစားနေရချိန်
ကောင်းကင်တွင် တင့်တင့်တယ်တယ် ထွန်းလင်းနေတာကတော့
နေမင်းကြီးပင်။



www.burmeseclassic.com

www.burmeseclassic.com

တကူးတကပင် သူမ မနက်စောစောထကာ ဝသံ့အိမ်လမ်းထိပ်တွင် သွားစောင့်နေမိပါတော့သည်။

တကယ်တော့ သူမ ခြေလှမ်းများကို သူမပင် မပိုင်ချင်တော့ပါ။ ယနေ့ ဒီဝသံ့မွေးနေ့။ ထိုပကြောင့် ဒီဝသံ့ကို ဘုရားတက်စေချင်သည့် စိတ်ကို ထိန်းမရဘဲ သူမ ယခု သူတို့လမ်းထိပ်သို့ ရောက်နေခြင်းဖြစ်ပါသည်။ အချိန်တန်တော့ Mark II လေးကို မောင်းထွက်လာသော ဝသံ့ကို သူမ လှမ်းတွေ့လိုက်ရသောကြောင့် လက်ဖြင့် တားလိုက်ရလေသည်။

သူမ အနီးတွင် ဝသံက ကားလေးကို ရပ်လိုက်ပါသည်။

"ရေး . . . ဘာလာလုပ်နေတာလဲ?"

သူ တအံ့တသြနှင့် မေးလိုက်ပါသည်။

"ဝသံ့ကို အမိလာဖမ်းတာလေ"

သူ သဘောကျသလိုလေး ပြုံးလိုက်၏။

"ဘာအတွက်?"

"ဒီနေ့ ဝသံ့မွေးနေ့လေ။ မနက်စောစောစီးစီး မွေးနေ့ဆုတောင်းစကား ပြောချင်လို့ ဒီမှာလာစောင့်နေတာ"

"အပင်ပန်းခံလို့ကွာ။ လာ . . . လာ . . . ကားပေါ်တက်"

သူ ကိုယ်ကိုင်းရင်း သူမတက်ရန် ကားတံခါးကို ဖွင့်ပေးပါသည်။ သူမ ကားပေါ်သို့ တက်လိုက်ပါသည်။



"ဘာစားပြီးပြီလဲ?"

"မစားရသေးဘူး။ ဝသံ့အတွက် အရင်ဦးဆုံး မွေးနေ့ဆုတောင်းစကား ပြောချင်လို့"

"ကောင်းကွာ . . ."

သူ သဘောကျစွာ ရယ်လိုက်ပါသည်။

"ရေး မပြောလည်း ကိုယ်က ရေး ဆုတောင်းပေးမယ်ဆိုတာ သိပြီးသားပါကွာ။ ဒါဆို အခု ကိုယ်တို့ မနက်စာစားဖို့ ချိန်းထားတယ်။ ရေးလိုက်ခဲ့နော်"

"ကျောင်းထဲမှာလား . . . ဝသံ"

"မဟုတ်ဘူး။ ဆိုင်တစ်ဆိုင်မှာ။ အဝံ စီစဉ်ထားတာလေ။ ကိုယ်က ဒကာခံပေါ့။ ဒါနဲ့ ရေး အမဲသားစားတယ်မို့လား?"

"ဘာဖြစ်လို့လဲ?"

"ကိုယ်တို့ beefsteak စားကြမလို့လေ"

သူ ပြောရင်း ကားလေးကို မောင်းထွက်လိုက်ပါတော့သည်။

"မွေးနေ့မှာ သက်သတ်လွတ်မစားဘူးလား . . . ဝသံ"

မသိသူကို သိအောင်ပြောပြီး သိမ်းသွင်းရမည်က သူမ တာဝန်။ ထို့ကြောင့် သူမ ပေါ်တင်မေးလိုက်မိပါသည်။

"ကိုယ်တစ်ခါမှ အဲ့လို သက်သတ်လွတ်တွေ၊ ဘာတွေ မစားဖူးဘူး"

"ဒါဆို စားကြည့်ပါလား"

"ဘာအတွက်"

"ကိုယ့်မွေးနေ့မှာ သတ္တဝါလေးတွေကို အသက်ရှင်ခွင့်ပေးတဲ့အနေနဲ့ပေါ့။ နောက်ပြီး အဲ့ဒါ ကုသိုလ်လည်း ရတယ်လေ"

သူ ကျေနပ်စွာ ပြုံး၏။

"ဘာလဲ? ရေးကို သရော်တာလား . . . ဝသံ"

"မဟုတ်ပါဘူး။ ရေးပြောတာကို သဘောကျလို့ပါ။ ဒါပေမဲ့ ကိုယ်တို့က beefsteak စားဖို့ ချိန်းပြီးသွားပြီကွ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ဖျက်လိုက်ပေါ့ . . . ဝသံရယ်"

"အားနာစရာကွာ"

"သက်သတ်လွတ်နဲ့ပဲ ဧည့်ခံလိုက်ပေါ့"

သူမကို သူ စေ့စေ့ကြည့်လိုက်မိပါသည်။ ဒီမိန်းကလေးက သူ့ကို တရားချနေသည်တဲ့လား။ နောက်ပြီး သူမပြောနေသည့် စကားများက နည်းလမ်းကျနေပါသည်။

"မွေးနေ့မှာ သက်သတ်လွတ်စားရမယ်ပေါ့။ ဟုတ်လား . . . ?"

"အင်းပေါ့"

"နောက်ရော . . . နောက် ဘာထပ်လုပ်ရဦးမှာလဲ?"

သူ စိတ်ပါ လက်ပါမေးလိုက်တော့ သူမ သဘောကျစွာ ပြုံးလိုက်ပါသည်။ ကြည့် . . . ဝသံက ပြောရလက်ပေါက်ကပ်သည့် လူတစ်ယောက်မဟုတ်။

"ဝသံမွေးနေ့မှာ ဘုရားတက်ဖူးလား?"

"ဘုရား?"

"အင်းလေ . . . ဘုရားတက် ရှိခိုး၊ ရေသပ္ပာယ်။ ပြီးရင် ဆွမ်းတောင်း၊ ငှက်လေးတွေ အစာကျွေး၊ အဲ့ဒါတွေ လုပ်ဖူးလား?"

သူမစကားများကို သူ အံ့အားသင့်စွာ နားထောင်ရင်း ခေါင်းခါလိုက်မိပါသည်။

"ဟင့်အင်း . . . ကိုယ်တစ်ခါမှ မလုပ်ဖူးဘူး"

"လုပ်ကြည့် အရမ်းအေးချမ်းတာ"

"မလုပ်ချင်ဘူး။ သူငယ်ချင်းတွေနဲ့ ချိန်းပြီးပြီ"

သူမကို သူ ပွင့်ပွင့်လင်းလင်းပင် ငြင်းလိုက်ပါသည်။

"သေချာလား . . . ဝသံ၊ ဘုရားမတက်ဘူးဆိုတာ"

"အင်း . . . သူငယ်ချင်းတွေနဲ့ ချိန်းပြီးပြီလေ . . . ရေးရယ်။ မနက်ဖြန် တက်ကြတာပေါ့"

သူ အတည်ပြောနေမှန်း သူမ ကောင်းစွာရိပ်မိပါသည်။ ထို့ကြောင့် သူမ အချိန်ဆွဲမနေချင်တော့။



"အင်း . . ဒါဆို ကားရပ်လိုက်ပါ . . . ဝသံ"

"ဘာဖြစ်လို့လဲ?"

"ရေး . . . ဒီနေ့ ဘုရားတက်ရမယ်လေ"

"ဘာအတွက်?"

"ဝသံ့အတွက် ကောင်းမှုကုသိုလ် လုပ်ပေးမလို့ပေါ့"

သူ အံ့အားသင့်ပြီး သူမကို လှည့်ကြည့်ဖြစ်သွားပါသည်။ ထို့နောက် သူ့ခြေထောက်ကလည်း အလိုလို ကားဘရိတ်ကို နင်းမိသွားပါသည်။ ကားရပ်သွားသော ကားပေါ်မှ သူမဆင်းရန်ပြင်သော် သူမ လက်ဖဝါးလေးကို သူ မြတ်နိုးစွာ လှမ်းကိုင်လိုက်ပါသည်။

"ကိုယ် ဒီနေ့ မင်းနဲ့အတူ ဘုရားတက်ဖြစ်သွားပြီနဲ့ တူတယ် . . . ရေး"

သူ့စကားကြောင့် အံ့ဩပြီး ပျော်ရွှင်ရသူသည် ရေးမမီ။

"ကိုယ့်အတွက် ရေးတောင် ကောင်းမှုလုပ်ပေးနိုင်သေးတာပဲ။ ကိုယ်လည်း လုပ်သင့်တာပေါ့နော်"

"အင်းပေါ့ . . . "

"ဒါဆို အခု ကိုယ်တို့ ဘုရားတစ်ခုဆီ မောင်းလိုက်သင့်ပြီပေါ့"

ကျေနပ်စွာ သူ့နှာခေါင်းလေးကိုပင် အသည်းယားစွာ ကိုင်ဆွဲလိုက်မိပါတော့သည်။

"ဝသံက လိမ္မာလိုက်တာ။ ရေး ဝသံ့ကို ချစ်မိတာ အရမ်းမှန်သွားပြီ၊ သိလား?"

သူ ခေါင်းညိတ်ပါ၏။

"အင်းပေါ့ . . . ဒါဆို ရေးဆက်ချစ်လေ . . . နော်"

"အင်းပါ"

သူ ကားလေးကို ဘုရားဆီသို့ ဦးတည်မောင်းနှင်လိုက်မိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားပေါ်တက်ပြီး ဘုရားရေသပ္ပာယ်၊ ရှိခိုး၊ ပန်းကပ်ပြီးသော် သူမ နှင့်အတူ ပျော်ရွှင်စွာ ငှက်လေးတွေ လွှတ်ပေးဖြစ်ပါသေးသည်။ ထို့ နောက် သူမနှင့်အတူ ခိုစာကျွေးဖြစ်ပါသေးသည်။

"သိပြီလား? ဘယ်လောက် စိတ်လန်းရွှင်ရလဲဆိုတာ"

"အင်းနော် . . . နောက်နှစ်တိုင်း ကိုယ်တို့ ဒီလိုပဲ ကောင်းမှုလုပ် ကြမယ်နော် . . . ရေး"

ဘုရားပေါ်တွင် လမ်းလျှောက်နေရင်း ပြောလိုက်သော သူ့စကား ကြောင့် သူမ ခြေထောက်များပင် တန့်သွားရပါ၏။ သူက သူမထံတွင် သူ့မွေးနေ့တိုင်းအတွက် ပူဆာနေသောကြောင့်ပင်။ ထိုစဉ် သူက သူမ လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်ပါသေးသည်။

"ဆက်လျှောက်မယ်လေ . . . ရေး"

ငေးကြောင်ကာ ရပ်နေသော သူမကို သူ အေးချမ်းစွာပြော၏။ သူ့လက်ဖဝါးလေးထဲတွင် သူမ လက်ဖဝါးလေး ရှိနေသေးသည်။

"အင်း . . . ဆက်လျှောက်တာပေါ့"

"ကိုယ်မေးတာကို ဖြေပါဦး"

သူမ ပျော်ရွှင်လွန်းပြီး ဘာပြန်ဖြေရမည်ကိုပင် မသိနိုင်တော့။

"ကိုယ့်အတွက် နှစ်တိုင်း ဒီလိုပဲ ကောင်းမှုလုပ်ပေးနော် ရေး"

"တကယ်လုပ်ပေးရမှာလား . . . ဝသံ"



"အင်းပေါ့"

သူမ လက်ဖဝါးလေးကို ဖျစ်ညှစ်ရင်း သူပြောလိုက်သော် သူမရင် ထဲ ပျော်ရွှင်မှုက ရှိန်းခနဲပင် ဖြစ်သွားရပါသည်။

"စိတ်ချပါ။ ရေး . . . ဝသံ့အတွက် ဒီလိုပဲ တစ်သက်လုံး ကောင်း မှုလုပ်ပေးမယ်"

"ကျေးဇူးကွာ"

သူ့စကားလုံးတိုင်း၊ လုပ်ရပ်တိုင်းဟာ သူမကို ကျေနပ်မှု၊ ပီတိ ဖြစ်မှုများကို ဖန်တီးပေးနိုင်ပါသည်။

"အခု ကိုယ်တို့ ဘုရားပေါ်ကဆင်းရင် ကျောင်းထဲသွားကြမယ်နော်"

"ဒီနေ့တစ်နေ့လုံး သက်သက်လွတ်ပဲ စားရမယ်နော် . . . ဝသံ"

"အင်းပါကွာ . . . အင်းပါ . . ."

သူ စိတ်မရှည်သလိုလေး ဖြေလိုက်သော်လည်း သူမ ကျေနပ်ပါ သည်။ ထိုစဉ် သူနှင့် သူမ လက်တွဲကာ လျှောက်နေသည်ကို မိန်းမကြီး တစ်ယောက် မြင်သွားပါသည်။ ထိုမိန်းမကြီးက သူနှင့်သူမကို အံ့ဩ စွာ မတ်တတ်ရပ်လို့ ကြည့်နေပါ၏။

"ဝသံ . . . ဟို အန်တီက ရေးတို့ကို ဘာလို့ကြည့်နေတာလဲ မသိ ဘူး"

သူမ ထိုမိန်းမထံသို့ မေးဆတ်ပြရင်း ပြောလိုက်သော် သူ ထို မိန်းမကြီးကို လှမ်းကြည့်လိုက်ပါသည်။ ထိုမိန်းမကြီးကို မြင်သွားသည် နှင့် သူသည် ကိုင်ထားသော သူမ လက်ဖဝါးလေးကို လွှတ်ချလိုက်ပါ တော့သည်။ ထို့နောက် ထိုမိန်းမကြီးဆီသို့ ခြေလှမ်းသွက်ကြီးများဖြင့် လျှောက်သွားပါတော့သည်။ သူမကို ရှိသည်ဟူ၍ပင် သူ မတွေးတော့ ချေ။

"အန်တီလေး"

"သားလေး ဝသံ . . . ဘာလာလုပ်တာလဲ?"



www.burmeseclassic.com

www.burmeseclassic.com

"ဘုရားလာတက်တာလေ အန်တီလေး၊ အန်တီလေးရော"

"အင်း . . . ဘုရားလာတက်တာပဲကွယ့်။ သား . . . မေမေရော နေကောင်းလား?"

ရုတ်တရက်လုပ်လိုက်သော သူ့လုပ်ရပ်ကြောင့် သူမရင်ဘတ်ထဲ အောင့်သွားရပါသည်။ အခုလေးတင် မွေးနေ့ကို တစ်သက်လုံး လုပ်ပေးရန် တောင်းဆိုနေသော သူက အခု သူမကို သူ့အသိအရေ့တွင် ဖွဲ့ထားသည့်လက်ကိုပင် ဖြုတ်ချခဲ့ပေပြီ။ သူမက သူ့အသိအရေ့တွင် မိတ်ဆက်ခွင့် မရှိသည့်အဆင့်လား။ တွေးရင်း စိတ်မကောင်းဖြစ်ကာ မျက်ရည်များပင် ဝေ့ရပါတော့သည်။

ထို့ကြောင့် စကားရပ်ပြောနေကြသော ထိုမိန်းမကြီးနှင့် သူ့ကိုကျောခိုင်းကာ ဘုရားစောင်းတန်းသို့ ဆင်းခဲ့လိုက်မိပါတော့သည်။

ဘုရားစောင်းတန်းအတိုင်း သူမ အတော်ပင် အားတင်းပြီး လျှောက်လာခဲ့လိုက်ရပါတော့သည်။ ဝမ်းနည်းမှုက ပါးပြင်သို့ မျက်ရည်များအဖြစ် စီးကျလာပါတော့သည်။

"ရေး . . ."

သူမအနောက် ခပ်လှမ်းလှမ်းမှ သူ့ခေါ်သံကို ကြားလိုက်ရသော်လည်း သူမ ခြေလှမ်းများကို မရပ်လိုက်။ ဆက်ကာ လှမ်းနေမိပါတော့သည်။

"ရေး . . . ကိုယ်ခေါ်နေတယ်လေ"

သူမအနီးသို့ သူ သွက်သွက်ပြေးလာပြီး သူမလက်မောင်းတစ်ဖက်ကို ဆွဲကိုင်ကာ သူမကိုယ်လေးကို သူ့ဖက်သို့ လှည့်လိုက်ပါသည်။

"ကိုယ်ခေါ်နေတာ မကြားဘူးလား?"

သူမ ပြန်မဖြေ။ တစ်ဖက်သို့သာ မျက်နှာလွှဲထားလိုက်မိပါသည်။ စိတ်မကောင်းဖြစ်နေသောကြောင့် မျက်ရည်များကတော့ စီးကျနေဆဲ။

"ဖြေလေကွာ . . . ကိုယ်ခေါ်တာ မကြားဘူးလား?"



"ကြားတယ်"

သူမ ရှိုက်သံကို ထိန်းရင်းဖြေလိုက်တော့ သူက သူမမေးစေ့လေးကိုကိုင်ကာ မျက်နှာကို ဆွဲမော့လိုက်ပါသည်။

"ဟင်? မင်းငိုနေတယ် . . . ဟုတ်လား . . . ရေး . . ."

"မဟုတ်ဘူး"

"မဟုတ်ဘူးဆို မင်းမျက်နှာက မျက်ရည်တွေက ဘယ်သူ့မျက်ရည်တွေလဲ?"

"အဲ့ဒါ ဝသံ့ကြောင့်ကျတဲ့ မျက်ရည်တွေလေ"

သူမ ပြတ်ပြတ်ပင် သူ့ကို ပြောတော့ သူ နားမလည်စွာ သူမကို ကြည့်နေ၏။

"ဘာဖြစ်လို့? ကိုယ် ဘာလုပ်မိလို့လဲ?"

သူ မသိတာလား။ မသိချင်ဟန်ဆောင်နေတာလား?

"အခုနဲ ဝသံသွားပြီး မိတ်ဆက်တဲ့လူက ဘယ်သူလဲ?"

"ကိုယ့်အဒေါ်ပါ"

"သူ့ကိုမြင်တာနဲ့ ဘာဖြစ်လို့ ရေးလက်ကို လွှတ်ချလိုက်ရတာလဲ ဝသံရယ်။ မကိုင်ချင်ရင် အရင်ကတည်းက မကိုင်ထားပါနဲ့လား။ အခု ကိုင်ထားပြီးမှ ဖြုတ်ချလိုက်တယ်ဆိုတော့ . . ."

ပြောရင်း ဝမ်းနည်းလာပြီး သူမ စကားဆက်မပြောနိုင်တော့။ မျက်ရည်များ မျက်ဝန်းအိမ်တွင် ပြည့်လာရပြန်သည်။

"သြော် . . . အဲ့ဒီအတွက်လား?"

သူက တကယ်မသိခြင်းပဲ။ သူမ ရှင်းပြလိုက်တော့မှ သဘောပေါက်သည့်ဟန်။

"အဲ့ဒီအတွက်ဆို ကိုယ်တောင်းပန်ပါတယ် . . . ရေးရယ်။ နောက်ပြီး အဲ့ဒီအန်တီက အရမ်းသဝန်တိုတတ်တာလေ။ သူက အပျိုကြီးဆိုတော့ ဘယ်တူ၊ တူမကိုမှ ရည်းစားထားတာ မကြိုက်ဘူး။ အဲ့



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် ကိုယ် လွှတ်ချလိုက်တာပါ။ ဒါပေမဲ့ ရေး ဒီလောက် အထိ ဝမ်းနည်းရလိမ့်မယ်လို့ ကိုယ်တကယ် မတွက်ခဲ့မိပါဘူးကွာ။ တကယ်"

သူ ပြောရင်း သူမ လက်မောင်းလေးကိုကိုင်ကာ သေချာစွာတောင်းပန်လိုက်ပါသည်။

"တောင်းပန်ပါတယ်ကွာ"

"မတောင်းပန်ပါနဲ့။ ဘာပဲဖြစ်ဖြစ် ရေးက နောက်ချန်ခံရတဲ့လူပါ။ ရေးကို သူငယ်ချင်းတစ်ယောက်အဖြစ်တောင် ဝသံက မိတ်မဆက်ပေးနိုင်ဘူးမို့လား?"

သူမ မျက်ရည်များကိုသုတ်ကာ သူကိုင်ထားသည့် လက်ကိုဖယ်ရင်း သူ့ကို စကားနာထိုးလိုက်မိပါသည်။

"Sorry ပါကွာ။ နောက်တစ်ခါ မိတ်ဆက်ပေးပါ့မယ်"

"နောက်တစ်ခါဆိုတာ ဆုံခဲပါတယ် . . . ဝသံရယ်။ အဲ့ဒါကြောင့် မိတ်ဆက်ပေးမယ်လို့ ဝသံ အလွယ်ပြောတာမို့လား?"

သူမစကားကြောင့် သူ တကယ်ဒေါသထွက်သွားပါသည်။ သူက ခပ်ပေါ့ပေါ့တွေးကာ သူမကို ချန်ခဲ့ခြင်းသက်သက်ပင်။ ဒါကို သူမဘက်က စွပ်စွဲချက်က ပြင်းထန်လှပါသည်။ ထွက်လာသည့် ဒေါသနှင့်အတူ သူမ လက်မောင်းလေးကို သူ လက်သီးနှင့် ထိုးလိုက်မိပါတော့သည်။

"အ . . ."

သူ့လက်သီးနှင့် ထိုးလိုက်မှုကြောင့် သူမ လက်မောင်းမှ ဆစ်ခနဲ နာကျင်မှုကို ခံစားလိုက်ရပါသည်။

"မင်း ငါ့ကို အဲ့လိုမစွပ်စွဲနဲ့ . . . ရေး။ ငါ အဲ့လောက် စိတ်ဓာတ်အောက်တန်းမကျဘူး"

သူမကို သူ ထိုးလိုက်ပါ၏။ ထိုသို့ ထိုးလိုက်လိမ့်မည်ဟု သူမ တစ်ခါမှ မတွေးဖူးပါ။ မထင်မှတ်ထားသည့် သူ့လုပ်ရပ်ကြောင့် သူမ



ဝမ်းနည်းမှုများ ဆိတ်သုဉ်းသွားပြီး သူ့ကို အံ့အားသင့်စွာ ငေးကြည့်မိနေပါတော့သည်။

"စိတ်ချ . . .။ မင်းကို ဒီနေ့ကစပြီး ငါ့အသိုင်းအဝိုင်းက လူတွေအားလုံးနဲ့ မိတ်ဆက်ပေးမယ်။ ငါ မင်းကို နောက်ချန်ခဲ့တာ ရည်ရွယ်ချက်ကြီးကြီး မရှိဘူးကွ"

သူ ထိုးလိုက်ပြီး မကျေမနပ်နှင့် ရေရွတ်နေပါသည်။

"ဝသံ . . . ရေးကို ထိုးလိုက်တယ်???"

"အင်းလေ . . . ထိုးလိုက်တာပေါ့။ ဒါမှ မင်းရဲ့ စွပ်စွဲချက်တွေ ခဏရပ်သွားမှာလေ"

"အခု လက်မောင်း အရမ်းနာသွားပြီ"

သူ အားနာသလို သူမကိုကြည့်ကာ သူမလက်မောင်းလေးကို လှမ်းကိုင်ပြီး . . .

"Sorry ပါကွာ။ မင်းက ကိုယ့်ကို ဒေါသထွက်အောင်ပြောတာကိုး"

"ဝသံ . . . တကယ် ဒေါသထွက်သွားတာလား?"

"အင်းပေါ့ . . . ထွက်သွားတာပေါ့။ ရေးပြောတာကိုလည်း ပြန်စဉ်းစားကြည့်ဦးလေ။ မသိရင် ကိုယ်ကပဲ ကျောရရုံကြံတတ်တဲ့ယောကျ်ားကြီးကို ဖြစ်လို့"

"ဟယ် . . . ရေး အဲ့လိုမရည်ရွယ်ပါဘူး . . . ဝသံရယ်"

မျက်နှာကြီးစူပုပ်ကာ ပြောလိုက်သော သူ့ဘက်ကခံစားချက်ကြောင့် သူမ လက်မောင်းက ဒဏ်ရာကိုမေ့ပြီး သူ့ကို တကယ်အားနာသွားမိပါ၏။ သူမ ဝမ်းနည်းရုံသက်သက်သာ။ သူ့ကို ထိုသို့ စိတ်ထိခိုက်သွားစေဖို့ မရည်ရွယ်ပါ။ ထို့အပြင် ယနေ့က သူ့မွေးနေ့ကြီး။ သူများမွေးနေ့မှာ သူများကို စိတ်ကသိကအောင့်ဖြစ်အောင် ပြောမိသည့် သူမကိုယ်သူမပင် စိတ်ပျက်မိပါသည်။

"ရေး တောင်းပန်ပါတယ် . . . ဝသံရယ်"



www.burmeseclassic.com

www.burmeseclassic.com

"မတောင်းပန်နဲ့ . . . ရေး၊ ကိုယ်တောင်းပန်တာကိုပဲ လက်ခံ။ နောက်ပြီး နောက်နောင် ကိုယ့်အသိုင်းအဝိုင်းက လူတွေအားလုံးနဲ့ ရေးကို မိတ်ဆက်ပေးမယ်ဆိုတဲ့ ကတိကိုလည်း ပေးတယ်။ ဟုတ်ပြီလား?"

သူမ လက်မောင်းလေးကို လက်ဖြင့် ဖွဖွပွတ်ပေးရင်း သူပြောလိုက်ပါသည်။

"အင်း . . . ရေး ဝသံ့ကတိကို ယုံပါတယ်"

"ကြည့် . . . အဲ့ဒီလို အခုနတည်းက ဖြစ်သင့်တာ။ ခုတော့ လက်မောင်းအထိုးခံပြီးမှ စိတ်ဆိုးပြေတယ်။ ဒီမှာ ထိုးမိတဲ့လူက စိတ်မကောင်း ဖြစ်နေရပြီ"

သူ စိတ်မကောင်းစွာလေးပြောတော့ သူမ သူ့ကို အားနာသွားရပါသည်။ ဟုတ်သားပဲ။ မွေးနေ့မှာ သူ့ကို စိတ်မကောင်းဖြစ်အောင် သူမ မလုပ်သင့်ပါ။

"စိတ်မကောင်းမဖြစ်နဲ့တော့ . . . ဝသံ။ ရေး နားကောက်လို့ ဝသံ ဆုံးမတယ်လို့ပဲ မှတ်လိုက်တော့"

"မရဘူး . . . လူက စိတ်မကောင်းဖြစ်နေရပြီ"

"စိတ်မကောင်းဖြစ်တာကို ရေး ဖျောက်တတ်တယ်"

သူ အံ့အားသင့်စွာ သူမကိုကြည့်၏။

"ဟုတ်လား?"

"အင်း . . . ဟုတ်တယ်။ နောက်ပြီး ဝသံကိုလည်း မွေးနေ့လက်ဆောင်ပေးရဦးမယ်"

"ဘာများလဲရေး . . ."

သူ သိချင်စွာမေး၏။ သူမ အခု ရှက်နေပါပြီ။ ချစ်သူကို သူမ မွေးနေ့လက်ဆောင် ဘာများပေးလိမ့်မည်နည်း။ အခုလောလောဆယ် သူမလက်ထဲတွင် ဘာမှလည်း ရှိမနေပါ။ သို့သော် ချစ်သူအတွက် မွေးနေ့လက်ဆောင်ကို သူမ ပြင်ဆင်ပြီးသွားပြီပင်။



ဘုရားပေါ်ရောက်နေကြောင်းကို ခေတ္တမေ့ထားလိုက်ပြီး သူမ အားတင်းကာ အရှက်ကိုဖယ်ပြီး သူ့ကို မွေးနေ့လက်ဆောင် တိတ်တဆိတ် ပေးလိုက်မိပါသည်။

"ဟာ . . . ရေး . . . ရေး . . ."

သူမ မွေးနေ့လက်ဆောင်ကို သူ အလွန့်အလွန်ကို အံ့သြနေပါတော့သည်။ တကယ် အံ့သြနေပါတော့၏။

"ရေး . . . ကိုယ့်ကို နမ်းလိုက်တယ်????"

"မွေးနေ့လက်ဆောင်လေ"

သူ ပျော်လွန်းမက ပျော်ရွှင်သွားပါတယ်။ ထို့ကြောင့် အခုန သူမကို ထိုးမိသည့် စိတ်မကောင်းဖြစ်မှုကိုပါ မေ့လိုက်နိုင်ပေပြီ။

"ကျေးဇူးတင်လိုက်တာ . . . ရေးရယ်။ ကျေးဇူးပဲနော်"

သူ ပျော်ရွှင်လွန်းပြီး သူမကိုယ်လေးကို ဆွေ့ခနဲ ပွေ့ချီလိုက်ပါတော့သည်။

"ဟေး . . . ငါ့ချစ်သူက ငါ့ကို ဒီနေ့ မွေးနေ့လက်ဆောင် လှလှလေး ပေးတယ်ကွ"

သူမကို ပွေ့ချီရင်း သူ ပျော်ရွှင်စွာအော်ဟစ်တော့ ဘုရားစောင်းတန်းတွင် ရှိနေသည့် လူတချို့က သူ့ကို အံ့အားသင့်စွာ ငေးလို့ကြည့်နေပါတော့သည်။

"ဝသံ . . . ဒါက ဘုရားပေါ်နော် . . . သတိလည်းထားဦး"

သူမ အတင်းရုန်းသောကြောင့် သူမကို သူ မြေပေါ်သို့ ပြန်ချပေးလိုက်ပါသည်။

"ဒါပေမဲ့ ဘုရားပေါ်မှာ အနမ်းကို လက်ဆောင်ပေးတာ ဘယ်သူလဲ?"

သူမ အနားသို့ကပ်ကာ သူ တီးတိုးပြောလိုက်ပါသေးသည်။

"တော်ပါတော့ . . . ဝသံရယ် . . . အစပြန်မဖော်ပါနဲ့။ ရှက်

www.burmeseclassic.com

လွန်းလို့ပါ။ ဝသုံစိတ် အပြောင်းအလဲဖြစ်သွားအောင်သာ အဲဒီ လက်ဆောင်ပေးရတာ။ ရေး ဘယ်လောက်ရှက်နေပြီထင်လဲ?"

သူမ ရှက်ကိုးရှက်ကန်းပြောတော့ သူက ခေါင်းလေးညိတ်ရင်း ပါးစပ်ကို လက်ဖဝါးနှင့် ပိတ်ပြပါသည်။

"အင်းပါ . . . ကိုယ် ထပ်မပြောတော့ပါဘူးနော်။ မပြောတော့ဘူး။ ကဲ . . . အခု ဘယ်သွားမလဲ? ပြော။ ကိုယ်လိုက်ပို့ပေးမယ်"

"ကျောင်းထဲပဲ သွားတော့မယ်ဆို"

"ဩော် . . . ဟုတ်သားပဲ။ ကြည့် . . . ရေးရဲ့ မွေးနေ့လက်ဆောင်ကြောင့် ကိုယ် လောကကြီးကိုတောင် မေ့ချင်နေပြီ"

သူမအနားသို့ကပ်ကာ တီးတိုးပြောပြီး သူ ထွက်ပြေးသွားပါသည်။ သူမ ရှက်ကိုးရှက်ကန်းနှင့်သူ့ကို ငေးကြည့်မိနေပါသည်။ သူ ဟိုခုန်၊ ဒီပေါက်နှင့် ပျော်ရွှင်စွာ ဘုရားပေါ်မှ ဆင်းသွားသည်ကို ကြည့်ရင်း သူမလည်း ဘုရားပေါ်မှ ဆင်းခဲ့လိုက်ပါသည်။

သူ လက်မောင်းကို ထိုးလိုက်သော်လည်း သူမ စိတ်မဆိုးခဲ့မိချေ။ ထူးဆန်းပါဘိ။



ခုံတန်းရှည်လေးတွင် စာထိုင်ကျက်နေသော သူမကို တွေ့လိုက်သောကြောင့် သူ အိမ်ပေါ်မှဆင်းခဲ့ကာ သူမအား ခုံတန်းရှည်တွင် ဝင်ထိုင်လိုက်မိပါသည်။

"Exam လား?"

"အင်း . . ."

သူမ စာကိုသာ စိတ်ပါဝင်စားစွာ ဆက်ကျက်နေပါသည်။ ထိုစဉ်သူ အားချင်းကပ်ထိုင်ရင်း သူမကို သတိမေ့ကာ ငေးမိနေပါသည်။ မထင်မှတ်ပဲ သူမလက်မောင်းတွင် ညိုမည်းစွဲနေသည့် ဒဏ်ရာတစ်ခုကို တွေ့လိုက်ရသောကြောင့် သူ့ကိုယ်လေထဲသို့ မြောက်တက်သွားမတတ် စိုးရိမ်ကာ ပျာယာခတ်သွားမိပါသည်။

"ရေး . . . ရေး . . . လက်မောင်းက ညိုမည်းစွဲနေတဲ့ ဒဏ်ရာက . . . ?"

စိုးရိမ်လွန်းပြီး သူ လက်များပင် တဆတ်ဆတ် တုန်ရင်မိပါသည်။ သူ့မေးခွန်းဆုံးတော့ ရေးက ခပ်ပေါ့ပေါ့ပင် ပြုံး၏။ ဒဏ်ရာကို တွေ့သည်နှင့် သူက ပျာယာခတ်နေသော်လည်း ရေးကတော့ အေးအေးဆေးဆေးပင်။

"ဩော် . . . မနေ့ကလေ . . . ရေး နားထောက်နေတုန်း လာထာ ထိုးလိုက်တာ"

www.burmeseclassic.com

ထိုအဖြေကိုပြောသည့် သူမက ပြုံးနေ၏။ ဟာ . . . ဒိဝသံ။ သူက ရေးကို ထိုးလိုက်သည်တဲ့။ သူ့နားကိုပင် သူမယုံနိုင်။ သူက ရေးကို မာမာပင်မကြည့်ရက်။ သူ မကြည့်ရက်သည့်ရေးကို ကိုယ်ထိလက်ရောက် ထိုးလိုက်သည့်ဒိဝသံ။ သို့သော် ရေးက ဒိဝသံကို လုံးဝ စိတ်မဆိုး။ အေးအေးလူလူပင်။

"မနေ့က သူ ရှင်းပြနေရဲ့သားနဲ့ ရေးက အရမ်းကြီးနားကောက်နေလို့ သူ ထိုးလိုက်မိတာပါ။ ရေးမှားတာလေ။ သူ ဖြေရှင်းတာကို အေးအေးဆေးဆေး နားထောင်ပေးသင့်တယ် မဟုတ်လား?"

"ဒါပေမဲ့ သူက ဒီလိုကြီး ထိုးလိုက်တယ်ဆိုတော့ . . ."

"ထိုးသင့်ပါတယ် . . . ကိုလူရယ်၊ ရေးကို ဒီထက်တောင် ထိုးလိုက်သင့်တာ။ သူ့ခမျာ အမောတကြီးနဲ့ကို ရှင်းပြနေရှာတာလေ။ ကိုလူတွေ့ရင် ရေးကို ဒီ့ထက်တောင် ထိုးစေချင်ဦးမှာ"

ရေးက ဒိဝသံအပေါ်တွင် အနည်းငယ်မှ စိတ်မပျက်သော်လည်း သူကတော့ ရေးဒဏ်ရာကိုကြည့်ပြီး အသည်းတဆတ်ဆတ် နာကျင်ရပါသည်။ သူက ရေးကို အသက်လိုချစ်သည်ပဲလေ။ ထို့အပြင် ဒိဝသံကိုမှ ရွေးချစ်မိသွားသည့် ရေးအချစ်ကို သူအားကျမိပါသည်။ သူ ဒိဝသံဖြစ်ချင်နေပါ၏။

* * *



သူ မနက်ကျောင်းခန်းထဲသို့ ဝင်လာတော့ ဒိဝသံ စာတစ်ပုဒ်ကို အသည်းအသန် ကူးနေလေသည်။ သူ အတန်းရှိရာသို့ မသွားသေးဘဲ ဒိဝသံဘေးတွင် ဝင်ထိုင်လိုက်မိပါသည်။

"ဒိဝသံ . . . စောတယ်နော်"

"မနေ့က လွတ်ထားတဲ့ စာလေဗျာ။ မစောလို့ မဖြစ်ဘူး"

စာကူးနေရင်း ဒိဝသံက သူ့ကို ပြန်ဖြေ၏။

"မနေ့က မင်း ရေးကို ထိုးလိုက်တယ်နော်"

မဝံ့မရဲလေးပြောလိုက်သော သူ့ကို ဒိဝသံလှည့်ကြည့်လာ၏။ ထို့နောက် မျက်မှောင်ကုတ်ရင်း . . .

"မင်းကို ရေး ပြန်ပြောတာလား?"

"မဟုတ်ဘူး။ မနေ့က သူ့လက်မောင်းမှာ ဒဏ်ရာတွေ့တာ"

ထိုအခါ ဒိဝသံက ကျေနပ်စွာ ပြုံးလိုက်ပါ၏။ သူ့ချစ်သူက သူနှင့် သူမအကြောင်းကို သူတစ်ပါးအား ပြောလေ့မရှိဟု သိရပြီး ကျေနပ်စွာ ပြုံးလိုက်ခြင်းပင်ဖြစ်သည်။ သူ ရေးလက်စသောပင်လေးကို စာအုပ်ပေါ်သို့ ချလိုက်ပါသည်။

"ဟုတ်တယ် . . .။ ငါ မနေ့က သူ့ကို ထိုးလိုက်တယ်လေ။ သူက စိတ်ကောက်နေတာကိုး။ အဲ့ဒါကြောင့် ထိုးလိုက်တာ"

www.burmeseclassic.com

ပြောနေသော ဒိဝသံကိုကြည့်ရင်း သူ လွန်စွာ အားကျမိနေပါသည်။ ချစ်သူကို လက်သီးနဲ့ထိုးပြီး ပြန်ချော့တာတောင် ချစ်သူက ဒိဝသံအပေါ်တွင် လုံးဝ စိတ်ဆိုးခြင်းမရှိ။

"သူ စိတ်ကောက်တော့ ငါ့စိတ်တွေ ရှုပ်လာတယ်လေ။ အဲ့ဒါကြောင့် ထိုးလိုက်တာ။ သူ တော်တော်နာသွားလိမ့်မယ်လို့ မတွေးလိုက်မိဘူး"

ဒိဝသံ စိတ်မကောင်းတော့ဖြစ်မှန်း သူ ရိပ်မိပါသည်။

"ငါက လောကမှာ ငါ့အပေါ်စိတ်မကောက်တတ်တဲ့ ချစ်သူကိုပဲ လိုချင်တာ . . . သစ်သောလူရ။ မင်းရော လောကမှာ ဘာဖြစ်ချင်လဲ"

ဒိဝသံ မေးရင်း စာကို ပြန်ရေးနေပါတော့သည်။

"ငါလား?"

"အင်း . . ."

"ငါက လောကမှာ မင်းဖြစ်ချင်တယ် . . . ဒိဝသံ"

သူ တိကျစွာပြောလိုက်သော စကားကြောင့် ဒိဝသံအကြည့်များ သူ့ထံသို့ ရောက်လာပါတော့သည်။

"မင်းက ပြည့်စုံတယ်။ ပျော်တတ်တယ်။ လောကကြီးကို အနိုင်ယူတတ်တဲ့ လူတစ်ယောက်အဖြစ် ဖြတ်သန်းတယ်။ အဲ့ဒါတွေ အားလုံးကို ငါ အရမ်းအားကျတယ် ဒိဝသံ"

သူ မရှက်တမ်း ဒိဝသံထံတွင် ဝန်ခံလိုက်သည့်အခါ ဒိဝသံက ပြုံး၏။

"ဒါနဲ့ မင်းရော လောကမှာ ဘာဖြစ်ချင်လဲ?"

သူ တစ်ဖန်ပြန်ပြီး ဒိဝသံကို မေးလိုက်မိပါသည်။

"ငါလား . . ."

"အင်း . . ."



"ငါက . . . ငါ့ဘဝကို အကောင်းဆုံးထိန်းကျောင်းနိုင်ပြီး ပြည့်စုံတဲ့လူတစ်ယောက် ဖြစ်ချင်တယ်"

"မင်းက အခု အဲ့လိုပဲလေ . . . ဒိဝသံ။ ငါ့ဖြစ်ချင်မှုကသာ ဘယ်တော့မှ ဖြစ်မလာနိုင်တဲ့ ဖြစ်ချင်မှုကြီးပါကွာ"

သူ စိတ်ဓာတ်ကျစွာ ပြောလိုက်မိပြန်သည်။

"ဆုတောင်းပေါ့ကွာ။ ဒါပေမဲ့ မင်းဖြစ်ချင်မှုက ဆန်းတော့ဆန်းတယ်နော်။ မင်းက ငါဖြစ်ဖို့ဆိုတာ . . . အင်း . . . တော်တော်ထူးဆန်းတယ်"

"ငါ အရင်တုန်းက ညအိပ်ရာမဝင်ခင် ဘုရားရှိခိုးရင် ဟိုဟာဖြစ်ရပါလို၏၊ ဒီဟာဖြစ်ရပါလို၏၊ ဟိုဟာလေး အောင်မြင်အောင် လုပ်ပေးပါ၊ ဒီဟာလေး အောင်မြင်အောင်လုပ်ပေးပါဆိုပြီးမဲ ဆုတောင်းလေ့ရှိတယ်။ ဒါပေမဲ့ မင်းနဲ့တွေ့ပြီးနောက်ပိုင်း ငါ ဘုရားရှိခိုးတော့ ငါ မင်းဖြစ်ရပါလို၏၊ ဒိဝသံ ဖြစ်ရပါလို၏ဆိုတဲ့ ဆုတောင်းကို ထပ်ကာထပ်ကာ ဆုတောင်းမိတယ် . . . ဒိဝသံ"

သူ့စကားဆုံးတော့ ဒိဝသံ သဘောကျစွာ ထရယ်၏။

"ဟား . . . ဟား . . . ဟား . . . မင်းကတော့လေ တော်တော်အတွေးခေါင်တာပဲ။ အဲဒါကြောင့်လည်း မင်းတစ်ယောက်တည်း ဖြစ်နေတာ။ ဟား . . . ဟား . . . ဟား . . ."

ရယ်မောရင်း ဒိဝသံ စာပြန်ကူးနေ၏။ သူလည်း ထိုနေရာမှ ထွက်ခဲ့လိုက်ပါသည်။ သို့သော် သူ အတန်းထဲသို့ ဝင်ထိုင်လိုက်ပြီးသည်အထိ ဒိဝသံကို အားကျစွာ ငေးမောနေမှန်း ဒိဝသံ မသိနိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com

သူ့ခေါင်းထဲမှ နောက်ကျိနေသည့်အတွေးများ ပြန်လည်ဆုံး[illegible] လာ၏။ ထိုစကား 'ငါက မင်းဖြစ်ချင်တာ' ဆိုတဲ့ ထိုစကား။ ထို[illegible] က သူ့အတွေးထဲမှာ ပဲ့တင်ရိုက်နေပါတော့သည်။

"သစ်သောလူဆိုတဲ့ မင်းသူငယ်ချင်းရဲ့ ဆုတောင်းက ဘုံးဆန်း လိုက်တာ . . . ဒီဝသံ"

ဒေါက်တာ့အသံကြောင့် သူ့အတွေးများ ဒေါက်တာ့အခန်းထဲသို့ ပြန်ဝင်ရောက်လာပါသည်။ တွေးနေရင်း ရုတ်တရက်ကြားလိုက်ရသော ဒေါက်တာ့အသံကြောင့် သူ အနည်းငယ်လည်း ထိတ်လန့်သွားရပါသေးသည်။

"ဟုတ်တယ် ဒေါက်တာ၊ သူ့ဆုတောင်းမှုက အရမ်းဆန်းတယ်"

"ဒါနဲ့ ဒီဝသံပြောတဲ့ သစ်သောလူဆိုတာ အခု ဘယ်မှာလဲ?"

ဒေါက်တာ့မေးခွန်းကြောင့် သူ့ရင်ဘတ်ထဲ ဆစ်ခနဲ အောင့်သွားရပါသည်။ ထိုမေးခွန်းက သူ မဖြေချင်ဆုံး မေးခွန်း။ သူ သက်ပြင်းမောကြီး ချလိုက်မိပါ၏။

"ဖြေပါဦး . . . ဝသံ။ မင်းရဲ့သူငယ်ချင်း သစ်သောလူ အခု ဘယ်မှာလဲ?"

"သူက ကျွန်တော့်သူငယ်ချင်းမဟုတ်ပါဘူး . . . ဒေါက်တာ"



သူ့စကားကို ဒေါက်တာ ခေါင်းတညိတ်ညိတ်နှင့် နားထောင်ပေးပါသည်။

"အခု သူ ဘယ်မှာလဲဆိုတာ ဝသံ ဒေါက်တာ့ကို ပြောပြချင်လား?"

သူ နောက်ထပ်တစ်ခါ သက်ပြင်းမောတစ်ခု ချလိုက်မိပြန်သည်။

"ကျွန်တော် မပြောပြချင်ဘူး . . . ဒေါက်တာ။ ဒါပေမဲ့ ကြိုးစား ပြီး ပြောပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်"

စိတ်မောစွာဖြင့် သူ့အတွေးများ အတိတ်ဆီသို့ ပြန်လည်ခုန်ဆင်း သွားရပြန်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

ယနေ့ ထူးဆန်းစွာ ဒီဝသံတို့အဖွဲ့နှင့်အတူ သစ်သောလှူကိုပါ Canteen ထဲတွင် အတူ တွဲထိုင်နေသည်ကို မြင်လိုက်ရပါသည်။

"မြင်းဆိုတာ ဇက်ကြိုးကို မလွှတ်တမ်းကိုင်ထားပြီး နာနာကျောင်းမှ သခင်နိုင်းတဲ့အတိုင်း လုပ်တာကွ။ မိန်းမဆိုတာ မြင်းလိုပဲ။ သူတို့ကို သနားလို့ကတော့ ကိုယ့်ကိုပြန်ကန်သွားမှာ . . . ဝသံ"

အဝံရဲ့ အားရပါးရ စကားဆုံးသည်နှင့် ဒီဝသံ သိသာစွာ ငေါင်စင်းသွားတော့သည်။

"ဟုတ်ပ . . .။ ချွေလေးအရောဝင် ပါးလျက်၊ နားလျက်ဆိုတာ မင်းကြားဖူးမှာပေါ့။ ဒီတော့ ရည်စားထား၊ မိန်းမယူ။ ဒါက ဝတ္တရားရှိတဲ့အတိုင်း လုပ်တာပါ။ ဒါပေမဲ့ ကိုယ့်ကိစ္စတွေအားလုံး သူတို့ရှေ့ ဖွင့်မပြလိုက်လေနဲ့။ မင်း အမှားကြီးမှားမယ်။ ပထမတော့ ငါတို့က တိုင်ပင်တာ။ နောက်ဆို ခွင့်ပြုချက်တောင်းသလိုကြီး ဖြစ်သွားရော"

မင်းသူဟကလည်း တိုင်ပင်သလိုလိုနှင့် မိန်းမ မကောင်းကြောင်း ပြောလိုက်ပြန်သည်။ သူတို့စကားများကို သစ်သောလှူက ထုံးစံအတိုင်း ရေနွေးကြမ်းကိုသာ ဖိသောက်ရင်း နားစွင့်ရုံ စွင့်နေ၏။ ဒီဝသံကတော့ ခေါင်းတညိတ်ညိတ် လည်တခါခါနှင့် စိတ်ဝင်စားစွာ နားထောင်နေပါသည်။



ထိုစဉ် သူတို့ထိုင်နေရာ Canteen ထဲသို့ ရေးမမီဝင်လာကြောင်းကို သစ်သောလှူ အရင်ဦးဆုံး တွေ့လိုက်ရပါသည်။ ထို့ကြောင့် ဒီဝသံ၏လက်မောင်းကို လှမ်းတို့လိုက်ရင်း ရင်နာနာနှင့်ပင် ရေးမမီကို ပြလိုက်ရပါသည်။

ဒီဝသံ ရေးမမီလာနေသည်ကို လှမ်းကြည့်လိုက်သော်လည်း ဘာမှ ထူးထူးခြားခြား မလှုပ်ရှား။ ရေးမမီ သူတို့ဝိုင်းနားသို့ ရောက်လာပြီး . . .

"ဝသံ . . . ရေးနဲ့ ခဏလိုက်ခဲ့ပါနော်။ ရေး သွားစရာရှိလို့"

ဟု ပြောပါသည်။ ရေးမမီစကားဆုံးသည်နှင့် ဒီဝသံ အလိုလို ထရပ်လိုက်သော်လည်း အဝံက . . .

"နင်ခေါ်တိုင်း လိုက်ရအောင် သူက နင့်ကျွန်လား . . . ရေးမမီ"

ဟု ပြောလိုက်သောကြောင့် ဒီဝသံ ထိုင်ခုံတွင် အလိုလို ပြန်ထိုင်မိရက်သား ဖြစ်သွားပါသည်။ အဝံစကားကြောင့် ရေးမမီရော၊ ဒီဝသံပါ အောင့်သက်သက် ဖြစ်သွားကြပါသည်။ ဒီဝသံက သူမနောက်သို့ လိုက်ချင်ဦးတော့ အဝံ့စကားက ဘယ်လိုသက်ရောက်သွားမည်နည်း။ သူတို့အဖြစ်ကိုကြည့်ကာ သက်ပြင်းမောချရင်း ရေးမမီကို သနားမိသူက သစ်သောလှူ။

"ကျွန်မတို့ကိစ္စမှာ ရှင် ဝင်မပါသင့်ဘူးထင်တယ် . . . အဝံ"

"ပါရမှာပေါ့။ ဒီဝသံက ငါ့ဘော်ဘော် အရင်းကြီး"

အဝံ့စကားဆုံးသည်နှင့် ရေးမမီ ချာခနဲလှည့်ရင်း Canteen ထဲမှ [illegible]က်သွားပါသည်။

"ရေး သနားပါတယ်ကွာ။ မင်းလိုက်သွားလိုက်ပါနော် . . . ဝသံ"

ထိုစကားကို သစ်သောလှူ ရင်ထဲတွင် အထပ်ထပ်အကြိမ်ကြိမ် ပြောနေမိသော်လည်း နှုတ်ကတော့ ဘာသံမှမထွက်လာ။ ထို့အပြင် ရေးလည်း ထိုသို့ မျှော်လင့်နေမှန်း သစ်သောလှူရော၊ ဒီဝသံပါ သိနေ၏။ ဘယ်မိန်းကလေးမဆို သူငယ်ချင်းထက်တော့ အရေးပေးခံချင်ကြ[illegible]။ ဒီဝသံ



www.burmeseclassic.com

www.burmeseclassic.com

အဝံတို့နှင့် စကားကောင်းဆဲ။ ရေးကိုပင် လှည့်မကြည့်။ မဖြစ်တော့။ ဒီအတိုင်း ဆက်ထိုင်မနေနိုင်တော့။

ထို့ကြောင့် စိတ်ရဲ့ ခေါ်ဆောင်ခြင်းနှင့်အတူ သစ်သောလူ ရေးမမီအနောက်သို့ အပြေးလိုက်ပါသွားမိပါတော့သည်။ ထွက်သွားသော သစ်သောလူကျောဖက်ကို ငေးကြည့်နေသူက . . . ဒီဝသံ။ ရေးမမီနောက်ကို လိုက်သွားချင်သော်လည်း သူငယ်ချင်းများအကြား မျက်နှာငယ်မည်ကိုတော့ မလိုလား။ ထို့ကြောင့် မာန်တင်းကာ Canteen ထဲတွင် ဆက်ထိုင်နေခြင်းပင်ဖြစ်သည်။

"မင်းချစ်သူနောက်ကို သင်းကွဲကြီး ပြေးလိုက်သွားတဲ့ပုံက ဘဝင်ကျဖို့ မကောင်းလိုက်တာကွာ"

"ဟုတ်ပါ့ . . . ဝသံ။ ရေးမမီက သူ့ချစ်သူ ကျနေတာပဲ။ ဘာဆိုင်လဲ? ရေးမမီထွက်သွားတာ မင်းလိုက်ချင်လိုက်မယ်၊ မလိုက်ချင် မလိုက်ဘူးပေါ့။ အခု ဘာဖြစ်လို့ ဒီကောင်က ပြေးလိုက်သွားတာလဲ"

အဝံနှင့် မင်းသူဟစကားများကို ဒီဝသံ ဘယ်လိုမျှ မတုံ့ပြန်နိုင်။

"ငါ့စိတ်ထင် သင်းကွဲကြီးက ရေးမမီကို ကြွေနေတာလား မသိဘူး . . . ဝသံ။ မင်း သတိလည်းထားဦး"

အခုတစ်မျိုး၊ တော်ကြာတစ်မျိုး၊ သူအတော်ပင် စိတ်ပျက်လာပါသည်။ ဘယ်လိုသူငယ်ချင်းတွေပါလိမ့်။ ရေးမမီနဲ့ ရည်းစားဖြစ်ကတည်းက နည်းအမျိုးမျိုးနှင့် ထင်ကြေးအမျိုးမျိုးပေးနေသည့် အဝံနှင့် မင်းသူဟ။ ဒီဝသံ ဘာမှမပြောဘဲ ထိုင်ခုံမှထခဲ့ကာ အတန်းထဲသို့ ပြန်ခဲ့လိုက်ပါတော့သည်။

သူတို့နှစ်ယောက် ထင်ကြေးအမျိုးမျိုးပေးကာ ကျန်ခဲ့မည်မှန်း ဒီဝသံ ရိပ်မိနေပါသည်။



"ရေးက ဝသံနဲ့နှစ်ယောက်တည်းတွေ့မှ ဝသံ့ချစ်သူပေါ့နော်"

ရေးနှင့်ချိန်းထားသည့် ခုံတန်းရှည်လေးတွင် သူထိုင်လိုက်သည်နှင့် ရေးထံမှ ကြားလိုက်ရသည့်စကား။ ရေးက ရန်ပွဲလေးတစ်ခုကို ဖိတ်ခေါ်နေသည်လား။

"မဟုတ်ဘူး . . . ရေး၊ မင်း ငါ့ကို အဲလိုနေရာမျိုးမှာ လာကို မခေါ်သင့်ဘူး"

"ဒါဆို ရေးကဝသံကို လိုအပ်နေတဲ့အချိန်မှာ ဝသံကတော့ သူငယ်ချင်းတွေနဲ့ အချိန်ဖြုန်းနေတော့မယ်ပေါ့။ ဟုတ်လား"

"ရေး . . . "

သူ မကျေမနပ်နှင့် ရေးကို ဖိအော်လိုက်မိပါသည်။

"ငါ့ကို မင်းလာခေါ်တုန်းက မင်းအနောက်ကို ဘယ်လောက်လိုက်ချင်မှန်း ငါနဲ့ ငါ့ဘုရားပဲ သိတယ်"

"ဒါပေမဲ့ ဝသံ မလိုက်ခဲ့ဘူးလေ"

"ကိုယ် လိုက်ခဲ့ချင်တာပါကွာ"

"အဲ့ဒီဆိုင်ထဲက ထွက်လာရတာ ရေးတစ်ယောက်တည်းပါ . . . ဝသံရယ်"

သူ စိတ်ကျဉ်းကျပ်လာပါသည်။ သစ်ပင်၏ အရိပ်အေးအေး ရေကန် ပြင်ကို ဖြတ်တိုက်လာသည့် လေပြေအေးနှုန်း။ ထိုအရာများအား

www.burmeseclassic.com

လုံးကို သူမခံစားတတ်တော့။ ရေးစကားများက သူ့ဦးနှောက်များကို အစိမ်းလတ်လတ် ဖောက်စားနေသည့်နှယ်။

"မင်း တော်တော့ . . . ရေး။ မင်းနောက်တစ်ခါ လာခေါ်ကွာ။ ငါ လိုက်ခဲ့ပေးမယ်"

"ရေးနောက်ကိုသာ ဝသံလိုက်လာရင် အခုမြင်နေရတဲ့ ကန့်ရေပြင်ကြီးထဲမှာ ရေး . . . လက်ပစ်ကူးလိုက်ရဲတယ် . . . ဝသံ"

ရေးစကားအဆုံး၊ သူ့ဒေါသများ ပေါက်ကွဲသွားသည်နှင့်အတူ ရေးလက်မောင်းသို့ သူ့လက်သီးပြင်းပြင်းတစ်ချက် ပြေးဝင်သွားပါတော့သည်။

"အ! . . . "

နာသွားသည့်လက်မောင်းကို တခြားလက်ဖဝါးတစ်ဖက်ဖြင့် အုပ်ကိုင်ရင်း ရေးထံမှ နာကျင်မှုကြောင့် အသံအုပ်အုပ် ထွက်ပေါ်လာပါသည်။

"နာသွားပြီ . . . ဝသံရယ်။ ရှင် အဲ့လိုကြီး လက်မပါပါနဲ့။ ကျော်ယ် နာတယ်"

ငိုသံပါလေးနှင့်ပြောလိုက်သည့် ရေးစကားကြောင့် သူ့လုပ်ရပ် လွန်သွားမှန်း သတိထားမိလိုက်မိသော်လည်း လက်က ထိုးပြီးသွားပြီပင်။

"တွေ့လား . . . မင်းက အရစ်ရှည်၊ ငါက လက်ပါနဲ့။ နောက်ဆုံး မင်းပဲ အသားနာတာ"

သူ စိတ်မကောင်းစွာပြောလိုက်သော စကားအဆုံး ရေးဆီမှ အပြုံးလေးတစ်ခုကို တွေ့လိုက်ရပါသည်။

"တွေ့လား . . . သူပဲလက်ပါပြီး၊ အခု သူပဲ စိတ်မကောင်းဖြစ်နေပြီမဟုတ်လား?"

သူ လက်ပါတုန်းက လက်ပါလိုက်ပြီး တကယ်တော့ သူအတော်ပင် စိတ်မကောင်းဖြစ်သွားမိပါသည်။



"တကယ်တော့ မင်းမှားတာ . . . ရေး။ မင်း သူငယ်ချင်းတွေရှေ့မှာ ငါ့ကို အဲ့လိုကြီး လာမခေါ်သင့်ဘူး"

"ဒါဆို အဲ့တုန်းက ဝသံ ရေးနောက်ကို လိုက်ခဲ့ချင်တယ်ပေါ့။ ဟုတ်လား"

"ဟုတ်တာပေါ့ကွာ။ လိုက်ခဲ့ချင်တာပေါ့။ အပြင်ပန်းပုံစံကို မကြည့်ဘဲနဲ့ ကိုယ့်ရင်ထဲကို မြင်အောင် ကြည့်ပေးပါရေးရယ်နော်"

သူ တောင်းပန်သလိုပြောရင်း ရေးလက်မောင်းလေးကို လှမ်းကြည့်လိုက်မိပါသည်။ ပထမ အညိုမဲစွဲထားသည့် ဒဏ်ရာဟောင်းပင် မပျောက်သေး။ ရေးလက်မောင်းကို သူ နောက်တစ်ကြိမ် ထိုးလိုက်မိပြန်ပြီ။ သူထိုးလိုက်သည့်အရှိန်နှင့်ဆို ကျိန်းသေဧကန် ရေးလက်မောင်းတွင် အညိုမဲဒဏ်ဖြစ်ရဦးမည်ပင်။

"နောက်တစ်ခါ ဒီလိုမထိုးမိအောင် ကိုယ်သတိထားမယ် ရေးရယ်နော်"

"ရေးလည်း စကားနာမထိုးမိအောင် သတိထားပါ့မယ် . . . ဝသံ။ ရေးလက်မောင်းက ဒဏ်ရာမြင်သာတာပါ။ သိပ်မနက်ဘူး။ ဒါပေမဲ့ ဝသံ့ရင်ထဲက ခံစားချက်က မမြင်သာဘူး။ ဒါပေမဲ့ နက်မှန်း ရေး သိတယ်"

နားလည်မှုပြည့်ဝလှသည့် ချစ်သူလေးကို သူ မက်မောစွာ ငေးကြည့်နေမိပါတော့သည်။ ရေးက သူ့ကိုပြုံးရင်း ပြန်ကြည့်ပါသည်။

"ရေးကို ဝသံမိဘတွေနဲ့ ဘယ်တော့မှ မိတ်ဆက်ပေးမှာလဲ . . . ဝသံ"

ပြုံးရင်းတောင်းဆိုလိုက်သော ရေးတောင်းဆိုမှုလေးကို ဝသံဘယ်လိုမှ မဖယ်ရှားနိုင်။ မငြင်းပယ်ချင်။ ခေါင်းကလည်း အလိုလို ညိတ်မိသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ် မေမေ့ကို အရင်ဆုံး ပြောလိုက်မယ်လေ။ နောက် မေမေနဲ့ ရေးတို့ အားတဲ့တစ်နေ့ ချိန်းပြီးတွေ့ကြတာပေါ့ကွာ။ ဟုတ်ပြီလား"

"အင်းပါ"

ရေးကျေနပ်စွာ ပြုံး၏။ သူသက်ပြင်းမြဲမြဲ ချလိုက်မိပါသည်။ ရေးကို မေမေလက်ခံအောင် သူပြောဦးမည်ပင်။

"ကိုယ်ရေးကို လက်ထပ်ဖို့အထိ ရည်ရွယ်ထားတာ ရေးသိတယ်နော်"

"တကယ်လို့ ဝသံနဲ့ လက်ထပ်ပြီးရင်တော့ ရေးလက်မောင်းကို ကျောက်ပတ်တီးစီးထားရတော့မယ်နဲ့ တူတယ်"

ဒီတစ်ခါ သဘောကျစွာ ရယ်လိုက်မိသူက ဒိဝသံ။ သူမ စကား ချိုချိုလေးကြောင့် ဒိဝသံ မရယ်ဘဲ မနေနိုင်တော့ချေ။

* * *



သူတို့ခြံထဲတွင် သစ်ခွပန်းစင်လေးတစ်ခု ရှိပါသည်။ ထိုစင်လေးက မေမေ့အပိုင်။ အလုပ်မအားသည့်ကြားက မေမေ ထိုပန်းစင်လေးကို အသက်ဆက်နိုင်အောင် စောင့်ရှောက်ရှာပါသည်။ သစ်ခွပန်းစင်လေးအနား မေမေရောက်နေချိန်ဆို မေမေ့ရင်ထဲတွင် ပန်းများကိုကြည့်ကာ ပီတိများ ပြည့်နေတတ်၏။

ထို့ကြောင့်ပင် သူအချိန်ကောင်းကို အသုံးချရန် တွေးရင်း ခြံထဲသို့ ဆင်းခဲ့လိုက်ပါသည်။

"မေမေ့ပန်းပင်တွေအတွက် သား ဘာကူညီပေးရမလဲ မေမေ?"

ခပ်လှမ်းလှမ်းမှ လှမ်းမေးလိုက်ရင်း မေမေ့အနားသို့ သူသွားလိုက်မိပါသည်။ မေမေက သူ့ကို အပြုံးနှင့် တုံ့ပြန်ရင်း . . .

"ဝသံ . . . မင်း တစ်ခုခု ပူဆာချင်ပြီနဲ့တူတယ်။ မေမေ ဒီအပင်လေးတွေအနား ရောက်နေတဲ့အချိန်ကိုမှ ရွေးပြီး မေမေ့ကို လာဖားနေတာ"

မေမေက သူ့အကြောင်းကို နားလည်နေပြီဖြစ်ပါသည်။ အလိုက်သိသော မေမေ့အမေးကြောင့် သူ ပြုံးလိုက်မိပါသည်။

"ကဲ . . . . ပြော။ ဝသံ၊ သား ဘာများလိုချင်လို့လဲ? ဘာပူဆာချင်လို့လဲ?"

www.burmeseclassic.com

"သားအခု ကျောင်းမှာ မိန်းကလေးတစ်ယောက်နဲ့ ရည်းစားဖြစ်နေတယ် မေမေ"

"အင်း . . . မေမေ သိတယ်လေ"

မေမေက ဘာမှမလှုပ်ရှား။ အေးအေးဆေးဆေးပင် တုံ့ပြန်ပါသည်။

"မေမေ့ကို ဘယ်သူပြောတာလဲ?"

"ဘယ်သူရှိမလဲ သားရဲ့။ မင်းသူ့ဟာနဲ့ အဝံပဲပေါ့။ ကောင်မလေး နာမည်ကိုတောင် ပြောပြပါသေးတယ်။ နာမည်က ခပ်ဆန်းဆန်းလေးပါပဲ"

မေမေက သူမနာမည်ကို စဉ်းစားရင်း ပြောပါသည်။

"ရေးမဓိ"

"အင်း . . . ဟုတ်တယ်။ ရေးမဓိတဲ့"

သူထောက်ပေးလိုက်မှ မေမေက သတိရသလိုလေး ထ, အော်လိုက်ပါသည်။

"ပြောလေ . . . သား၊ သား ဘာပူဆာချင်လို့လဲ?"

"ရေးနဲ့ လိုက်တွေ့ပေးပါလားမေမေ"

သူ ပေါ်ပေါ်တင်တင်ပင် တောင်းဆိုလိုက်သော် မေမေ့မျက်ခုံးများ မြင့်တက်သွားပါတော့သည်။

"အရင်က သား ဒီလို ရည်းစားတွေဘာတွေ မထားဖူးပါဘူး။ အခုမှ ဘာအတွေးရပြီး ရည်းစားထားမိသွားတာလဲ . . . ဝသံ။ မေမေ့ကို ပြောပြစမ်း"

မေမေ့အမေးကို သူချက်ချင်းမဖြေသေး။ ခဏတော့ စဉ်းစားလိုက်ရပါသည်။ ထို့နောက်တွင်မှ . . .

"သား . . . ရေးကိုတွေ့ပြီး ရည်းစားထားချင်သွားလို့ပါ မေမေ"

"ကောင်မလေးက ချောလို့လား?"

"သူ သနပ်ခါးလိမ်းတတ်တယ် မေမေ"



"ဒါဆို ထူးခြားတာပေါ့။ ဟုတ်လား?"

"ထူးခြားတယ်၊ မထူးခြားဘူးဆိုတာ သိရအောင် မေမေကိုယ်တိုင် တွေ့ကြည့်လိုက်ပါလား"

သူ့တောင်းဆိုမှုကြောင့် မေမေက ပြုံးရင်း သူ့နှာခေါင်းလေးကို ဖျစ်ညှစ်လိုက်ပါသည်။

"လူလည်လေး . . . အမေ မေးတာကို ဖြေပြီး သူလိုချင်တာကို ရအောင်ပြောတတ်ပါ့။ ကဲပါ . . . မေမေ လိုက်တွေ့ပေးပါ့မယ်။ ကော်ဖီဆိုင်တစ်ဆိုင်မှာ မေမေတို့ တွေ့ကြမယ်လေ။ ဟုတ်ပြီလား?"

"ဟုတ်ကဲ့"

သူ သဘောကျစွာ ခေါင်းညိတ်ရင်း ပြုံးလိုက်မိပါသည်။

"မေမေတို့တွေ့နိုင်အောင် သား စီစဉ်လိုက်ပေါ့။ ဟုတ်ပြီလား?"

"ဟုတ်ကဲ့"

"ကဲ . . . အခု ကျေနပ်တော်မူသွားပြီလား မင်းသားလေးရဲ့"

ဒေါ်စိမ်းလန်းသွင်စကားကြောင့် သူရယ်ပြုံးရင်း ဒေါ်စိမ်းလန်းသွင်ကို ဖက်လိုက်မိပါသည်။

မေမေသည် သူငယ်စဉ်ကတည်းက သူ့တောင်းဆိုမှုတိုင်း၊ သူ့ပူဆာမှုတိုင်းကို တစ်ခါဖူးမှ မငြင်းဖူးပေ။ မဖြစ်ဖြစ်တဲ့နည်းနဲ့ အကောင်အထည် ဖော်ပေးလေ့ရှိပါသည်။ ထို့ကြောင့် သူ့ဘဝက အလိုလို လိုတရဖြစ်နေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ရေးမမီသည် ဘယ်တုန်းကမှ အသံကျယ်ကျယ်ဖြင့် သီချင်းမညည်း ဖူးချေ။ အိမ်ရှေ့တွင် အဝတ်လှန်းရင် သီချင်းညည်းနေသော ရေးမမီကို ကြည့်ရင်း သူ့မျက်လုံးနှင့် နားကိုပင် သူမယုံနိုင် ဖြစ်နေမိပါသည်။ ထို့ ကြောင့် သူ့ခြေလှမ်းများ ရေးမမီထံသို့ အလိုလိုရောက်သွားပါတော့သည်။

"ရေး . . ."

ရေး သီချင်းညည်းနေရင်း သူ့ကို လှည့်ကြည့်ပါသည်။ ထိုအခါ ရေးမမီမျက်နှာတွင် အပြုံးများဖူးပွင့်ကာ လန်းဆန်းနေသည်ကိုလည်း သူ တွေ့လိုက်ရပါသေးသည်။

"ကိုလူ . . . ပြော၊ ဘာကိစ္စ?။ လူကိုခေါ်ပြီး ငေးကြည့်နေတာ အသက်မဲ့နေတဲ့အတိုင်းပဲ"

အပြုံးလေးနှင့်ပြောလိုက်သော သူမစကားကြောင့် သူ့အတွေးများ အသက်မဲ့သွားရပါသည်။

"ဟို . . . ထူးထူးခြားခြား ရေးက သီချင်းတွေ ဘာတွေ ညည်းလို့ ပါလား? အရင်က ရေး အဲ့လို တစ်ခါမှ သီချင်းမညည်းဖူးဘူး လေ"

"အရင်နဲ့ အခုအချိန်က တူမှမတူတော့တာ . . . ကိုလူရဲ့"

သူက ခုံတန်းရှည်လေးတွင် ဝင်ထိုင်ရင်းပြောသော် သူ သူမဘေး တွင် ဝင်ထိုင်လိုက်မိပါသည်။



"ပြောပါဦး။ ရေးအတွက် ဘာတွေများ ထူးခြားနေလို့လဲ?"

"ဒီနေ့ ဝသံမေမေနဲ့တွေ့ဖို့ ချိန်းထားတယ်လေ။ ရေးကို ဝသံ အတည်ချစ်မှန်း သိလိုက်ရလို့ ပျော်နေတာလေ"

ခြေထောက်လေးနှစ်ဖက်ကို ထိုင်ခုံအောက်တွဲလောင်းချ ဇွေ့ယမ်း ရင်း ပြောလိုက်သော ရေးစကားပေါ့ပေါ့လေးကြောင့် သူ့ရင်ဘတ်ထဲ နင့် ခနဲ အောင့်သွားရပါသည်။

[illegible]ဝသံတို့ရဲ့ပတ်သက်မှုက မတည်မတံ့လေးမှ အတည်အတံ့ ဖြစ်တော့မည့် အခြေအနေသို့ သူပင်မသိလိုက်ဘဲ ကူးပြောင်းသွားပြီလေ။ ဒါဆို . . . ဒါဆို သူက တစ်ယောက်တည်း ကျန်ခဲ့ပြီပေါ့။ မပြောရဲလို့၊ မပြောရက်လို့ ရင်ထဲမှာ ထိန်းသိမ်းထားတဲ့ သူ့အချစ်တွေကို ရေးရှေ့ မှာ ဖွင့်ပြခွင့် တစ်သက်လုံးအတွက် ဆုံးရှုံးသွားရပြီပေါ့နော်။

"ဒီနေ့ ရေးကို ဝသံလာခေါ်မှာလေ။ ဒေါ်စိမ်းလန်းသွင်နဲ့ ကော်ဖီ ဆိုင်တစ်ခုမှာ တွေ့ဖို့ ဝသံက စီစဉ်ပြီးသွားပြီတဲ့"

သူငေးငိုင်ရင်း သူမစကားသံများ ကြားနေသော်လည်း အသံလှိုင်း များက ဟိုးအဝေးကြီးမှ ဖြစ်ပေါ်နေသလိုလို။ ရင်ဘတ်ထဲအောင့်ကာ ဖြစ် ပေါ်လာသည့် မျက်ရည်ပူများ ရေးအရှေ့တွင် မပွင့်အန်သင့်ပါ။ ဟုတ် တယ်။ မပွင့်အန်သင့်။

"ပြဿနာပဲ။ နောက်ဖေးမှာ ထမင်းအိုးတည်ထားတယ်။ ဆူနေ ပြီလား မသိဘူး"

မတည်ထားသည့် ထမင်းအိုးကို အကြောင်းပြကာ သူ ရေးမမီ အနားမှ ပြေးထွက်ခဲ့ရပါတော့သည်။ အိမ်ပေါ်သို့ရောက်သည်နှင့် အောင့် နေသော ရင်ဘတ်ကြီး ပြေလျော့သွားစေရန် ထန်ကုန်ငိုချလိုက်မိပါတော့ သည်။ မျက်ရည်ပြည့်နေသော မျက်ဝန်းနှင့် ရေးကို သူလှမ်းကြည့်လိုက် စဉ် ရေးက သီချင်းတအေးအေးနှင့် သူမအိမ်ထဲသို့ ပြန်ဝင်သွားလေပြီ။

တကယ်ပါ။ သူထိုမျှလောက် ခံစားရမှန်း အရင်ကသိခဲ့ရင် ရေး ကို ချစ်တယ်ဆိုတဲ့စကားလေးကို ဖွင့်ပြောဖြစ်အောင် ပြောမည်ပင်။



www.burmeseclassic.com

www.burmeseclassic.com

"အသည်းကွဲတာ ဒီလောက်အောင့်မှန်း တကယ်မသိခဲ့လို့ပါဗျာ။ တကယ်ပါ"

ငိုနေရင်း သူ ဘုရားခန်းထဲသို့ ဝင်ခဲ့လိုက်မိပါသည်။ ထို့နောက် ငုတ်တုတ်ထိုင်၊ လက်အုပ်ချီရင်း . . .

"အရှင်ဘုရား တပည့်တော် ဒီဝသံ ဖြစ်ရပါလို၏။ တပည့်တော် ဒီဝသံ ဖြစ်ရပါလို၏"

ထိုဆုတောင်းကို သစ်သောလူ ထပ်ကာထပ်ကာ ဆုတောင်းနေမိပါတော့သည်။

ጽ ጽ ጽ



ကော်ဖီဆိုင်တံခါးလေးကို ဒီဝသံက ဖွင့်ပေး၏။ ထို့နောက် သူမ ဒီဝသံ၏ လက်ဖဝါးလေးတစ်ဖက်ကို အားကိုးစွာ ဆုပ်ကိုင်ရင်း ဒေါ်စိမ်းလန်းသွင်ထိုင်နေသော စားပွဲသို့ လျှောက်ခဲ့လိုက်ပါသည်။ ဒီဝသံက သူမကို ထိုင်ခုံတစ်ခုတွင် ထိုင်ခိုင်းလိုက်ပါသည်။ သူကတော့ သူမအားတွင် မထိုင်။ သူ့မေမေ ဒေါ်စိမ်းလန်းသွင်အားတွင် ဝင်ထိုင်လိုက်ပါသည်။

မရည်ရွယ်သော သူ့လုပ်ရပ်ကြောင့် သူမ စိတ်ထဲတော့မကောင်း။ သူ့မေမေနဲ့ လာတွေ့တဲ့ သူမအားတွင် သူထိုင်သင့်တယ်ဟု သူမ တွေးနေမိ၏။

"ရေးမမီတဲ့ . . . မေမေ၊ ရေး . . . ဒါက ကိုယ့်မေမေ ဒေါ်စိမ်းလန်းသွင်တဲ့"

"ဟုတ်ကဲ့ . . . တွေ့ရတာ ဝမ်းသာပါတယ် အန်တီ"

"တွေ့ရတာ ဝမ်းသာပါတယ် . . . ရေးရယ်"

ချမ်းသာသော်လည်း ဒေါ်စိမ်းလန်းသွင်မျက်နှာတွင် အေးချမ်းသည့် အပြုံးတစ်ခုကို သူမ တွေ့လိုက်ရပါသည်။

"တစ်ခုခုသောက်ပါလား သမီး"

"ဟုတ်ကဲ့ . . . သမီး သောက်လာခဲ့ပြီးပါပြီ"

စိတ်လှုပ်ရှားနေသောကြောင့် သူမ ဘာမှသောက်လို့မရပါ။

"သမီးနဲ့ ဝသံ မေတ္တာမျှနေတာ မကြာသေးဘူးနော်"

"ဟုတ်ကဲ့ မကြာသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

အေးချမ်းသည့် အပြုံးအောက်က မေးခွန်းကတော့ သူမအတွက် အေးချမ်းလိမ့်မည်ဟု သူမ မထင်ရဲတော့ပါ။

"သမီးမိဘတွေ ဘာလုပ်ငန်းတွေလုပ်လဲ သမီး"

"ဖေဖေက ရုံးစာရေးပါ . . . အန်တီ"

သူမ စကားမဆုံးသေးခင် ဒေါ်စိမ်းလန်းသွင်အကြည့်က သူ့ထံသို့ ရောက်သွားသောကြောင့် သူမ ဆက်မဖြေဖြစ်တော့ဘဲ အဖြေက ရပ်တဲ့နေ၏။

"ဝသံ . . . မင်းကောင်မလေးက လိမ်တော့ မလိမ်တတ်ဘူးသိလား? မေမေစုံစမ်းထားတဲ့အတိုင်းပဲ ဖြေတယ်"

သူ့ကိုပြောလိုက်သည့် သူ့မေမေစကား။ သူမကို သက်သက်အရှက်ခွဲခြင်းသည့်နှယ်။ သိပြီးသားကို ဘာကြောင့်မေးသနည်း။ သူ့စိတ်ထဲ ထောင်းခနဲ ဒေါသတော့ဖြစ်မိပါ၏။ သူလည်း မျက်နှာကြီး ငုံ့ချသွား၏။ သူမကိုပင် လှမ်းမကြည့်တော့။

"အန်တီ . . . သိပြီးသားကို ဘာလို့ သမီးဆီမှာ လာမေးနေတာလဲဟင်? အဲ့ဒါ ဘယ်လိုအဓိပ္ပာယ် သက်ရောက်သွားလိမ့်မယ်လို့ အန်တီထင်သလဲ"

"အန်တီ အကျိုးသက်ရောက်မှုတွေကို စိတ်မဝင်စားဘူး သမီး။ အခု အန်တီပြောမယ့်စကားက သမီးအတွက်ဖြစ်လို့ သေချာနားထောင်ပါ"

တိကျစွာပြောလိုက်သည့် ဒေါ်စိမ်းလန်းသွင်စကားကြောင့် သူ့ရဲ့ အားနာသည့်အကြည့်တစ်ချက် သူမထံသို့ ဝေ့လာ၏။

"သားက အရင်တုန်းက ရည်းစားမထားဖူးဘူး။ သမီးက ပထမဦးဆုံးပဲ။ ဒီတော့ သူဘာဖြစ်လို့ ရည်းစားထားတာလဲ? ဒါ အန်တီတွေးရမယ့် အချက်လေ။ သမီးနားလည်လား"

"ဟုတ်ကဲ့ . . . နားလည်ပါတယ်"

"သူငယ်ချင်းတွေနဲ့ပဲ ပျော်ပျော်ရွှင်ရွှင်နေတတ်တဲ့သားက သမီးကို ရည်းစားထားတယ်ဆိုတာ ကောင်းတဲ့ဖက်ကတွေးရင် သမီးကို သား



က ချစ်မိသွားလို့ပေါ့ကွယ်။ အေး . . . ဒါပေမဲ့ ဆိုးတဲ့ဖက်က တွေးမယ်ဆိုရင်တော့ စိတ်ကစားလို့၊ ဒါမှမဟုတ် အရင်နည်းတွေက ဟောင်းသွားလို့ နည်းသစ်အနေနဲ့ ရည်းစားထားကြည့်တာ၊ ရှင်းရှင်းပြောမယ်ဆိုရင် လက်တည့်စမ်းကြည့်တာပေါ့ကွယ်"

ဒေါ်စိမ်းလန်းသွင်စကားများက သူမသိက္ခာကို စော်ကားနေသလိုနှယ်။ ယောကျ်ားလေးတစ်ယောက်ရဲ့ လက်တည့်စမ်းမှုကို လက်ခံတတ်တဲ့ မိန်းကလေးထဲမှာ သူမ မပါ။ ဆင်းရဲပါ၏။ သို့သော် ကိုယ်ကျင့်တရားတော့ မဆင်းရဲပါ။

"ယောကျ်ားလေးတစ်ယောက် လက်တည့်စမ်းတာကို လွယ်လွယ် လက်ခံတတ်တဲ့ မိန်းကလေးအမျိုးအစားထဲမှာ ကျွန်မ မပါပါဘူး အန်တီ"

"ဒါက သမီးဘက်က အမြင်လေ။ အန်တီ့ဘက်က အမြင်ကတော့ သမီးကို သားတကယ်ချစ်ရင်တော့ ပြဿနာမရှိဘူးပေါ့ကွယ်။ သားက တကယ်မချစ်ဘဲ လက်တည့်စမ်းချင်တာ သက်သက်ဆိုရင် နစ်နာမှာက မိန်းကလေးနော်။ အဲ့ဒါ သိရဲ့လား?"

ဒေါ်စိမ်းလန်းသွင်က သူ့သားနှင့် သူမကို ခွင့်မပြုနိုင်သောကြောင့် အကြောင်းရှာနေခြင်း သက်သက်ပဲဟု သူမ ဉာဏ်မီသလောက် တွေးမိသွားပါသည်။ ချိုးနှိမ်မည့်စကားများကိုသာ နားထောင်ဖို့သက်သက်ဆိုလျှင် သူမ ဒီကော်ဖီဝိုင်းလေးသို့ လာခဲ့လိမ့်မည်မဟုတ်။

အခုလည်း သိပ်နောက်မကျသေး။ ထို့ကြောင့် ဘာဆိုဘာမှ ဆက်မပြောတော့ဘဲ သူမ ထိုင်ရာမှထရပ်ရင်း ကော်ဖီဆိုင်လေးမှ ထွက်ခဲ့လိုက်ပါတော့သည်။ သူမအနောက်မှ ဝသံလိုက်ခဲ့ပါစေ။ ဆုတောင်းမှု အထပ်ထပ်ပြုလုပ်သော်လည်း ဝသံ့အရိပ်ကိုပင် သူမ မတွေ့ရ။ ဝသံ့ထုံးစံအတိုင်း သူမအနောက်သို့ လိုက်မသွားပေ။

ဒီတစ်ခါ ဝသံလိုက်မသွားသည်ကလည်း အကြောင်းရှိ၏။ မထင်မှတ်ထားသော ဒေါ်စိမ်းလန်းသွင်ဘက်က ဖန်တီးလိုက်သည့် ဆတ်ဆ



www.burmeseclassic.com

www.burmeseclassic.com

မှုကို နားမလည်စွာ ဆက်၍ငေးကြည့်မနေနိုင်။ တိကျသည့်အဖြေတစ်ခုကို သူရှာမှမို့ ဒေါ်စိမ်းလန်းသွင်နှင့်ပင် ဆက်ထိုင်နေခြင်းဖြစ်ပါသည်။

"ရေးကို ဘယ်လိုကြီးဆက်ဆံလိုက်တာလဲ မေမေ။ သားလုံးဝကို နားမလည်တော့ဘူး"

ကော်ဖီဆိုင်လေးထဲမှ ကျောခိုင်းထွက်သွားသော သူမကို ငေးကြည့်ရင်း သူမေမေ့ကို မေးလိုက်မိပါသည်။

"မေမေက မိန်းကလေးချင်း ကိုယ်ချင်းစာပြီး ပြောလိုက်တာပါ။ ကောင်မလေးက ချို့တဲ့တယ်လေ။ ဒီတော့ ချမ်းသာတဲ့သား လို အပ်တာကိုပေးပြီး သူ့ဘက်ကလည်း သူလိုအပ်တာပြန်တောင်းဖို့ လောက်သက်သက်ဆိုရင် ကောင်မလေးဘဝ ရေတိမ်နစ်မှာ စိုးလို့ပါ"

သူ စိတ်ပျက်စွာ ခေါင်းခါယမ်းလိုက်မိပါသည်။

"မဟုတ်ဘူးမေမေ။ မေမေတွေးနေတာတွေ တစ်ခုမှမဟုတ်ဘူး"

"ဒါဆို ဘာက ဟုတ်တာလဲ . . . ဝသံ"

"သား အဲဒီမိန်းကလေးကို တစ်ဘဝလုံးစာအတွက် ရည်ရွယ်ပြီး ရည်းစားထားခဲ့တာ"

"သား . . . သူ့ကိုချစ်လို့လား? တကယ်ရောချစ်လို့လား ဝသံ"

"တကယ်ချစ်တာ မချစ်တာ သားမသိဘူး။ လောလောဆယ်တော့ သား သူ့ကို နှစ်သက်တယ်။ ဒီတော့ သား သူ့ကို လက်ထပ်မယ်။ သားတို့ဘဝမှာ လက်တွဲသွားရင်းနဲ့ သား . . . သူ့ကို နင့်နင့်နဲနဲ ချစ်မိသွားနိုင်ပါတယ်။ သူက သားအပေါ် အရမ်းနားလည်မှု ပြည့်ဝတယ် မေမေ"

သူ့စကားဆုံးတော့ ဒေါ်စိမ်းလန်းသွင် အံ့သြကြီးစွာ သူ့ကို ငေးကြည့်လိုက်မိပါတော့သည်။

"ဟုတ်တယ်။ သား . . . သူ့ကိုစပြီး ရည်းစားစကားပြောကတည်းက တစ်ဘဝလုံးစာ ရည်ရွယ်ပြီး ပြောခဲ့တာမေမေ"

"သားက တကယ်ပြောနေတာလား?"



"တကယ်ပါ မေမေ"

"ဒါဆို သား ကောင်မလေးအပေါ် စိတ်ကစားတာမဟုတ်ဘူးပေါ့"

"လုံးဝမဟုတ်ဘူး မေမေ၊ နောက်ပြီး လက်တည့်စမ်းချင်တာလည်း မဟုတ်ဘူး"

သူ့စကားဆုံးသော် မေမေ့ထံမှ သက်ပြင်းချသံတစ်ခုကို သူ ကြားလိုက်ရပါသည်။

"တကယ်ပါ . . . ဝသံရယ်။ မေမေက ကောင်မလေးနစ်နာမှာ စိုးရိမ်လို့ မိန်းကလေးချင်း ကိုယ်ချင်းစာပြီး ပြောလိုက်တာပါ"

သူ စိတ်ပျက်စွာ သက်ပြင်းချလိုက်မိပါသည်။

"ကဲပါ . . . မင်းဘက်က အတည်ဆိုရင်တော့ မေမေ့ကို နောက်တစ်ခေါက် ကောင်မလေးနဲ့တွေ့ပေးဖို့ သားထပ်ပြီး စီစဉ်ပေးပါ။ မေမေ သားအတွက် အကောင်းဆုံးဖြစ်အောင် ပြောပေးပါ့မယ်ကွယ်။ ဟုတ်ပြီလား?"

အခုန မုန်တိုင်းတစ်ခု ထန်တော့မလိုလိုနှင့် တကယ်တမ်းကျတော့ ဘာမှမဟုတ်။ မေမေက ရေးမမီအတွက် စဉ်းစားပေးချင်းသက်သက် ဖြစ်နေ၏။ သို့ပေမဲ့ ရုတ်တရက်ကြားလိုက်ရသည့် မေမေ့စကားကြောင့် ရေး အနေခက်သွားမှာတော့ သေချာပါသည်။

သူ ရေးကိုလိုက်ချော့ပြီး မေမေ့ခံစားချက်အမှန်ကို ရှင်းပြသင့်သည်။ သူ ထိုသို့လိုက်ချော့လျှင် ရေးက ထုံးစံအတိုင်း သူ့ကို အနည်းငယ်တော့ စကားနာထိုးပေဦးမည်။ ထိုအခါ သူစိတ်မထိန်းနိုင်ဘဲ ရေးလက်မောင်းကို ထိုးလိုက်မိပေဦးမည်။

ရေးလက်မောင်းတွင် သူ့ကြောင့် နောက်ထပ်အညိုအမဲ မစွဲစေချင်တော့ပါ။

ရေး စိတ်ဆိုးပြေပြီး သူ့ကိုဆက်သွယ်မှသာလျှင် သူ အကောင်းဆုံးဖြစ်အောင် ရှင်းပြရင်း တောင်းပန်ကာ မေမေနှင့် နောက်တစ်ကြိမ် တွေ့နိုင်အောင် ခွင့်ပန်လိုက်တော့မည်ဟု ဆုံးဖြတ်လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

လွန်စွာ သိသာလွန်းနေပါသည်။ ဒီဝသံမိခင်နှင့်တွေ့ပြီး ပြန်လာကတည်းက ရေးမမီ သိသာစွာ တိတ်ဆိတ်သွားခြင်းဖြစ်ပါသည်။ စာကျက်ချိန် ကျက်ပြီးသည်နှင့် ငေး၊ တွေး နေတတ်ပါသည်။ ရေးနှင့် ဒီဝသံအမေ ဘာတွေဖြစ်လာပါသနည်း။

အခုလည်း ညမိုးပင် ချုပ်တော့မည်။ အိမ်ရှေ့ခုံတန်းရှည်လေးတွင် ရေးမမီတစ်ယောက်တည်းထိုင်ကာ အတွေးနယ်ချဲ့နေ၏။ ဧကန္တ ရေးမမီ မိုးချုပ်သွားသည်ကိုပင် သတိမထားနိုင်ခြင်းဖြစ်ရပေမည်။

သူတွေးရင်းနှင့် ရေးမမီရှိရာ ခုံတန်းရှည်လေးသို့ အိမ်ပေါ်မှ ဆင်းခဲ့လိုက်ပါသည်။

"ရေး . . ."

သူခေါ်ရင်း သူမကို ကြည့်လိုက်စဉ် ဟာ . . . သူမမျက်ဝန်းတွင် မျက်ရည်ပူများ။

"ရေး ငိုနေတယ်?"

သူ လှုပ်လှုပ်ရှားရှား ဖြစ်သွားပါသည်။ သူမဘေးတွင် ဝင်ထိုင်လိုက်စဉ်တွင် သူမနည်းတူ သူ ငိုချင်နေမိပြီပင်။

"ရေးရယ် မငိုပါနဲ့ကွာ။ မင်းငိုရင် ကိုလူလည်း ငိုချင်လာတယ်"

ထိုစကားက သူ့ရင်ထဲတွင်သာ ပဲ့တင်ထပ်နေ၏။ အပြင်သို့ ပွင့်မအန်လာပါ။ သူ့သက်ပြင်းမောလည်း အကြိမ်ကြိမ် ချနေမိပါတော့သည်။



"ဘာတွေများ စိတ်ညစ်နေလို့လဲ . . . ရေး"

သူသိချင်သည်ကို မအောင့်နိုင်ဘဲ မေးလိုက်မိပါတော့သည်။

"ရေး . . . အရမ်းစိတ်ညစ်တယ် . . . ကိုလူ။ ရေးနဲ့ဝသံ့မေမေ တွေ့ဆုံမှုက အဆင်မပြေခဲ့ဘူး"

သူ့ရင်ထဲ အတော်ပင် လေးလံသွားရပါသည်။ ဆင်းရဲသည့် ချွေးမလောင်းကို ချမ်းသာသည့် ယောက္ခမလောင်းက ဘာလို့ ချက်ချင်းကြီး လက်မခံရဲတာလဲ? ရွှေရွှေချင်းထပ်မှ မြတ်တယ်တဲ့လား။ သူအတွေးနှင့် သူ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိပါသည်။

"ရေးကို ချိုးချိုးနှိမ်နှိမ်တွေ ပြောလိုက်တယ် . . . ကိုလူ။ ရေး အရမ်းရှက်တယ်။ အဲ့ဒါရေးကို ကိုလူ ဘယ်လိုမှ မကူညီပေးနိုင်ဘူးလားဟင်?"

သူ့လက်မောင်းတစ်ဖက်ကို လှမ်းကိုင်ရင်း မေးလိုက်သော သူမအတွက် သူအဖြေမဲ့နေ၏။ သူကိုယ်တိုင်တောင် မရေရာတဲ့ မနက်ဖြန်တွေထဲ အသက်ရှူနေရတဲ့လူ။ ရေးကို သူအသက်ပေးပြီး ကူညီချင်သော်လည်း အားမတန် မာန်လျော့နေရသည့် သူ့အဖြစ်။

"နောက်ပြီး ရေးဆီကို ဝသံကလည်း ရောက်မလာဘူး . . . ကိုလူ။ ဝသံက ရေးအပေါ် အရမ်းသွေးအေးနေတယ်"

"စိတ်ပြေလက်ပျောက် ခဏလောက်ဖြစ်ဖြစ် ဝသံအကြောင်း ခေါင်းထဲက ထုတ်ထားလိုက်ပါလား . . . ရေး"

"တွေးမိတိုင်း ဝသံ့အကြောင်းတွေချည်းဖြစ်နေတာ . . . ကိုလူရယ်။ ရေးလေ ဝသံ့ကို အဆုံးရှုံးမခံနိုင်ဘူး။ ရေးတကယ်ချစ်တာ ဝသံ့ကို တကယ်ချစ်တာပါ"

သူ သက်ပြင်းမောတစ်ခု ထပ်ချမိသွားပြန်သည်။

"အင်းပေါ့ . . . ကိုယ်က ချစ်မိပြီဆိုတော့ ရှုံးဖို့သာ ပြင်ဆင်ထားတော့ . . . ရေးရယ်။ ချစ်မိရင် ရှုံးပြီလေ"



www.burmeseclassic.com

www.burmeseclassic.com

သူ လေးလေးငေးငေးလေး ပြောလိုက်စဉ် သူ့ပါးပြင်သို့ မျက်ရည်ပူများ စုန်ဆင်းလာသောကြောင့် ရေးမမြင်အောင် အလျင်အမြန် သုတ်လိုက်ရပါသေးသည်။

"ကိုယ်တို့ ကျောင်းပိတ်ရက်လေးမှာ ချောင်းသာသွားဖို့ စီစဉ်ထားတယ် . . . ရေး။ ရေးမိဘတွေရော၊ အားလုံးပါတယ်။ လမ်းထဲက လူတွေစုပြီး သွားကြမှာ။ စိတ်ပြေလက်ပျောက်ဖြစ်သွားအောင် ရေး လိုက်ခဲ့ပါလား"

ချော့သလိုလေး သူပြောလိုက်သော် ရေး ချက်ချင်းပြန်မဖြေသေးဘဲ သူ့ကို ငေးငေးလေးကြည့်ရင်း တွေးနေသေးသည်။ ပြီးမှ . . .

"ရေး အဲ့လိုခရီးထွက်လိုက်ရင် တကယ်ပဲ စိတ်ပြေလက်ပျောက်ဖြစ်မှာ သေချာလို့လား . . . ကိုလူ"

"မသေချာပေမဲ့ ဖြစ်နိုင်ချေရှိပါတယ်။ ကိုယ်အရမ်းစိတ်ညစ်နေရင် ခဏလောက်ဖြစ်ဖြစ် ခရီးထွက်လိုက်တာ အဆင်ပြေနိုင်မှာပါ"

ရေးတွေးရင်း ခေါင်းတဆတ်ဆတ်ညိတ်ရင်းနှင့် . . .

"ကောင်းပြီလေ . . . ရေး လိုက်ခဲ့မယ်။ အပန်းဖြေပေါ့"

"အင်းပေါ့ . . . အပန်းဖြေပေါ့"

ㅈ ㅈ ㅈ



အကြောင်းမဲ့ ရေပြင်ကို ကျောက်ခဲလေးများနှင့် သူပေါက်နေမိပါသည်။

ခါတိုင်းဆို ရေး အခုလောက်ဆို သူ့ကို ဆက်သွယ်ပေပြီ။ အခုတစ်ပတ်တောင် ကျော်သွားပြီဖြစ်သော်လည်း ရေးက သူ့ကို အခုထိလုံးဝ မဆက်သွယ်သေးချေ။ စောင့်ရလွန်းလို့ ရင်ဘတ်တွေလည်း အောင့်လှနေပြီ။ သူ မျှော်ရသည့်လုပ်ရပ်သည် ထိုမျှလောက် ပင်ပန်းကြောင်း အခုမှ သတိထားမိပါတော့သည်။

"ငြိမ်လှချည်လား . . . ဝသံ"

သူ့ပခုံးကိုရိုက်ရင်း ထိုင်ခုံတွင်ဝင်ထိုင်ကာ ပြောလိုက်သူက အဝံ။ သူအဝံ့ကို လှည့်ကြည့်လိုက်မိသော်လည်း မပြုံးပြဖြစ်။

"မင်းဘာဖြစ်နေတာလဲ . . . ဝသံ"

စိုးရိမ်သံလေးတစ်ဝက်နှင့် မေးလိုက်သူက မင်းသူဟ။ သူသက်ပြင်းမောတစ်ခု ချလိုက်မိပါသည်။

"ရေးက အခုထက်ထိ ငါ့ကို မဆက်သွယ်သေးဘူး . . . အဝံ"

ညည်းသလိုလေး ပြောလိုက်တော့ သူ့စကားအဆုံး အဝံ့မျက်ခုံးများ မြောက်တက်သွား၏။

"မင်း အခု ငေး၊ လေးနေတာ ရေးမမီကြောင့်လား ဝသံ"

သူ ဒီတစ်ခါ မကွယ်ဝှက်နိုင်တော့။ ခေါင်းက အလိုလိုညိတ်ရင်း ဝန်ခံလိုက်မိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆိုလည်း မင်းသူ့ဆက်သွယ်မှုကို မစောင့်ဘဲ မင်းပဲ ဆက်သွယ်လိုက်ပေါ့ကွာ"

"ငါဆက်သွယ်ရင် သူ့ကို လက်ပါမိမှာစိုးလို့ကွ"

"လက်မပါချင်ရင်လည်း ထိန်းပေါ့ကွာ"

"ထိန်းလို့ကိုမရတာ။ သူ စကားနာထိုးပြီဆိုတာနဲ့ ငါလည်း ဒေါသထွက်တော့တာပဲ။ အေး . . . ဒေါသလည်းထွက်ရော သူ့လက်မောင်းကို အားနဲ့ ထိုးမိသွားရောလေ"

သူပြောပြီး ငြိမ်သက်နေသည့် ကန်ရေပြင်ကိုပင် ဒေါသထွက်နေမိပါသေးသည်။

"မင်းကြားပြီးပြီလား . . . ဝသံ"

မင်းသူဟက စားပွဲပေါ်မှ အာလူးကြော်တစ်ခုကို ယူစားရင်း မေးလိုက်ပါသည်။

"ဘာလဲ . . . သူဟ"

"သင်းကွဲကြီးတို့ လမ်းထဲကလူတွေ အားလုံးစုပြီး ချောင်းသားကို ခရီးထွက်သွားကြတယ်ဆိုတာလေ"

သစ်သောလူအကြောင်း သူစိတ်မဝင်စားပါ။ ထို့ကြောင့် အင်းမလုပ်၊ အမ်းမလုပ် သူ ကန်ရေပြင်ကိုသာ ဆက်ငေးကြည့်နေမိပါသည်။

"သင်းကွဲကြီးတို့ သွားတဲ့အထဲမှာ ရေးမမီလည်းပါသွားလို့ မင်းကို ငါ မေးနေတာနော်"

မင်းသူဟစကားကြောင့် သူ့အကြည့်များ မင်းသူဟထံသို့ ရောက်သွားပါသည်။ ခါးကလည်း အလိုလို မတ်သွားရ၏။

"ရေးက သင်းကွဲကြီးတို့နဲ့အတူ ခရီးထွက်တယ် ဟုတ်လား။ နေစမ်းပါဦး။ မင်းက ဒီသတင်း ဘယ်လိုလုပ်သိလာတာလဲ?"

"ငါတို့အိမ်ကို သတင်းစာလာလာပို့နေတဲ့ ကောင်လေးက သူတို့လမ်းထိပ်မှာ နေတာလေ။ သူတို့လမ်းထဲက လူတွေစုပြီး ချောင်း



သားသွားမှာမို့ နောက်နေ့ သတင်းစာ လာမပို့ဖြစ်ဘူး ဘာညာ ပြောရင်းက စကားစပ်မိပြီး ငါမေးကြည့်လိုက်လို့ သိရတာ"

မင်းသူဟစကားများက သူ့ကို ဝမ်းနည်းစေသည်လား၊ ဒေါကန်စေသည်လား၊ သူလည်း သေချာမသိ။ သို့သော် ခေါင်းကတော့ ထူပူသွားပြီပင်။

"ဒါဆို သတိထား . . . ဝသံ။ သင်းကွဲကြီးက ရေးမမီအပေါ်မှာ မရိုးသားဘူး။ ယောကျ်ားချင်း သိတယ်"

"ဟုတ်တယ်ကွ . . . ။ ဘာလဲ ဒီကောင်က။ သူများချစ်သူနဲ့ ခရီးသွားစရာလား။ နောက်ပြီး မင်းတို့အချင်းချင်း တင်းနေတာ သူလည်းအသိ။ ဒါကို ဖြေရှင်းမပေးတဲ့အပြင် ကောင်မလေးကို ပ,ထုတ်သွားတယ်ဆိုတော့ . . ."

"ငါ့စိတ်ထင် ရေးမမီ စိတ်မကောင်းဖြစ်နေတဲ့အချိန် သူက ဖြေသိမ့်ပေးသလိုလို၊ ဘာလိုလိုနဲ့ ကောင်မလေးကို အပိုချုပ်လိုက်မယ်ထင်တယ်"

မင်းသူဟနှင့် အဝံတို့၏ စကားအသွားအလာများက သူ့ဒေါသကို ဖိတ်ခေါ်နေသလိုပင်။ သူဘာဆက်လုပ်သင့်သနည်း။ သူတကယ်ပင် ခေါင်းမီးတောက်နေရပါတော့သည်။

"ဒါပေမဲ့ကွာ သူနဲ့ရေး နှစ်ယောက်တည်း ခရီးသွားတာမှ မဟုတ်တာ။ နောက်ပြီး ခရီးသွားဖို့ သူဖိတ်ခေါ်တာ ဖြစ်ချင်မှဖြစ်မှာပါကွာ"

"မင်းကလည်း ကျားကို အသားကြိုက်လား သွားမေးနေပြန်ပြီ။ တကယ်လို့ ရေးမမီကိုယ်တိုင်က ခရီးလိုက်ချင်ပါစေဦး၊ သူက တားသင့်တယ်လေကွာ။ ဒါမှမဟုတ်လည်း ခရီးသွားမယ့်အကြောင်း ငါတို့ကို နည်းနည်းတော့ အကြောင်းကြားသင့်ပါတယ်ကွာ"

"ဖြတ်လိုက် . . . ဝသံ။ ဒီယောက်ခေါင်းစားနေရင် **ရေးမမီကို** ဖြတ်လိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ မင်းငြိမ်နေတာ သူ့ကို မဖြတ်နိုင်လို့လား?"

အဝံမေးခွန်းက သူ့အတွေးများ မီးလောင်ပြာကျသွားရ၏။ သေချာစွာ တွေးကြည့်လိုက်သော် သေချာပါ၏။ သူ သူမကို မဖြတ်နိုင်။

"ငါမဖြတ်နိုင်ဘူး . . . အဝံ"

"ရေးမမီကို မင်းအတည်ဆိုရင်တော့ ချောင်းသာကို လိုက်သွားသင့်တယ် . . . ဝသံ။ မင်းနဲ့ရေးက ပြတ်သလိုလိုကြီး ဖြစ်နေတဲ့အချိန် ဟိုကောင်က ဝင်ချွဲရင်းနဲ့ ရေးလွတ်ထွက်သွားရင် မင်းပဲ အထိနာမှာ။ နောက်ပြီးအခု ရေးက ဒီကောင်နဲ့အတူ ချောင်းသာမှာ"

သူထိုင်နေရာမှ 'ဝုန်း' ခနဲ ထရပ်သွားမိပါတော့သည်။ သူဘယ်လိုမှ မထိန်းနိုင်တော့။

"ဟုတ်တယ် . . . ဝသံ။ မင်းလိုက်သွားသင့်တယ်။ ချောင်းသာကို လိုက်သွား။ ပြီးရင် ရေးကို အကောင်းဆုံးဖြစ်အောင် ရှင်းပြသင့်တယ်"

"စိတ်ချ . . . ။ ငါ အားလုံးအဆင်ပြေအောင်လုပ်ခဲ့မယ် အဝံ"

သူ ချာခနဲ လှည့်ရင်းထိုထိုင်ခုံလေးမှ ထွက်ခဲ့လိုက်ပါတော့သည်။ အဝံတို့ပြောသည်မှာ ဖြစ်နိုင်ပါ၏။ လူတိုင်း စိတ်အားငယ်နေသည့်အချိန် တခြားတစ်ယောက်ယောက်ကို အားကိုးချင်စိတ် ရှိသွားနိုင်ပါသည်။ မဖြစ်နိုင်။ ရေးကိုတော့ သူဘယ်လိုမှ အဆုံးရှုံးမခံနိုင်ချေ။

❀ ❀ ❀



"မေမေ . . . မေမေ . . . မေမေ . . . "

အိမ်ထဲသို့ ဝင်လာကတည်းက သူမေမေ့ကို ဆက်တိုက်ခေါ်ခဲ့မိသည်။ ထို့ကြောင့် ဒေါ်စိမ်းလန်းသွင် အလန့်တကြားနှင့် အိမ်ရှေ့ဧည့်ခန်းသို့ ပြေးထွက်လာရပါတော့၏။

"ဘာဖြစ်လို့လဲ . . . သားရယ်။ မေမေရှိတယ်လေ"

"မေမေ . . . အခုပြောပါ။ သားနဲ့ရေးကို သဘောတူလား၊ မတူဘူးလား?"

တွေ့တွေ့ချင်း မေးလိုက်သောကြောင့် မေမေ အနည်းငယ်တော့ ကြောင်အမ်းအမ်း ဖြစ်သွားပါသည်။

"ဘာဖြစ်လို့လဲ . . . သား၊ ချက်ချင်းကြီး"

"ဖြေပါ . . . မေမေရယ်။ သားအတွက် အရမ်းအရေးကြီးနေလို့ပါ"

"မေမေ ကောင်မလေးအကြောင်း ဆက်စုံစမ်းတော့ ကောင်မလေးမှာ မေမေလက်မခံနိုင်စရာ ပြစ်မှုတစ်စုံတစ်ရာမှ မရှိပါဘူးကွယ်။ ဒီတော့ မေမေ သားနဲ့ သဘောတူပေးနိုင်ပါတယ်"

မေမေစကားက သူ့ကို တကယ်စိတ်ကျေနပ်သွားစေပါသည်။

"ကောင်းပြီလေ . . . ဒါဆို မေမေ အခု သားနဲ့လိုက်ခဲ့ပေတော့"

"ဘယ်ကိုလဲ . . . ဝသံ"



www.burmeseclassic.com

www.burmeseclassic.com

"ချောင်းသာကို။ ရေးကို ပြန်သွားခေါ်မလို့။ မေမေလိုက်ခဲ့ပေးမှ အဆင်ပြေမှာ"

"မဖြစ်နိုင်တာ . . . သားရယ်။ ခရီးသွားတဲ့ ကောင်မလေးတစ်ယောက်ကို မင်းခေါ်ချင်တိုင်း သွားခေါ်ရအောင် ကောင်မလေးက ခွင့်ပြုတယ်ထားဦး။ သူ့မိဘတွေ ရှိသေးတယ်လေကွယ်။ ဖြစ်ချင်တာကိုပဲ မတွေးစမ်းနဲ့ . . . ဝသံ"

"မဖြစ်နိုင်ရင် ဖြစ်နိုင်အောင်လုပ်ပေး . . . မေမေရာ။ သား သူ့ကို သူများလက်ထဲ အပ်မခံနိုင်ဘူး"

"သားနဲ့ ကောင်မလေးရဲ့ ပတ်သက်မှုက ရှည်းစားအဆင့်ပဲ ရှိသေးတယ်လေကွယ်။ ကောင်မလေးကို ခရီးက သွားခေါ်လာဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး . . . ဝသံ"

မေမေ့စကားက လမ်းဆုံးရောက်နေပြီ။ သူလည်း ဘယ်နည်းနဲ့မှ သင်းကွဲကြီးလက်ထဲ ရေးကို မအပ်နိုင်။ ရေးကိုယ်ကျင့်သိက္ခာကို မယုံလို့တော့ မဟုတ်။ အဆင်ပြေဆုံးဖြစ်နိုင်မည့် နည်းလမ်းတစ်ခုကို သူ အသည်းအသန် စဉ်းစားလိုက်ရပါသည်။

"ဒါဆို သား . . . သူနဲ့စေ့စပ်မယ် မေမေ။ သားနဲ့စေ့စပ်ထားရင် သား ရေးကို ပြန်ခေါ်လာလို့ရတယ်မို့လား"

"စေ့စပ်မယ်"

မေမေပင် ရုတ်တရက် ဖြစ်ပေါ်လာသော သူ့အတွေးကို နားမလည်နိုင်တော့ပေ။

"ဟုတ်တယ် . . . မေမေ၊ သား စေ့စပ်လိုက်မယ်"

"ဟုတ်လို့လား . . . သားရယ်"

"မေမေလည်း သဘောတူတယ်ဆို။ သားတို့ စေ့စပ်လက်စွပ်ဝယ်ပြီးမှ ချောင်းသာကို လိုက်သွားကြမယ်လေ။ ဟိုမှာ ရေးမိဘတွေကိုပြောပြီး သားတို့ကို စေ့စပ်ပေး။ ပြီးရင် စေ့စပ်ပွဲလုပ်မယ်ဆို



အကြောင်းပြပြီး ရန်ကုန်ကို ပြန်ခေါ်ခဲ့မယ်။ ဒါဆို ဖြစ်နိုင်တယ်မို့လား မေမေ"

အရမ်းကို ဗျာယာခတ်နေသော သူ့ကိုကြည့်ပြီး ဒေါ်စိမ်းလန်းသွင် စိတ်ထဲတွင် ထူးဆန်းသလို ခံစားမိသော်လည်း သားပူဆာသမျှကို ဘယ်တုန်းကမှ မငြင်းခဲ့သူပီပီ ခေါင်းက အလိုလို ညိတ်မိသွားပါတော့သည်။

"ကောင်းပြီလေ။ ဒါဆို မေမေ လိုအပ်တာတွေ ပြင်ဆင်လိုက်ဦးမယ်"

"မပြင်ဆင်နဲ့ မေမေ။ သားတို့က နေ့ချင်းပြန်ပဲလေ။ ဟိုမှာ စကားနည်းနည်းပြောပြီး ပြန်လာမှာပဲ မဟုတ်လား။ လာပါ . . . သားတို့ တစ်ခါတည်း သွားကြမယ်"

"မေမေ့ကို အဝတ်လဲခွင့်လေးတော့ပေးပါဦး သားရယ်နော်။ နောက်ပြီးသားက ကောင်မလေးကို သွားပြန်ခေါ်မှာဆိုတော့ ကားတစ်စီးတည်းနဲ့ သွားလို့မဖြစ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကောင်မလေးနဲ့အတူ သူ့အုပ်ထိန်းသူတွေလည်း လိုက်ခဲ့ချင် လိုက်ခဲ့မှာ။ ဒီတော့ သားကားနဲ့ သားသွား။ မေမေက မေမေ့ကားနဲ့ လိုက်ခဲ့မယ်။ ဖြစ်တယ်မို့လား?"

"ဖြစ်တယ် . . . မေမေ။ ဖြစ်တယ်"

ဒေါ်စိမ်းလန်းသွင် အဝတ်လဲပြီးသည်နှင့် သူဦးဆောင်သည့် ခရီးလေးကို စတင်လိုက်ပါသည်။ သူကိုယ်တိုင်မောင်းသည့် ကားတစ်စီး၊ ဒေါ်စိမ်းလန်းသွင်၏ ဒရိုင်ဘာမောင်းသည့်ကားတစ်စီး၊ ပေါင်း ကားလေးနှစ်စီး ရန်ကုန်မှ ချောင်းသာသို့ ဦးတည်ကာ ရွေ့လျားနေပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

ဟိုတယ်ကားပါကင်တွင် ကားရပ်ပြီးသည်နှင့် သူ့ခြေလှမ်းများ ကမ်းခြေဆီသို့ ဦးတည်သွားပါတော့သည်။

ချောင်းသာကို လာသည့်လူများကို ရှာရအလွယ်ဆုံးနည်းပင်။ ညနေခင်း ဘယ်သူမဆို ကမ်းခြေသို့ဆင်းမည်ပဲ။ ထို့ကြောင့် သူ သူမကို ရှာရန်အတွက် ကမ်းခြေသို့ ဦးတည်ကာ ပြေးဆင်းခဲ့လိုက်ပါသည်။

"နေပါဦး . . . ဝသံရဲ့"

မေမေ့တားမြစ်သည့် စကားကိုပင် သူဂရုမပြုနိုင်ဘဲ ကမ်းခြေသို့ ပြေးဆင်းခဲ့လိုက်ပါတော့သည်။

ကမ်းခြေရောက်သည်နှင့် သူ့မျက်လုံးများ ကျိုးကန်းတောင်းမှောက် ရေးမမီကို ရှာနေမိပါသည်။ သူ့အတွေး မှန်ပါသည်။ သူ သိပ်မရှာလိုက်ရ။ ရေးမမီနှင့် သစ်သောလှူ ကမ်းခြေတွင် အတူ လမ်းတွဲလျှောက်နေသည်ကို သူ လှမ်းမြင်သည်နှင့် တစ်ပြိုင်နက် သူ့ခြေလှမ်းများ အတားဆီးမဲ့ သူမရှိရာသို့ ပြေးသွားမိပါတော့သည်။

သူမအနားသို့ရောက်သည်နှင့် သူ ယောကျ်ား၊ မိန်းမ မခွဲခြားနိုင်တော့။ သူမလက်မောင်းတစ်ဖက်ကို အားနှင့်ဆွဲလှည့်ကာ သူမကို လက်သီးနှင့် ရွယ်လိုက်မိပါတော့သည်။ သူ ဒီတစ်ခါ ချိန်ရွယ်လိုက်သည့် နေရာသည် သူမလက်မောင်း မဟုတ်တော့။ သူမမျက်နှာတည့်တည့်သို့



ဖြစ်ပါသည်။ သစ်သောလှူက ဒီတစ်ခါတော့ လေးလံမနေဘဲ သူနှင့် သူမအကြားသို့ အပြေးလေးဝင်လာသည်။

"ငါရှင်းပြမယ် . . . ဝသံ။ ငါရှင်းပြမယ်"

"ခင်ဗျား ဖယ်။ ဒီကိစ္စက ခင်ဗျားနဲ့မဆိုင်ဘူး . . . ဖယ်"

"မင်းထိုးမယ်ဆိုလည်း ငါ့ကိုထိုးပါကွာ။ မင်းအားကြီးနဲ့ထိုးလိုက်ရင် ရေးမျက်နှာတစ်ခုလုံး စုတ်ပြတ်သတ်သွားနိုင်တယ် ဝသံ"

"ပြတ်ပြတ်။ ခင်ဗျားနဲ့မဆိုင်ဘူး။ ဖယ် . . . "

သူမကိုကိုင်ထားသည့် သူ့လက်လွှတ်သွားပြီး သူနှင့်သစ်သော လှူ ကမ်းခြေတွင် အနည်းငယ်တော့ ရန်းရင်းဆန်ခတ် ဖြစ်သွားရပါသည်။

"ရေးတောင်းပန်ပါတယ် . . . ဝသံရယ်။ ရေးကြောင့် အဲလိုကြီး တော့ မလုပ်ပါနဲ့"

သူမ သူ့ကိုတောင်းပန်ရင်း ငုတ်တုတ်ထိုင်ချလိုက်ကာ ငိုလေပြီ။ သူ မကျေနပ်သော်လည်း လက်သီးကို ဖြေလိုက်ရပါတော့၏။

"ရေး . . . ငါ အခု မင်းနဲ့နှစ်ယောက်တည်း စကားပြောချင်တယ်။ အဲ့ဒါ ငါ ဘယ်သူ့ဆီမှာ ခွင့်တိုင်ရဦးမှာလဲ . . . ပြော"

သစ်သောလှူကို မကျေနပ်စွာ စိုက်ကြည့်ရင်း သူမေးလိုက်စဉ် သစ်သောလှူ သိသိသာသာ မျက်နှာအောက်ငုံ့သွား၏။ ထို့နောက် သူနှင့် သူမ၏အဝေးသို့ လျှောက်ထွက်သွားပါတော့သည်။

"ဝသံ . . . ဘယ်လိုကြီး ဖြစ်လာတာလဲ"

"မင်းမြင်တဲ့အတိုင်းပဲ . . . ရေး။ မင်း မြင်တဲ့အတိုင်းပဲ။ နေစမ်းပါဦး။ မင်းက ဘာဖြစ်လို့ ငါ့ဆီ မဆက်သွယ်တာလဲ?"

"ရေးကို ဝသံဖြတ်လိုက်ပြီလို့ ရေးကထင်နေတာ"

"ဖြတ်တဲ့စကား ငါပြောမိလို့လား ရေး"

"အဲ့နေ့က ဝသံမှ ရေးနောက်မလိုက်ခဲ့တာ။ နောက်နေ့တွေလည်း မဆက်သွယ်ဘူးလေ။ အဲ့ဒါကြောင့် ဝသံမပြောပေမဲ့ ရေးကတော့ ဘာသာတွေးပြီး ထင်တာ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို မင်းမှားတယ် . . . ရေး။ အခု ချောင်းသာကို လိုက်လာတာ ငါတစ်ယောက်တည်း မဟုတ်ဘူး။ ငါ့မေမေလည်း ပါတယ်"

သူမ အံ့အားသင့်စွာ မျက်လုံးများဝိုင်းစက်ရင်း ထိုင်ရာမှ ထ,ရပ်လိုက်မိပါသည်။

"ဟုတ်တယ်။ မင်းမိဘတွေနဲ့ ငါ့မေမေ တွေ့လိမ့်မယ်။ တွေ့ပြီး မင်းကို မိသားဖသားပီပီ တောင်းရမ်းမယ်။ စေ့စပ်မယ်။ ပြီးရင် ဒီနေ့ပဲ မင်းကို ရန်ကုန်ပြန်ခေါ်သွားမယ်။ ဒါပဲ"

သူ စကားကုန် ပြောချလိုက်ပါသည်။ သူ့အကြည့် အဝေးတစ်နေရာသို့ ရောက်သွားစဉ် သူနှင့်သူမကို ငေးကြည့်နေသော သစ်သောလူကို မထင်မှတ်ဘဲ တွေ့လိုက်ရပါသည်။ ဒီကောင် ဘာလဲ? သူများသမီးရည်းစား စကားပြောနေတာ စောင့်ကြည့်နေစရာလား။ မကျေနပ်မှုနှင့် အတူ ကမ်းခြေတွင် လူများရှိနေပါလျက်နှင့် သူမကို သူ ဖက်လိုက်မိပါသည်။

"ဘာလုပ်တာလဲ . . . ဝသံ"

သူမ အံ့အားသင့်သလိုလေး ပြော၏။ သူပြုံးလိုက်ရင်း . . .

"သတိရလို့လေ။ အခု ဖက်ထားလိုက်တာ။ မင်း တိတ်တိတ်နေ"

သူ့ရင်ခွင်ထဲသို့ သူမရောက်သွားသည်နှင့်တစ်ပြိုင်နက် သစ်သောလူအကြည့်များ တစ်နေရာသို့ ဆွဲလှည့်ပစ်လိုက်ရပါတော့သည်။ ဆက်မှ မကြည့်ချင်တော့ပဲ။ ဆက်ကြည့်ဖို့လည်း အင်အားမှမရှိတာ။ အကြည့်လွှဲလိုက်စဉ် သူ့ပါးပြင်မှ မျက်ရည်တချို့ လေထဲသို့ လွင့်ထွက်သွားရပါတော့၏။

ᛏ ᛏ ᛏ



Hotel Dining Room တွင် ဒေါ်စိမ်းလန်းသွင်နှင့် သူမမိခင် ဒေါ်အေးအေးတို့ တွေ့ဆုံဖြစ်အောင် ဒိဝသံပင် ဖန်တီးလိုက်ပါသည်။

"အန်တီ . . . ကျွန်တော့်နာမည် ဒိဝသံပါ။ ကျွန်တော်က သစ်သောလူနဲ့ တစ်ခန်းတည်းအတူ ကျောင်းတက်ပါတယ်။ ကျွန်တော့်မှာ လူလက်မခံနိုင်လောက်တဲ့ ကိုယ်ကျင့်တရားဖောက်ဖျက်တဲ့ ပြစ်မှုတစ်စုံတစ်ရာ မရှိပါဘူး အန်တီ။ အန်တီသစ်သောလူကို မေးကြည့်နိုင်ပါတယ်"

စားပွဲဝိုင်းလေး စတင်ဖန်တီးကတည်းက ဒိဝသံက သူ့ကို အကူအညီတောင်းခဲ့ခြင်းပင်။ အခုလည်း သူမနှင့် ချစ်ကြိုက်ခွင့်ကို မိဘအုပ်ထိန်းသူများ တရားဝင်ခွင့်ပြုနိုင်ရေးအတွက် ခွင့်တောင်းရာတွင် သူ့ကို စစ်ကူတောင်းနေပြန်ပြီ။ သူက ရေးမမိကို ချစ်နေတဲ့လူလေ။ သူဘယ်လိုနည်းနဲ့ ဒိဝသံကို စစ်ကူပေးနိုင်ပါမည်နည်း။

ဒါဆို ဘယ်လိုစကားမျိုးသုံးပြီး သူ ဒိဝသံကို မထောက်ခံကြောင်း ငြင်းရမည်နည်း။ အဲ့လိုငြင်းဖို့ကလည်း သူ့အတွက် အဆင်မပြေပြန်။ စားပွဲတစ်ဝိုင်းထဲတွင် မျက်နှာချင်းဆိုင်ထိုင် နေကြသူများဖြစ်သောကြောင့် သူ ရှေ့မတိုးသာ၊ နောက်မဆုတ်သာ ဖြစ်နေရပါပြီ။

"နေပါဦး . . . ဝသံ။ မင်းနဲ့ ဒီကလေးက အတန်းတူတွေ . . . ဟုတ်လား။ မေမေ့ကိုလည်း တစ်ခါမှ မပြောဖူးပါလား"

ဘယ်ပြောလိမ့်မလဲ? ဒိဝသံက သူ့ကို ခိုင်းချင်တဲ့အချိန်မှသာ ဆက်ဆံတာလေ။ ဒါကို ဒေါ်စိမ်းလန်းသွင် ဘယ်သိလိမ့်မတုံး။



www.burmeseclassic.com

www.burmeseclassic.com

"စကားမဆက်မိလို့ မပြောတာပါ . . . မေမေ။ သူ့နာမည်က သစ်သောလူလေ။ သားနဲ့ တစ်တန်းတည်း"

"ဩော်"

အော်ဟူသော စကားနှင့်အတူ ဒေါ်စိမ်းလန်းသွင်အကြည့်များ သူ့ထံသို့ ရောက်လာသောကြောင့် အပူရုပ်ဟန်လုပ်ကာ သူအပြုံးနှင့် တုံ့ပြန်လိုက်ရပါသည်။

"သားရေး၊ သမီးရေးကိစ္စက အချိန်ယူသင့်တယ်ဆိုတာ ကျွန်မနားလည်ပါတယ်။ နောက်ပြီး အရင်တစ်ခါ ကျွန်မ သမီးလေးနဲ့ တွေ့တုန်းက တစ်ယောက်နဲ့တစ်ယောက် နားလည်မှုလေး နည်းနည်းလွဲသွားဖူးပါတယ်။ ကျွန်မနဲ့ သမီးလေးအကြားက လွဲမှားနေတဲ့ အမြင်လေးတွေကြောင့် ကလေးနှစ်ယောက် ဝေးရမယ့်အဖြစ်ကို ကျွန်မ အရောက်မခံနိုင်ပါဘူး။ ဒီတော့ တစ်ခါတည်းနိုင်မာအောင် ပြောချင်ပါတယ်။ ကျွန်မသား ဒီဝသံနဲ့ ဒီက ရေးမမီဆိုတဲ့ မိန်းကလေးကို လက်ထပ်ထိမ်းမြားပေးဖို့ ကျွန်မ ကမ်းလှမ်းပါရစေ"

နိုင်မာလှသော ဒေါ်စိမ်းလန်းသွင်စကားက သူ့အသည်းနှလုံးကို အစိမ်းလတ်လတ်ရင်ထဲမှ ဆွဲထုတ်လိုက်သလိုနှယ်။

ဒီဝသံ့ဘဝက ကောင်းလိုက်တာ။ အမေက ဒီဝသံတစ်ခွန်းတည်းနှင့် ပြီး၏။ အခုလည်း ရေးမမီကို ဒီဝသံအတွက် တောင်းပေးနေပြန်သည်။ သူ့မှာလည်း အဲ့လိုအမေတစ်ယောက်လောက်ရှိရင် တော်တော်ကောင်းမှာပဲနော်။

"သမီးမှာ ရည်းစားရှိမှန်းတော့ ကျွန်မ ရိပ်မိပါတယ်။ ဘာပဲဖြစ်ဖြစ်လေ။ ယောကျ်ားလေးရှင်ဘက်က တရားဝင်ပြောလာပြီဆိုမှတော့ ကျွန်မလည်း ကာယကံရှင်ဖြစ်တဲ့ သမီးကို မေးကြည့်ရမှာပေါ့"

သူမမိခင် ဒေါ်အေးအေး၏ ကတိစကား။ ထိုစကားဆုံးသည်နှင့် ရေးမမီထံသို့ သူ့အကြည့်များ အပြေးလေး ရောက်ရှိသွားပါသည်။ ရေးရယ် မင်း ခေါင်းခါလိုက်ပါနော်။ ဒီဝသံကို ငြင်းလိုက်ပါ။



သို့သော် ရေးမမီမျက်ဝန်းက ဒီဝသံကိုလှမ်းကြည့်ကာ အပြုံးတစ်ခု ဖူးပွင့်သွားပါသည်။ ဒါဆို ရေးငြင်းတော့မှာမဟုတ်။ ရင်နင့်စွာဖြင့် သူ ရေးကို ငေးကြည့်နေစဉ် ရေးလက်ဖဝါးလေးတစ်ဖက်ကို ဒီဝသံက တိတ်တခိုး ဆုပ်ကိုင်လိုက်ပါသည်။

"သမီး ဝသံနဲ့စေ့စပ်ဖို့ကို လက်ခံပါတယ်မေမေ"

အရှုံးတစ်ပိုင်းပမာ သူတောင့်တနေသော အဖြေကို ရေးမဖြေ။ ရေးဖြေလိုက်သည်က သူ့ကို ရှင်လျက်သေသွားစေနိုင်သည့် အဖြေမျိုး။ မျက်ဝန်းတွင် မျက်ရည်များ ဝေ့တက်လာ၏။ သူသက်ပြင်းချရင်း တစ်ဖက်သို့ မျက်နှာလွှဲလိုက်ကာ မျက်ရည်ကို ဖိသုတ်လိုက်မိပါသည်။

"ကဲ . . . ကလေးတွေလည်း သဘောတူ၊ လက်ခံတယ်။ ကျွန်မတို့လူကြီးချင်းလည်း အဆင်ပြေတယ်ဆိုတော့ စေ့စပ်ပွဲကို ဘယ်တော့ကျင်းပဖို့ စိတ်ကူးထားလဲ . . . အစ်မ"

ဒေါ်စိမ်းလန်းသွင်က သားအတွက် သွက်လက်လွန်းလေလေ သူ့အသည်းက မြေကြီးထဲ အစိမ်းလတ်လတ်နစ်ဝင်နေရလေလေ။

"ကျွန်တော်ကတော့ စေ့စပ်ပွဲကို အမြန်ဆုံးပဲ လုပ်ချင်တယ်။ ဖြစ်နိုင်မယ်ဆိုရင် အခု အန်တီတို့ ရန်ကုန်ကို ပြန်လိုက်ခဲ့စေချင်တယ်။ ရန်ကုန်ရောက်တာနဲ့ ကျွန်တော်တို့ စေ့စပ်ပွဲလေး ကျင်းပလိုက်မယ်လေ"

ဒီဝသံပြောပြီး တိုင်ပင်သလိုလေး ရေးကိုလှမ်းကြည့်တော့ ရေးက ပြုံးရင်း ခေါင်းငုံ့သွား၏။ ဒီအချိန်မှာ သူ့ခံစားချက်ကို ဘယ်သူက ထည့်တွက်ပါမည်နည်း။ ဘယ်သူမှ ထည့်တွက်လိမ့်မည်မဟုတ်။

"ဒါဆိုလည်း သမီးတို့ ဝသံနဲ့အတူ ရန်ကုန်ပြန်လိုက်သွားကြရင် ကောင်းမယ် မေမေ"

"ဒါပေမဲ့ ဒီလို ချက်ချင်းကြီး စေ့စပ်လိုက်တယ်ဆိုတော့ ပတ်ဝန်းကျင်ရဲ့အမြင်မှာ တစ်မျိုးများ ဖြစ်နေမလားပဲ"

ဒေါ်အေးအေး၏စကားက သူ့အဖို့ ရေနစ်နေသူအတွက် မြတ်ထာ



www.burmeseclassic.com

www.burmeseclassic.com

ပင်နယ် အသုံးဝင်လှပါသည်။ သူဒေါ်အေးအေးကို အားကိုးစွာ လှမ်းကြည့်လိုက်မိပါသည်။

"ကျွန်တော်တို့က အခု စေ့စပ်ရုံပဲလေ။ စေ့စပ်ထားမယ်။ ကျောင်းပြီးမှ လက်ထပ်မယ်။ ဒါဆို ပတ်ဝန်းကျင်အမြင် တစ်မျိုးမဖြစ်နိုင်ပါဘူး . . . အန်တီ"

"ဟုတ်ပါတယ် မေမေရယ်။ အဲဒါဆို အဆင်ပြေပါတယ်"

"ကောင်းပြီလေ။ ဒါဆိုလည်း မောင်ဒိဝသံပြောတဲ့အတိုင်းပဲ လုပ်ကြတာပေါ့"

သူ့အားကိုးရာ ဒေါ်အေးအေးကိုလည်း ဒိဝသံစကားက နိုင်သွားပေပြီ။ ဒါဆို သူ့အတွက် အခွင့်အလမ်း မရှိတော့ဘူးပေါ့။ အင်းပေါ့။ ရေးကို အဝေးက မျှော်နေခွင့်တောင် သူ့တွင် မရှိနိုင်တော့ချေ။

"ဒါဆို ကိုလှလည်း ရေးတို့နဲ့အတူ ပြန်လိုက်ခဲ့နော်။ ရေးစေ့စပ်ပွဲမှာ ကိုလှရှိနေပေးပေါ့နော်"

သူ့မျက်ရည်များကိုပင် မမြင်နိုင်အောင် ပျော်နေသည့်ရေးက သူ့ကို တိုက်ရိုက်ကြီးပြောတော့ သူမငြင်းနိုင်။ သူ့ကိုယ်သူ သတ်ကွင်းထဲ ပို့ရမည့် မြင်ကွင်းကြီး။ သို့သော် ရေးတောင်းဆိုမှုကြောင့် သူငြင်းလိမ့်မည်မဟုတ်။

"လိုက်ခဲ့ပေးပါ့မယ် . . . ရေးရယ်"

သူ့အဖြေကြောင့် ရေးအပြုံးလေးတစ်ပွင့်ကိုတော့ သူမြင်နိုင်ခွင့်ရှိခဲ့သည်ပဲ။

"ဒါဆို ကိုယ်နဲ့သစ်သောလှက တစ်စီးမောင်းမယ်။ မေမေ့ကားမှာ ရေးနဲ့အန်တီတို့ လိုက်သွားချည်။ ဖြစ်လား . . . ရေး"

"ဖြစ်ပါတယ် . . . ဝသံ"

ဒီလိုနှင့် ဒိဝသံနှင့်အတူ ရန်ကုန်သို့ လိုက်ပါခဲ့ရပါတော့သည်။

ᨁ ᨁ ᨁ



"နောက်[illegible]တော့ဘာဆက်ဖြစ်လဲ ဝသံ?"

ဒေါက်တာနိုင်သူက သိချင်စွာ မေးလိုက်ပါသည်။ သို့သော် သူဆိုအဖြေကို ချက်ချင်းကြီး မဖြေနိုင်သေး။ ရင်ထဲမှ လိပ်တက်လာသည့် ခံစားချက်ကြီးက သူ့ကို မျက်ရည်ကျသွားအောင် ဖန်တီးလိုက်ပါသည်။ ဒေါက်တာနိုင်သူက သူ့ထံသို့ Tissue တစ်စ လှမ်းပေးပါသည်။

"ပြောနိုင်ပါ့မလား . . . ဝသံ"

သူ Tissue ဖြင့် မျက်ရည်သုတ်ရင်း ခေါင်းခါပြလိုက်ပြီး သက်ပြင်းမောတစ်ခုကိုလည်း ချလိုက်ရပါသေးသည်။

"မပြောရင်လည်း မဖြစ်ဘူးလေ။ ပြောပြသင့်ပါတယ်"

"ကျွန်တော် ပြောပြမှာပါ။ ဒါပေမဲ့ ခဏတော့ စောင့်ပေးပါနော်"

ဒေါက်တာက နားလည်စွာဖြင့် ခေါင်းညိတ်ရင်း တိတ်ဆိတ်နေပေးလိုက်ပါသည်။ သူသက်ပြင်းအထပ်ထပ် ချနေမိပါသည်။ အင်းလေ။ မပြောလို့မှ မဖြစ်ပဲ။ ဒီတော့ ပြောရတော့ပြီပေါ့။

"ကျွန်တော်တို့ ချောင်းသာက အပြန်လမ်းမှာ ကားအက်စီးဒင့်ဖြစ်ခဲ့တယ်"

"ဝသံက အဲ့ဒီအက်စီးဒင့်ကြောင့် ဆေးရုံတက်ခဲ့ရတာပေါ့။ ဟုတ်လား?"

"ဟုတ်ကဲ့"

www.burmeseclassic.com

"မောင်သစ်သောလူကရော?"

"သူ . . . သူ အက်စီးဒင့်မှာပဲ သေဆုံးသွားခဲ့ပါတယ်"

စကားဆုံးသည်နှင့် မျက်ရည်ပူများ သူ့ပါးပြင်မှ ဖြတ်သန်းသွားပါသည်။

"ဩော် . . . စိတ်မကောင်းစရာပဲ"

ဒေါက်တာနိုင်သူ ကောက်ချက်ကြောင့် သူ ရင်မောမိပါသည်။ သူလည်း ဆေးရုံတွင် သတိရရချင်း သစ်သောလူဆုံးသွားသည်ကို သိလိုက်ရခြင်းဖြစ်ပါသည်။

"ဒါနဲ့ ကားအက်စီးဒင့်ဆိုတာက ဘယ်လိုမျိုးလဲ . . . ဝသံ"

ထိုမေးခွန်းကို ဖြေနိုင်ရန် သူ စဉ်းစားလိုက်ရပါသည်။ ဘာကြောင့် ကားအက်စီးဒင့်ဖြစ်ခဲ့တာလဲ? ဟုတ်ပါ၏။ သူ ထိုကားအက်စီးဒင့် အကြောင်းကို တကယ်မေ့နေပါပေါ့လား?

"ကား,ကားချင်း တိုက်မိတာလား . . . ဝသံ"

အလိုလို ခေါင်းခါပြလိုက်မိပါသည်။

"ဒါဆို . . . "

"ကျွန်တော်တို့ကားက ချောက်ထဲထိုးကျသွားတာ ဒေါက်တာ"

သူတွေးမရနိုင်သော အတွေးများက ပါးစပ်က အလိုလို ဖြေပေးလိုက်နိုင်သည်။ အံ့ဩလွန်း၍ သူ့ပါးစပ်ကို ယောင်ရမ်း၍ပင် စမ်းကြည့်လိုက်မိပါ၏။

"ဘယ်လိုလုပ်ပြီး ကားက ချောက်ထဲထိုးကျသွားတာလဲ ဝသံ"

"ကျွန်တော်မသိဘူး ဒေါက်တာ"

အတန်ကြာ တွေးကြည့်ပြီးမှ သူဖြေလိုက်ခြင်းပင်။

"မသိဘူးဆိုတော့? . . . "

"ကျွန်တော် ပြန်မစဉ်းစားချင်တာ ဖြစ်ပါလိမ့်မယ်"

သူသက်ပြင်းအခါခါ ချနေမိပါတော့သည်။

"ဘာမှသိပ်မစဉ်းစားပါနဲ့ . . . ဝသံ"



သူ့ကို ခဏတာ သေချာစေ့စေ့စိုက်ကြည့်ကာ အကဲခတ်ရင်းမှ ဒေါက်တာ ပြောလိုက်သည့်စကား။ ငုံ့နေသည့်ခေါင်းမတ်သွားပြီး ဒေါက်တာ့ကို သူလှမ်းကြည့်လိုက်မိပါသည်။

"ဟုတ်တယ် . . . ဝသံ။ စဉ်းစားလို့မရတာတို့၊ မစဉ်းစားချင်တာတို့ကို သိပ်မစဉ်းစားနဲ့။ နောက်ပြီး အဲဒါတွေက သိပ်မှ အရေးမကြီးပဲ"

ဒေါက်တာပြောသည်ကို သူ နားထောင်နေသော်လည်း စိတ်ထဲ၌ သိပ်ဘဝင်မကျ။ ကိုယ်ဖြစ်ခဲ့သည့် အက်စီးဒင့်ကို ဘာ့ကြောင့် မစဉ်းစားချင်ရမှာလဲ။ ဘာကြောင့် မမှတ်မိတာလဲ။ နောက်ပြီး သူက အတိတ်မေ့နေသည့်လူလည်းမဟုတ်။

"နောက်ပြီး ဝသံက မရူးပါဘူး"

"ဒေါက်တာ ဘယ်လိုလုပ် အဲ့လို ကောက်ချက်ချနိုင်ရတာလဲ?"

"ဖြစ်ခဲ့တာတွေကို အကောင်းအဆိုး သေသေချာချာ ပြန်ပြောနိုင်တဲ့အပြင် ကိုယ့်ကိုယ်ကိုယ် ရူးနေပြီးလားလို့ သံသယရှိနေတဲ့ အချက်ကိုမူတည်ပြီး ဝသံ့ကို မရူးဘူးလို့ ဒေါက်တာ ကောက်ချက်ချလိုက်တာပါ"

ဒေါက်တာ့စကားကြောင့် သူ ပျော်သင့်ပါသည်။ သို့သော် သူ သက်ပြင်းမောကြီး ချလိုက်မိပြန်သည်။ ထို့အပြင် စိတ်ထဲမှ ဘဝင်မကျမှုကြီးက သူ့ကို လွှမ်းမိုးထားပါသေးသည်။

"ကိုယ်တကယ်ချစ်တဲ့ ချစ်သူနဲ့ အိမ်ထောင်ပြုခါနီး အပျော်လွန်လို့ အတွေးတွေ ရှုပ်နေတာလည်း ဖြစ်နိုင်ပါတယ်။ ဒီတော့ ညဘက် စိတ်ငြိမ်ဆေးတစ်မျိုးသောက်ပြီး အိပ်လိုက်ပေါ့ . . . ဝသံ။ အားလုံး အဆင်ပြေသွားမှာပါ"

ဒေါက်တာက လက်မှနာရီကို ငုံ့ကြည့်ရင်း ပြော၏။

"ဟုတ်ကဲ့ . . . သောက်ကြည့်လိုက်ပါ့မယ် ဒေါက်တာ"

"သင့်တော်တဲ့ စိတ်ငြိမ်ဆေးတစ်မျိုး ဒေါက်တာပေးလိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ်"

"နောက်ပြီး စိတ်ထဲမှာ သိပ်ဘဝင်မကျတာ တစ်ခုခုရှိခဲ့ရင် ဒေါက်တာ့ဆီလာခဲ့ပါ။ ဒေါက်တာတို့ အခုလိုမျိုးပဲ ဆွေးနွေးကြတာပေါ့"

အခု ဒေါက်တာပြောသည့်စကားများကို သူ ဘဝင်မကျပါ။ ဒါကို ဒေါက်တာ့ကို ဖွင့်ပြောသင့်လား။ ဖွင့်မပြောသင့်။ ဒါ အတော်ရိုင်းစိုင်းသည့် တိုင်ပင်မှုကြီး ဖြစ်သွားနိုင်ပါသည်။

"ကျွန်တော် ကားအက်စီးဒင့်ဖြစ်ခဲ့တဲ့နေရာကို ပြန်သွားကြည့်ရင် ဘာဆိုးကျိုးဖြစ်လာနိုင်လဲ ဒေါက်တာ"

ဒေါက်တာ ချက်ချင်းမဖြေဘဲ ခေါင်းတညိတ်ညိတ် စဉ်းစားနေသည်ကို သူ စိတ်ရှည်ရှည်ဖြင့် စောင့်ပေးနေလိုက်ပါသည်။

"အင်း . . . သွားကြည့်ရင် ဆိုးကျိုးတစ်ခုခုတော့ မဖြစ်လာနိုင်ပါဘူး။ ဒါပေမဲ့ ကောင်းကျိုးလည်းရှိလိမ့်မယ် မထင်ဘူးဝသံ။ ဒီတော့ တကူးတကကြီး သွားကြည့်မယ့်အချိန်တွေကို မိသားစုနဲ့ဖြစ်ဖြစ်၊ ချစ်သူနဲ့ဖြစ်ဖြစ် အသုံးပြုလိုက်ပေါ့"

သူ ခေါင်းညိတ်လိုက်ပါသည်။ သို့သော် စိတ်ထဲတွင်တော့ ဒေါက်တာပြောသည့် အကြံပေးချက်ကို နားမထောင်ရန် ဆုံးဖြတ်လိုက်ပြီဖြစ်သည်။ သူ ဒေါက်တာနိုင်သူ့ရုံးခန်းထဲမှ ထွက်ခဲ့သော်လည်း စိတ်ထဲတွင် ဘဝင်မကျမှုကြီးက ကြီးစိုးနေတုန်းပင် ဖြစ်ပါသည်။

ᕱ ᕱ ᕱ



ထမင်းစားခန်းအတွင်း သူ့အရှေ့တွင် ခူးခပ်ပြီးသား ထမင်းနှင့် ဟင်းပွဲများ အဆင်သင့်ရှိနေသော်လည်း သူ့စိတ်က တစ်နေရာသို့ လွင့်နေသောကြောင့် ထမင်းဝိုင်းကို စိတ်မဝင်စားနိုင်ချေ။

"သား . . . ဝသံ။ ထမင်းစားဝိုင်းကို တွေတွေကြီးကြည့်နေပြီး ဘာတွေ တွေးနေတာလဲကွယ်"

မေမေ့အမေးကြောင့် သူ့အကြည့်များ မေမေထံသို့ အပြေးအလွှားရောက်ရှိကုန်၏။

"မေမေ . . . သားတို့ ကားအက်စီးဒင့် ဘယ်လိုဖြစ်သွားတာလဲ?"

ရုတ်တရက် မေးလိုက်သော သူ့စကားကြောင့် ဒေါ်စိမ်းလန်းသွင် သူ့ကို ငေးငေးလေး ကြည့်လိုက်ပါ၏။

"ပြီးခဲ့တာတွေလည်း ပြီးပါပြီ . . . သားရယ်။ ဘာလို့ပြန်တွေးချင်နေရတာလဲ?"

"သားစိတ်ထဲမှာ မတင်မကျကြီးဖြစ်နေလို့ပါ မေမေ။ ပြောပြပါနော်"

"သားတို့ ဘယ်ကဘယ်လို ကားမှောက်သွားလဲ မေမေတို့ မသိလိုက်ဘူး . . . ဝသံ။ မေမေတို့ ကားအနောက်က ကြားလိုက်ရတဲ့ အသံကြီးကြောင့် မေမေ ကားပြန်ကွေ့ပြီး ကြည့်လိုက်တော့ သားရဲ့ကားက ချောက်ထဲရောက်နေပြီ။ နောက်ပြီး သားရော၊ ယုံ့ သာ်သောလူရော သွေးအလိမ်းလိမ်းနဲ့ လဲကျနေတာ"



www.burmeseclassic.com

www.burmeseclassic.com

မေမေက သစ်သောလူနာမည်ပြောခါနီး အနည်းငယ်တော့ လေးလံသွားပါသည်။

"ဒါနဲ့ပဲ သားတို့ကို ဆေးရုံတင်ပေးလိုက်တာပေါ့။ ဟုတ်လား . . မေမေ"

"ဟုတ်တယ် . . . သား"

သစ်တောလူက နေရာမှာပဲ ဆုံးသွားတာလား မေမေ"

"ဟုတ်လိမ့်မယ်။ လူနာတင်ယာဉ်က သူနာပြုတွေ သူ့ကိုစမ်းသပ်လိုက်တော့ သူ့မှာ အသက်မရှိတော့ဘူးလို့ ပြောတယ်"

ရင်ထဲမှာ လေးလေးပင်ပင်လေး ဖြစ်သွားရင်း သူသက်ပြင်းချလိုက်မိပါသည်။ ထမင်းစားချင်စိတ်လည်း မရှိတော့ပါ။

"သား သိပ်မဆာသေးလို့ နောက်တော့မှ စားတော့မယ်မေမေ"

"သားရယ် . . . အစာအိမ်ထိခိုက်မှာ မေမေစိုးတယ်"

"သား အခု အိပ်ချင်နေလို့ပါ။ လူက ပင်ပန်းသလိုကြီး ဖြစ်နေတယ် . . . မေမေ။ သားခဏမှေးပြီး နိုးလာရင် စားလိုက်ပါ့မယ်"

မေမေ့ကို ဖြေရှင်းချက်တိုလေး တစ်ခွန်းပြောပြီး အိမ်ပေါ်ထပ်ရှိ သူ့အိပ်ခန်းထဲသို့ တက်ခဲ့လိုက်ပါတော့သည်။

ဒေါက်တာနိုင်သူ့ထံမှ ပြန်လာကတည်းက သူ သိသိသာသာ ပင်ပန်းနွမ်းနယ်နေပါသည်။ ထို့ကြောင့် အိပ်ခန်းထဲရောက်သည်နှင့် ဒေါက်တာနိုင်သူ ပေးလိုက်သော စိတ်ငြိမ်ဆေးကိုသောက်ကာ ခုတင်ပေါ်သို့ ခန္ဓာကိုယ်ကြီးကို အရုပ်ကြိုးပြတ်နယ် လှဲလိုက်ရင်း အနားယူနိုင်ရန် ကြိုးစားလိုက်မိပါတော့သည်။



"ငါ တောင်းပန်ပါတယ်ကွာ . . . ငါ တကယ်တောင်းပန်ပါတယ်"

ရှိုက်ကြီးတငင် ငိုကျွေးနေရင်း တောင်းပန်စကားပြောနေသည့် အသံကြောင့် သူ အိပ်နေရာမှ နိုးသွားရ၏။ ခုတင်ပေါ်တွင် ထိုင်လိုက်ရင်း အသံလာရာ အခန်းထောင့်သို့ သူ လှမ်းကြည့်လိုက်မိပါသည်။

"ဟာ . . ."

အံ့သြမှုကြောင့် သူအာမေဍိတ်သံပင် ပြုလိုက်မိပါသည်။ အခန်းထောင့်တွင် ရှိုက်ကြီးတငင်ငိုကျွေးရင်း သူ့ကို တောင်းပန်နေသူက . . ဒီဝသံ။ သူ ဒီဝသံကိုကြည့်ပြီး ခေါင်းနားပန်း ကြီးသွားရပါသည်။

"မင်းက ငါလေ။ ဘာလို့ ငါ့ကို လာတောင်းပန်နေတာလဲ?"

သူ နားမလည်စွာဖြင့် သူ့တစ်ကိုယ်ဖြစ်နေသော ဒီဝသံကို လှမ်းမေးလိုက်မိပါသည်။

"မင်းက ငါဆိုပေမဲ့ ငါက မင်းမှမဟုတ်တာ . . . သစ်သောလူ။ နောက်ပြီး ငါ မင်းမဖြစ်ချင်ဘူး . . . သစ်သောလူ"

အခန်းထောင့်မှ ဒီဝသံက သူ့ကို မကျေနပ်စွာစိုက်ကြည့်ပြီး မျက်ရည်ထွေထွေကျနေရင်း ပြောလိုက်ပါသည်။

"မင်း ဘာတွေလာပြောနေတာလဲ? ငါက ဒီဝသံလေ။ ငါသစ်သောလူ မဟုတ်ဘူး။ မင်းငါ့ကို သစ်သောလူလို့ လာမခေါ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com

သူမကျေနပ်စွာ အခန်းထောင့်မှ ဒိဝသံပြောရင်း ခုတင်ပေါ်မှ ဆင်းလိုက်မိပါသည်။

"ဒါဆို မင်း ဘယ်သူဆိုတာ သိရအောင် မင်းကိုယ်မင်း မှန်ထဲမှာ ပြန်ကြည့်လိုက်စမ်းပါ . . . သစ်သောလူရာ"

ဝမ်းနည်းမှု၊ နာကြည်းမှုအတိဖြင့် ပြောလိုက်သော အခန်းထောင့်မှ ဒိဝသံစကားကြောင့် သူတွေဝေရင်း သူ့ပါးပြင်ကို ယောင်ယမ်းပြီး လက်ဖဝါးဖြင့် စမ်းကြည့်လိုက်မိပါသည်။

"မင်း စမ်းကြည့်မနေပါနဲ့ သစ်သောလူရာ၊ မှန်ထဲမှာသာ ပြန်ကြည့်လိုက်စမ်းပါကွာ။ ငါ တောင်းပန်ပါတယ်"

ပြောနေသော ဒိဝသံစကားကြောင့် သူမှန်ထဲသို့ လှမ်းကြည့်လိုက်မိပါသည်။

"ဟာ . . . "

အံ့ဩကြီးစွာဖြင့် သူ ထ,အော်လိုက်ရင်း ဝမ်းနည်းမှုကြောင့် မျက်ရည်များ တွေတွေကျဆင်းလာပါသည်။

"မဟုတ်ဘူး . . . မှန်ထဲမှာ မြင်နေရတဲ့ မျက်နှာက ငါ့မျက်နှာ မဟုတ်ဘူး။ သစ်သောလူ . . . ဒါ သစ်သောလူ မျက်နှာကြီးပဲ"

ကြောက်လန့်တကြား အော်ဟစ်ရင်း သူ လွှန်စွာထိတ်လန့်ပြီး တစ်ကိုယ်လုံး တုန်ယင်လာပါတော့သည်။

"မင်း ထွက်သွားစမ်း . . . အယောင်ဆောင်ကောင်။ မင်းထွက်သွားပါကွာ။ ငါ့ကိုယ်ထဲက ထွက်သွားပါတော့ . . . သစ်သောလူရာ။ ငါ တောင်းပန်ပါတယ်။ ငါ နောက် ဘယ်တော့မှ မင်းကို အနိုင်မကျင့်တော့ပါဘူးကွာ။ ငါပိုင်တာ ငါ့ကို ပြန်ပေးပါနော်"

အခန်းထောင့်မှ ဒိဝသံကလည်း သူ့ကို မကျေနပ်စွာ အားကုန်အော်ဟစ် မောင်းထုတ်နေပါတော့သည်။ သူ လုံးဝ နားမလည်နိုင်တော့။ ဒီအခန်းထဲမှာ ဘာတွေဖြစ်နေတာလဲ?



"မင်း ဘာတွေလာပြောနေတာလဲ? မင်းဘယ်သူလဲ? မင်းက ငါ့မျက်နှာကြီးနဲ့ မင်းဘယ်သူလဲ?"

"မင်းမသိရင် မြဲမြဲမှတ်ထား။ ငါက ဒိဝသံစစ်စစ်"

စူးရဲသော မျက်လုံးများနှင့် စိုက်ကြည့်ရင်းပြောလိုက်သည့် ဒိဝသံ့စကားကြောင့် သူ လွန်စွာ ချောက်ချားသွားပါသည်။

"သွား . . . မင်းထွက်သွား . . . သွား"

အခန်းထောင့်မှ အားကုန်အော်ဟစ်နေသည့် ဒိဝသံ၏အသံကြောင့် သူ့ခေါင်းထဲမှ ဦးနှောက်များ လွင့်စင်သွားသည်နှယ်။

"မင်း ဘာတွေလာပြောနေတာလဲ? ငါက ဒိဝသံ။ ငါ သစ်သောလူ မဟုတ်ဘူး။ ငါဒိဝသံ . . . ငါဒိဝသံ . . . ငါ ဒိဝသံကွ . . ငါ ဒိဝသံ"

မျက်စိဆုံမှိတ်ပြီး အားကုန်ပြန်အော်ဟစ်ရင်းနှင့် သူ့အာခေါင်များ ခြောက်ကပ်လာပါတော့သည်။

"သား . . . သားလေး။ သားလေး . . . ဒိဝသံ"

နွေးထွေးသော လက်ဖဝါးလေးက သူ့ပါးနှစ်ဖက်ကို ထိတွေ့မှုကြောင့် သူ အိပ်နေရာမှ နိုးသွားရပါသည်။ သူမျက်လုံးဖွင့်ဖွင့်ချင်း မြင်လိုက်ရသည့်မျက်နှာက မေမေ ဒေါ်စိမ်းလန်းသွင်၏မျက်နှာ။

"မေမေရယ် . . . ကျေးဇူးတင်လိုက်တာ။ သားကို နှိုးလိုက်လို့ ကျေးဇူးတင်လိုက်တာဗျာ"

ရင်ထဲမှ လှိုက်လှဲစွာ ကျေးဇူးတင်လိုက်ရင်း နွေးထွေးသည့် မေမေ ရင်ခွင်ထဲသို့ သူခိုလှုံလိုက်ပါသည်။

"မေမေရယ် . . . သား အရမ်းကြောက်နေတာ"

"သားနာမည်ကို သား အထပ်ထပ်အခါခါ ခေါ်နေတာကြားလို့ မေမေအိပ်ခန်းထဲကို ဝင်လာတော့ သားခုတင်ပေါ်မှာ လူးလိမ့်[illegible] တယ်လေ။ မေမေ စိုးရိမ်ပြီး နှိုးလိုက်တာပါ။ သား ညစာ [illegible] သေးဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com

မေမေ အခန်းထဲဝင်လာသည့်အတွက် သူ တကယ်ကျေနပ်မိပါ၏။ သို့မဟုတ်လျှင် သူ့အိပ်မက်ဆိုးကြီးထဲတွင် ဘယ်အထိ စိတ်ဒုက္ခခံနေရဦးမည် မသိနိုင်။

"ကဲ . . . သား။ လန်းသွားအောင် မျက်နှာကို ရေနည်းနည်းသပ်လိုက်။ ပြီးရင် အောက်ဆင်းခဲ့နော်"

မေမေ အခန်းထဲမှထွက်သွားဖို့ စကားစ,လိုက်ပါသည်။

"ဟင့်အင်း . . . သား . . . အခု မေမေနဲ့အတူ အောက်ထပ်လိုက်ခဲ့မယ်မေမေ"

မှောင်မိုက်နေသော သူ့အခန်းထဲတွင် သူဆက်မနေရဲ။ အခုန သူ့ကိုယ်သူ ဒိဝသံလို့ပြောသည့်လူရှိရာ အခန်းထောင့်သို့ သူ့အကြည့်ရောက်သွားတိုင်း ကျောပြင်မှ ကြက်သီးဖြန်းခနဲ ထသွားရပါ၏။

"လာ . . . မေမေ . . . အောက်ထပ်ရောက်မှပဲ သားမျက်နှာသစ်လိုက်တော့မယ်"

သူ မေမေ့လက်ကို မလွှတ်တမ်း ဆုပ်ကိုင်ထားရင်း မေမေနှင့်အတူ အောက်ထပ်သို့ ဆင်းခဲ့လိုက်ပါတော့သည်။ သူ ယနေ့ည သူ့အိပ်ခန်းထဲသို့ ပြန်သွားရမည်ကို ငရဲတွင်းဆင်းရမည်ထက် ကြောက်ရွံ့လို့ နေပါတော့သည်။



မဖြစ်နိုင်။
ဘယ်နည်းနှင့်မှ မဖြစ်နိုင်။
ဘာတွေမှန်းလဲ မသိနိုင်တော့။
စိတ်ထဲတွင် ချောက်နက်နက်ကြီးထဲမှာ
အတိုင်းအဆမဲ့ လွင့်မြောနေမိပြီ။
တစ်ခါတစ်ခါ
ကိုယ်မောကြီးပမ်းကြီး ပြေးလွှားနေတဲ့
ပန်းတိုင်က ကိုယ့်ပန်းတိုင် မဟုတ်တော့သလိုလို။
နံရံထက်က နာရီလေးက ပုံမှန်အလုပ်လုပ်နေပေမဲ့။
ငါ့နှလုံးသားက ပုံမှန်မဟုတ်တော့တာတော့
ငါသတိထားမိပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com

ညအိပ်တိုင်း အိပ်မက်ထဲတွင် သူငိုနေရပါသည်။ နောက် . . . ဘယ်ကဘယ်လို သူက သစ်သောလူ ဖြစ်ဖြစ်နေရပါသနည်း။

နိုးတိုင်း ငိုရင်း၊ မျက်ရည်များနှင့် မိတ်ဆက်ရင်း အိပ်ရာနိုးနိုးလာရသည့် မနက်ခင်းများကို သူမုန်းနေပြီဖြစ်သည်။ သူဒီအတိုင်းကြီး ဆက်သည်းမခံနိုင်တော့။ နိုးနေလျှင်ပင် သူ့အိပ်ခန်းထဲမှာ မနေရဲ။ အခန်းထောင့်မှ အရိပ်မည်းမည်းကြီးကလည်း သူ့ကို အရင်ထက်ပိုပြီး အတင့်ရဲစွာ ခြောက်လှန့်နေပြီဖြစ်သည်။

သူ့ကိုယ်သူ သံသယဖြစ်ပြီး ဆရာဝန်ဆီသွားခဲ့သော်လည်း သူက ပုံမှန်ဟုသာ ဆရာဝန်က ကောက်ချက်ချပြန်သည်။

သို့သော် ဖြစ်နေသည့် အဖြစ်အပျက်ကြီးက ပုံမှန်မဖြစ်နိုင်။ ပုံမှန်မဟုတ်နိုင်။ တစ်ခုခုတော့ လွဲမှားနေပေလိမ့်မယ်။

သေချာသည်က သူ ဒီအတိုင်းကြီး အသက်ဆက်ရှင်မသွားချင်တော့။ သူ အက်စီးဒင့်ဖြစ်ခဲ့သည့် မှုခင်းကို သေချာသိနိုင်အောင် စုံစမ်းမည်ဟု ဆုံးဖြတ်လိုက်ပါတော့သည်။



"ကားမှောက်မှုဖြစ်ပြီး ဘာဖြစ်လို့ အမှုအခင်း မဖြစ်ရတာလဲ . . . မေမေ။ နောက်ပြီး ကားမောင်းတဲ့လူက သားလေ။ သစ်သောလူ သေသွားတဲ့အတွက် ဘာဖြစ်လို့ သစ်သောလူရဲ့ အုပ်ထိန်းသူတွေက သားတို့၊ မေမေတို့ကို အမှုမဖွင့်တာလဲ"

မနက်စာ စားပွဲဝိုင်းတွင် သူထိုင်လိုက်ပြီးသည်နှင့် မေးလိုက်သောမေးခွန်းကြောင့် ဒေါ်စိမ်းလန်းသွင် မျက်ခုံးများ အုံ့ညှိမှုကြောင့် မြင့်တက်သွားရပါသည်။

"သားရယ် . . . အဲဒါတွေ မေ့လိုက်ပါတော့ကွယ်။ နောက်ပြီး သား လက်ထပ်ဖို့ရက်ကလည်း သိပ်မလိုတော့ဘူး။ ဒီတော့ သား ကျန်းမာအောင် နေသင့်တယ်"

"ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ သားသေချာသိရမှ ကျန်းမာနိုင်မှာ . . မေမေ"

သူ့စကားကြောင့် မေမေ သက်ပြင်းချလိုက်ပါသည်။

"ကောင်းပြီလေ . . . မေမေ ပြောပြမယ်။ ဒါပေမဲ့ မေမေလုံးဝ မပြောပြချင်ဘူး . . . ဝသံ"

"ပြောပြပေးတဲ့အတွက် မေမေ့ကို ကျေးဇူးတင်ပါတယ်"

"ကားကို သားမောင်းလာခဲ့ပေမဲ့ ချောက်ထဲထိုးကျရတဲ့ [illegible] အကြောင်းအရင်းက သစ်သောလူကြောင့်ပါ"



www.burmeseclassic.com

www.burmeseclassic.com

မေမေပြောပြီး စိတ်မကောင်းစွာ မျက်လွှာချလိုက်ပါသည်။

“သစ်သောလူကြောင့်? ဟုတ်လား . . . မေမေ”

သူ မယုံကြည်နိုင်စွာ မေးလိုက်မိပါသည်။

“ဟုတ်တယ် . . . ဝသံ။ အဲ့ဒါကို မြင်လိုက်တဲ့ မျက်မြင်သက်သေ အဒေါ်ကြီးတစ်ယောက်ကြောင့် သားကို သစ်သောလူရဲ့ အုပ်ထိန်းသူတွေက အမှုမဖွင့်တော့တာ”

“သူက ဘယ်လိုလုပ် ကားကို ချောက်ထဲထိုးကျအောင် လုပ်လိုက်တာလဲ . . . မေမေ။ ကားမောင်းတဲ့လူက သားလေ”

“သူက ကားစီယာတိုင်ကို ဆွဲလှည့်လိုက်တာတဲ့။ သူဆွဲလှည့်လိုက်တော့ ကားဦးက ချောက်ဖက်ဦးတည်ပြီး ထိုးကျသွားတာတဲ့”

ပိုင်နိုင်စွာပြောနေသည့် မေမေ့စကားထဲမှ အဖြစ်အပျက်ကို သူ လုံးဝမသိပါ။ မှတ်လည်း မမှတ်မိ။

“ဒါဆို သား အဲ့ဒီအန်တီကြီးနဲ့ သွားတွေ့ချင်တယ် . . . မေမေ။ သား တိတိကျကျ သိချင်သေးတယ်”

“သားရယ် . . .”

လက်လျှော့လိုက်ပါ။ လက်လျှော့သင့်ပြီလို့ ပြောချင်သည့် မေမေ့စကား။ သူခေါင်းခါရင်း ငြင်းလိုက်ပါသည်။

“သားသိမှ ဖြစ်မှာမို့ပါ မေမေ”

မနက်စာဝိုင်းလေးထဲမှ ဒေါ်စိမ်းလန်းသွင်၏ သက်ပြင်းချသံလေး တစ်ခု ထွက်ပေါ်လာပါတော့သည်။



ကံကောင်းထောက်မစွာဖြင့် သူ့တောင်းဆိုမှုကို ဒေါ်ခင်ခင် မငြင်းလိုက်။ ခေါင်းတညိတ်ညိတ်ဖြင့် သူသိချင်သည်များကို ဖြေပေးရန် သဘောတူလိုက်ပါသည်။

“ဟုတ်တယ် . . . သားဘေးမှာထိုင်လာတဲ့ ကောင်လေးက ကားကို ဆွဲကွေ့လိုက်တာ။ အဲဒီတုန်းက ရုတ်တရက်ဆိုတော့ သားလည်း မတားဘဲ သူ့ကို ငေးကြည့်တယ်လေ”

မျက်လုံးကို မှိတ်လိုက်ကာ သူ ထိုစကားများအတွက် ပုံဖော်ကြည့်မိပါသည်။ သို့သော် မရ။ သူ သက်ပြင်းချရင်း မျက်လုံးများ ပြန်ဖွင့်လိုက်ရပါ၏။

“နောက် . . . ဘာဆက်ဖြစ်သေးလဲ ဒေါ်ဒေါ်။ ဖြစ်နိုင်ရင် ပြောပြပါနော်”

ဒေါ်ခင်ခင် ခေါင်းတဆတ်ဆတ်ညိတ်ပါ၏။

“ဒေါ်ဒေါ်ဘဝမှာ အဲ့ဒီအဖြစ်အပျက်က ပထမဦးဆုံးမြင်ဖူးတဲ့ ကားမှောက်မှုကြီးလေ။ ဒီတော့ ဒေါ်ဒေါ်လည်း ကားထိုးကျသွားတဲ့ ချောက်နှုတ်ခမ်းစပ်ကို ပြေးကြည့်လိုက်တာပေါ့။ ထိုးကျသွားတဲ့ ကားရဲ့ တံခါးပွင့်ထွက်လာပြီး တံခါးထဲက လူလေးရော ဟိုကောင်လေးပါ ထွက်ကျလာတယ်လေ”

ဖြစ်ခဲ့သည့် ရုပ်ပုံများကို သူ တွေးကြည့်မိပါသည်။ [illegible] သူ့အတွေးများ ရှုပ်ယှက်ခတ်လာပေပြီ။



www.burmeseclassic.com

www.burmeseclassic.com

"အရင်ဦးဆုံး ဟိုကလေး သတိရလာတယ်"

ပိုင်နိုင်စွာပြောလိုက်သော ဒေါ်ခင်ခင့်စကားကြောင့် သူ အံ့ဩသွားရပါသည်။ မေမေပြောတော့ သစ်သောလှကို အသေအတိုင်း တွေ့သည်တဲ့။

"သူ သတိရလာသေးတယ်၊ ဟုတ်လား . . . ဒေါ်ဒေါ်"

"အင်း . . . ဟုတ်တယ် သား"

"သေချာလို့လား . . . ဒေါ်ဒေါ်"

"သေချာပါတယ်။ သူ သတိရပြီး ထထိုင်တယ်။ နောက်ပြီး သားကို တွေတွေကြီး စိုက်ကြည့်နေတယ်။ နောက်တော့ အဲဒီစိုက်ကြည့်နေတဲ့ကလေး ပြန်လဲကျသွားတဲ့အချိန်မှာ သား သတိရလာတာလေ။ ဒါပေမဲ့ ခဏပါပဲ။ သားလည်း ပြန်ပြီး ငြိမ်သက်သွားတယ်"

သူ့ခေါင်းထဲမှာ အတွေးများ တကယ်ရှုပ်ယှက်ခတ်နေပြီ။ ဘာကိုမှ မတွေးနိုင်။

"နောက်တော့ ဘာဆက်ဖြစ်လဲ . . . ဒေါ်ဒေါ်"

"သားမေမေတို့ကားကြီး ရောက်လာတယ်။ ခဏကြာတော့ လူနာတင်ယာဉ်ရောက်လာပြီး သားတို့နှစ်ယောက်ကို တင်ခေါ်သွားခဲ့တယ်လေ"

"ဘာဆက်ဖြစ်တယ်ဆိုတာ ဒေါ်ဒေါ် သိသေးလား?"

"သိတယ် . . .။ ဒေါ်ဒေါ်လည်း ကလေးနှစ်ယောက်ထဲက ဘယ်သူ အသက်ရှင်မလဲဆိုတာ သိချင်လို့ ဆေးရုံလိုက်ခဲ့တယ်လေ"

"ဆေးရုံရောက်တော့ သူ သတိရသေးလား ဒေါ်ဒေါ်"

ဒေါ်ခင်ခင် စိတ်မကောင်းစွာ ခေါင်းခါလိုက်ပါသည်။

"သားပဲ သတိပြန်ရလာတာပါကွယ်"

စိတ်မကောင်းစွာ ပြောလိုက်သည့် ဒေါ်ခင်ခင့်စကားကြောင့် သူ့ရင်ထဲ နင့်ခနဲ ဖြစ်သွားပါသည်။ သူသိချင်တာတွေ သိပြီးပြီ။ စကားနား



ထောင်ရင်း အချိန်လည်း အတော်ကုန်သွားပေပြီ။ ထို့ပြင် သူ အိမ်ပြန်သင့်နေပြီဖြစ်သည်။

"ကျေးဇူးတင်ပါတယ် . . . ဒေါ်ဒေါ်။ သားသိချင်တာကို သေသေချာချာ ပြန်တွေးပြီး ဖြေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ဒေါ်ဒေါ့်ဘဝမှာ ပထမဦးဆုံးတွေ့ဖူးတဲ့ ကားမှုခင်းဖြစ်လို့ ဒေါ်ဒေါ် ဘယ်တော့မှ မေ့လို့ရမှာ မဟုတ်ပါဘူးကွယ်"

ဒေါ်ခင်ခင့်ကို နှုတ်ဆက်ပြီး သူ ဒေါ်ခင်ခင့်အိမ်ပေါ်မှ ဆင်းခဲ့လိုက်ပါသည်။

"နောက်လည်း သိချင်တာရှိသေးရင် ဒေါ်ဒေါ့်ကို အချိန်မရွေး လာမေးပါ . . . မောင်သစ်သောလှ"

ကားတံခါးဖွင့်အံ့ဆဲဆဲ ဒေါ်ခင်ခင်ခေါ်လိုက်သည့် နာမည်ကြောင့် သူ့ခေါင်းတစ်ခုလုံး ထုံကျင်သွားရပါသည်။

"ဒေါ်ဒေါ် . . . ကျွန်တော့်ကို ဘယ်လိုခေါ်လိုက်တယ်"

"မင်းနာမည်ကို ခေါ်လိုက်တာလေ . . . မောင်သစ်သောလှ"

သူ ကမန်းကတမ်း ကားမှန်ကို လှမ်းကြည့်မိပါ၏။ တော်ပါသေးသည် သူ့မျက်နှာက အိပ်မက်ထဲကလို သစ်သောလှမျက်နှာ ဖြစ်မနေပါ။

"မဟုတ်ဘူး . . . ဒေါ်ဒေါ်၊ ဒေါ်ဒေါ် မှားနေတယ်။ သေသွားတဲ့လူက သစ်သောလှပါ။ ကျွန်တော်က ဒိဝသဲ"

သူ့စကားကြောင့် ဒေါ်ခင်ခင့်မျက်ခုံးများ တွန့်သွားပြီး သူ့ကို မယုံသလို စိုက်ကြည့်နေပါ၏။

"ဒေါ်ဒေါ်က ကျွန်တော်ပြောတာ မယုံလို့လား?"

"မယုံတာတော့ မဟုတ်ပါဘူး။ နားမလည်လို့ပါ"

"ဘာဖြစ်လို့ နားမလည်တာလဲ . . . ဒေါ်ဒေါ်"

"ဆေးရုံမှာ မင်းသတိရရချင်း ဒေါက်တာက မင်းကိုမေးတော့ မင်းက မင်းနာမည် သစ်သောလှတဲ့"



www.burmeseclassic.com

www.burmeseclassic.com

တွေးတွေးဆဆနှင့် ပြောလိုက်သော ဒေါ်ခင်ခင့်စကားကြောင့် သူ့ခေါင်းထဲ အနုမြူဗုံးတစ်လုံး ပေါက်ကွဲသွားရပါသည်။ ဦးနှောက်များ ပွင့်ထွက်သွားသကဲ့သို့ ခံစားလိုက်ရပါသည်။

"မဟုတ်ပါဘူး . . . ဒေါ်ဒေါ်။ ကျွန်တော့်နာမည် ဒိဝသံပါ။ ကျွန်တော်က ဒိဝသံပါ"

"ဒါပေမဲ့ ဒေါ်ဒေါ်လည်း အကြားမှားတာ မဟုတ်ဘူးကွယ့်။ ခွဲစိတ်ခန်းအပြင်မှာ ဒေါ်ဒေါ်သေသေချာချာ စောင့်ကြည့်နေရင်း မျက်လုံးနဲ့ရော၊ နားနဲ့ပါ ကြားခဲ့ရတာ"

ဒေါ်ခင်ခင်ပြောပြီး အိမ်ထဲသို့ ပြန်ဝင်သွားပြီဖြစ်သော်လည်း သူ့ကားပေါ် မတက်နိုင်သေး။ ခေါင်းထဲတွင် အတွေးများ ရှုပ်ယှက်ခတ်လာပါသည်။ ဘာလဲ? ဘာ့ကြောင့် သူက သူ့ကိုယ်သူ သစ်သောလူဟု သတိရရချင်း ပြောရပါသလဲ? ဒေါ်ခင်ခင့်စကားကို သူ မယုံကြည်ချင်တော့။ ထို့ကြောင့် ပိုပြီး တိတိကျကျသိနိုင်အောင် သူ့ကို ကုသပေးသော ဒေါက်တာ့ထံသို့ ဖုန်းဆက်မေးကြည့်ရန် စဉ်းစားလိုက်ရင်း သူ မေမေ့ထံသို့ ဖုန်းခေါ်လိုက်ပါသည်။

"သား . . . ပြန်လာနေပြီလား?"

"ပြန်လာတော့မယ် . . . မေမေ။ အခု သားအက်စီးဒင့်ဖြစ်တုန်းက သားကိုကုသပေးခဲ့တဲ့ ဒေါက်တာမင်းကြီးရန့်ရဲ့ ဖုန်းနံပါတ်ကို သားဆီ Message ပို့ပေးလိုက်ပါနော်"

"သားက ဘာလုပ်မလို့လဲ?"

"သား . . . သိချင်တာလေးတစ်ခု မေးချင်လို့ပါ မေမေ"

သူ စကားဆက်မရှည်နေတော့ဘဲ ဖုန်းချလိုက်ပါသည်။ ခဏကြာတော့ မေမေ့ထံမှ ဒေါက်တာမင်းကြီးရန့်ရဲ့ ဖုန်းနံပါတ်ရေးထားသော Message ဝင်လာပါသည်။ သူ ထိုဖုန်းနံပါတ်အတိုင်း ဒေါက်တာမင်းကြီးရန့်ကို ဖုန်းဆက်လိုက်မိပါတော့သည်။

"ဟဲလို?"



တစ်ဖက်မှ ဒေါက်တာမင်းကြီးရန့်၏ ဖုန်းထူးသံ ကြားလိုက်ကတည်းက သူ့စိတ်များ လှုပ်ရှားနေပြီဖြစ်ပါသည်။

"ဒေါက်တာ . . . ကျွန်တော် ဟိုတလောက ကားအက်စီးဒင့်နဲ့ ဆေးရုံတက်ခဲ့ရတဲ့ လူနာ ဒိဝသံပါ"

"သြော် . . . မောင်ဒိဝသံ။ ပြော . . . ဘာကိစ္စများလဲကွယ်"

"ဒေါက်တာ . . . ကျွန်တော် သတိရရချင်း ကျွန်တော့်ကိုယ် ကျွန်တော် ဘယ်သူလို့ပြောခဲ့လဲ ခင်ဗျာ"

သူ သိချင်နေသည်ကို တဲ့တိုးပင် မေးချလိုက်ပါတော့သည်။

"အင်း . . . တော်တော်ထူးထူးဆန်းဆန်း ပြောလိုက်တာ မောင်ဒိဝသံရဲ့။ မင်းသတိရရချင်း မင်းကိုယ်မင်း သစ်သောလူတဲ့။ မင်းအဖြေကြောင့် ဒေါက်တာတို့လည်း တော်တော်အံ့သြပြီး ထိတ်လန့်သွားခဲ့ရတယ်လေ။ မင်းဦးနှောက်များ ထိသွားပြီလားလို့ပေါ့။ မင်းက နာမည်ပြောပြီးပြီးချင်း ပြန်သတိမေ့သွားသေးတယ်လေ။ နောက်တစ်ခါ သတိလည်ပြန်ရတော့ မင်းဘာတောင်းတယ်ထင်လဲ?"

ဒေါက်တာမင်းကြီးရန့်ပြောနေသည့် စကားများကြောင့် သူ့တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်း ထနေရပေပြီ။ ထိတ်လန့်လွန်း၍ လက်ဖျားများလည်း တုန်ရီနေပြီဖြစ်ပါသည်။

"ဘာတောင်းခဲ့လဲ . . . ဒေါက်တာ"

"မှန်တဲ့ . . . ။ ကြည့်မှန်တစ်ချပ် ပေးပါတဲ့။ ဒါနဲ့ ဒေါက်တာတို့လည်း မင်းကို ကြည့်မှန်ပေးလိုက်တာပေါ့"

"ကျွန်တော် ကြည့်မှန်ကြည့်ပြီး ဘာပြောလဲ . . . ဒေါက်တာ"

"ဘာမှမပြောဘူး။ မင်း ကြည့်မှန်ကြည့်ကြည့်ပြီးချင်း ပြုံးနေတယ်။ ပြီးတော့ ရယ်သေးတယ်လေ။ အဲ့ဒါကြောင့် ဒေါက်တာတို့က မင်းကို ခေါင်းထိပြီး ပုံမှန်မဟုတ်တော့ဘူးလို့တောင် ထင်သွားတာ"

"ဘာဆက်ဖြစ်သေးလဲ . . . ဒေါက်တာ"

သူသိချင်စွာ ထပ်မေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းကို စိတ်ငြိမ်ဆေးထိုးပေးပြီး မင်းရဲ့ Test တွေကို ဒေါက်တာတို့ ထပ်စစ်ဆေးရတာပေါ့။ ဒါပေမဲ့ အားလုံးက ပုံမှန်ပါပဲ"

"ဒီတော့ . . . ???"

"နောက် တတိယအကြိမ် ပြန်နိုးလာတော့ မင်းလည်း အားလုံး ပုံမှန်ပါပဲ။ မင်းချစ်သူ ရေးမမီကို ခေါ်တွေ့တယ်။ နောက် မင်းအမေကို ခေါ်တွေ့တယ်"

ဒေါက်တာပြောသည့် ထိုစကားကို သူ မှတ်မိနေပါသည်။ ဒေါက်တာပြောသည့် တတိယအကြိမ် သတိရမှုက သူ့အတွက်တော့ ပထမဦးဆုံးအကြိမ် သတိရမှုဖြစ်နေပါသည်။ သတိရရချင်း အမေကိုမခေါ်ဘဲ ရေးကို ခေါ်တွေ့ခဲ့မိသည့်အတွက် သူ့ကိုယ်သူ အံ့သြခဲ့ရပါသေးသည်။ နောက်ပြီး မေမေလည်း အံ့သြရပါသေးသည်။

ဘာဖြစ်လို့ တတိယအကြိမ် သတိရမှုက သူ့အတွက် ပထမဦးဆုံးအကြိမ် သတိရမှု ဖြစ်နေရပါသနည်း။ ပထမနှစ်ကြိမ် သတိရခဲ့သည်ကို သူ ဘာ့ကြောင့် မမှတ်မိရပါသနည်း။ မေးခွန်းပေါင်းများစွာ သူ့ခေါင်းထဲ ပလူပျံနေပါသည်။

"ကျေးဇူးပါပဲ . . . ဒေါက်တာ"

သူဖုန်းချလိုက်ပြီးသည်နှင့် အိမ်သို့ပြန်တော့မည့် သူ့အစီစဉ်လေး ပြောင်းလဲသွားရပါသည်။ သူ ကားမှောက်ခဲ့သည့်ချောက်ကို သွားကြည့်ရန် ကားလေးကို ဦးတည်လိုက်ပါတော့သည်။

❧ ❧ ❧



ကားကိုရပ်ပြီး ကားပေါ်မှဆင်းကာ ချောက်ထဲသို့ လှမ်းကြည့်လိုက်မိပါသည်။ ချောက်ကြီးက အခု သူမဟုတ်သည့်အတိုင်း ငြိမ်သက်လို့။ ချောက်ထဲတွင် ကွဲသွားသည့် သူ့ကားမှန်ကွဲစ အချို့ကိုတော့ လှမ်းတွေ့နေရပါသည်။

သူချောက်ကြီးကို ရည်ရွယ်ချက်မဲ့ ငေးကြည့်နေမိပါသည်။ ထိုစဉ် သူ့ခြေချင်းဝတ်နေရာသို့ တစ်ဦးတစ်ယောက်က ဆုပ်ကိုင်ကာ ဆွဲချလိုက်သကဲ့သို့ ခံစားလိုက်ရပြီးသည့် တစ်ခဏ သူ့ကိုယ်ခန္ဓာကြီး ချောက်ထဲသို့ လိမ့်ကျသွားရပါတော့သည်။ သစ်ကိုင်းသစ်ခက်များနှင့် ထိခိုက်ရင်းနှင့် သူ့မျက်နှာနှင့် ကိုယ်ခန္ဓာတွင် သွေးများ အလိမ်းလိမ်း ထွက်လာရပါတော့သည်။

သူ ချောက်ကြမ်းပြင်သို့ ရောက်သွားသည်ကို သိလိုက်ပါသည်။ ထို့နောက် သူ့နားထဲတွင် စကားပြောသံအချို့ကို ကြားယောင်ရင်း လောကကြီးနှင့်သူ ခဏတာ အဆက်ပြတ်သွားရပါတော့သည်။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com

ပြုံးပျော်ရင်း ကားမောင်းနေသော ဒီဝသံကို ငေးကြည့်မိနေသူက သစ်သောလှူ။ ဒီဝသံ ကားမောင်းရင်းနှင့် ကားတွင်းတွင် ဖွင့်ထားသည့် သီချင်း၏ စည်းချက်အတိုင်း လှုပ်ရှားလျက် တစ်ခါတစ်ခါ ကားစီယာ တိုင်ပေါ်တွင် လက်ချောင်းလေးများ လှုပ်ရှားနေသေးသည်။ ဒီဝသံပုံက အရာရာကို အောင်နိုင်ထားသည့် အောင်နိုင်သူကြီးဟန်။

"မင်း . . . ငါ့ကို အားမကျဘူးလား . . . သစ်သောလှူ"

ကားမောင်းနေရင်း သူ့ကို လှည့်မကြည့်ပါဘဲနှင့် ဒီဝသံက အရှေ့သို့ တည့်တည့်ကြည့်ကာ ကြွားကြွားလေး မေးလိုက်ပါသည်။

"အခု မင်း ကြည့်လေ . . .။ ဘယ်သူဘယ်လောက် ခြေထိုးထိုး ငါက မနက်ဖြန်ဆို ရေးနဲ့ စေ့စပ်တော့မယ်။ စေ့စပ်ပြီးပြီ ဆိုကတည်းက ရေးကို ငါတစ်ဝက်ပိုင်သွားပြီ။ ဒီတော့ ရေးကို ငါဘယ်လိုပဲ ကြိုးဆွဲကြိုးဆွဲ ရေး က,ရတော့မယ်။ ငါ့ရုပ်သေးလေး ဖြစ်တော့မယ်ကွ"

မာန်တက်နေရင်း တီးလုံးအတိုင်း လက်ချောင်းလေးများကို ကားစီယာတိုင်ပေါ်တွင် ကစားရင်း မေးပြီး သူ့ကို ဒီဝသံလှမ်းကြည့်ပါ၏။

"ငါ ရေးကို ဘာပဲလုပ်လုပ် ရေး ကြည်ဖြူစွာ ခွင့်ပြုရတော့မှာ . . သစ်သောလှူ။ ရေးက ငါ့လက်ခုပ်ထဲက ရေဖြစ်တော့မှာ"



အောင်နိုင်သူပီသစွာ ပြောနေသော ဒီဝသံကို သူအားကျစွာ ငေးကြည့်နေရင်း သူ ဒီဝသံဖြစ်ချင်စိတ်များ တဖွားဖွား ပေါ်ပေါက်နေမိပါသည်။

"ငါ မင်းကို အားကျတာပေါ့ . . . ဒီဝသံရယ်။ အားကျတာပေါ့"

သူ့စကားကို ဒီဝသံက သဘောကျစွာ လှောင်ရယ်ရယ်ပါသည်။

"နောက်ပြီး ငါက မင်းသိပ်ဖြစ်ချင်နေတဲ့ လူလေကွာ။ အခုကြည့် မင်းက မင်းချစ်တဲ့သူနဲ့လည်း ပေါင်းရတော့မှာလေ။ ငါမင်းမဖြစ်ချင်ဘဲ နေပါ့မလား?"

"ဒါဆိုရင်တော့ ဆုတောင်း . . . သစ်သောလှူ။ မင်း ဆုတောင်း။ နောင်ဘဝမှာ ဒီဝသံ ဖြစ်ရပါလို၏ဆိုပြီး . . . ဆုတောင်း . . . ဟား . . . ဟား . . . ဟား . . ."

ပြောပြီး ဒီဝသံ သဘောကျစွာ အော်ဟစ်ရယ်မောနေပါသည်။

"ငါ ဆုတောင်းပါတယ် . . . ဒီဝသံရယ်။ နောက်ဘဝဆက်တိုင်း ဆက်တိုင်း ကျွန်တော်သည် ဒီဝသံဖြစ်ရပါစေလို၏ဆိုပြီး ငါ ဆုတောင်းတာပေါ့။ ဘာဖြစ်လို့လဲ သိလား?"

"ပြောကြည့်လေ . . . "

"မင်းက လိုတရတယ်။ ချစ်တဲ့လူကိုလည်း ရအောင်ယူနိုင်တယ်။ နောက်ပြီး ကိုယ်ချစ်တဲ့မိန်းကလေးကို ရအောင် သိမ်းပိုက်နိုင်တယ်လေ"

"မင်းလည်း မိန်းကလေးတစ်ယောက်ကို ချစ်လိုက်လေ။ ပြီးတော့ သိမ်းပိုက်နိုင်အောင် ကြိုးစားပေါ့"

သူ စိတ်မကောင်းစွာ ခေါင်းခါယမ်းလိုက်မိပါသည်။

"ငါ ဘယ်လိုမှ သိမ်းပိုက်နိုင်မှာ မဟုတ်တော့ပါဘူး . . . ဒီဝသံ"

"ဘာဖြစ်လို့?"

"ငါချစ်နေတဲ့ မိန်းကလေးကို သူများက အပိုင်စီးလိုက်ပြီလေကွာ"

"ဟုတ်လား?"



www.burmeseclassic.com

www.burmeseclassic.com

ဒိဝသံ ခပ်ပေါ့ပေါ့လေးပြောကာ ရယ်နေသေးသည်။

"အဲဒါဆိုလည်း မင်းစိတ်မကောင်းဖြစ်ပြီး တစ်နေရာရာမှာသာ သွားသေလိုက်တော့ . . . သစ်သောလူ"

အနိုင်ရသူပီပီ ဒိဝသံက သူ့ကို ချိုးချိုးနှိမ်နှိမ် ဆက်ဆံနေပါသည်။

"ငါချစ်နေတဲ့မိန်းကလေးက ဘယ်သူလဲ မင်းသိလား . . . ဒိဝသံ"

"သိတယ်။ ရေးမမီမို့လား?"

ဒိဝသံက ရဲဝံ့စွာ သူ့ကို စိုက်ကြည့်ပြီးပြောတော့ သူခေါင်းညိတ်လိုက်မိပါသည်။ သို့သော် ဒိဝသံလို ရဲရဲဝံ့ဝံ့တော့မဟုတ်။ မဝံ့မရဲ ခေါင်းညိတ်လိုက်ခြင်းပင်။

"ဒါပေမဲ့ အခု မင်းက အရှုံးသမားလေ . . . သစ်သောလူ။ မင်းတတ်နိုင်တာကတော့ မင်းချစ်သူပါးကို သူများနမ်းတာ လက်ပိုက်ပြီး ကြည့်နိုင်ရင်ကြည့်၊ မကြည့်နိုင်ရင် ချောင်တစ်ချောင်မှာ ကုတ်ကုတ်ကလေးထိုင်ပြီး ငိုနေပေါ့ကွာ"

ရှုံးနေသည့်လူကို ဒိဝသံထပ်ပြီး နှိပ်ကွပ်နေသေးသည်။ ထိုစဉ် သူ့ခေါင်းထဲသို့ အတွေးရိုင်းရိုင်းများ ဝုန်းဒိုင်းကျဲကာ ဝင်ရောက်လာပါသည်။ သူ့ဘဝတွင် ပထမဦးဆုံး ချစ်မိသူက ရေးမမီ။ သို့သော် ရေးမမီနှင့် သူ နီးစပ်ခွင့်ရတော့မည်မဟုတ်မှန်း သူသေချာစွာ သိနေပါသည်။ ရေးမမီက မကြာခင် ဒိဝသံနှင့် စေ့စပ်တော့မည်ပင်။ ဒါပေမဲ့ မကြာမီဆိုသော အချိန်လေး မဖြစ်ပေါ်နိုင်အောင်တော့ သူ တားလိုက်နိုင်ပါသည်။

စေ့စပ်ပွဲလေး မဖြစ်မြောက်အောင် သူ တားမြစ်လိုက်နိုင်သည်ပဲ။ သူ့ဘဝမှာက နောက်ဆုံးတင်းစရာ တစ်ခုမှမရှိ။ နောက်ဆုံး သူသေသွားရင်လည်း ဒီထက်ပိုပြီး နစ်နာစရာမရှိ။ သေသွားလို့ နောင်ဘဝပြောင်းသွားရင်တောင် ဒီ့ထက်မြင့်တဲ့နေရာတစ်ခုခု ရနိုင်ဖို့ မျှော်လင့်နိုင်သေးသည်။ ဟုတ်ပါ၏။ သူစေ့စပ်ပွဲလေး မဖြစ်အောင် တားမြစ်လိုက်နိုင်သေးတာပဲ။



အတွေးနှင့်အတူ သူ့အကြည့်များက ကားစီယာတိုင်သို့ ရောက်ရှိသွားပါသည်။

ထိုစဉ် ကားစီယာတိုင်ပေါ်တွင်ရှိသော ဒိဝသံ့လက်ချောင်းလေးများက ကြားနေရသော တီးလုံးအတိုင်းလှုပ်ရှားကာ ကားစီယာတိုင်ကို ဖွဖွသာကိုင်ထားကြောင်း သူ တွေ့လိုက်ရပါသည်။

"မင်းက အမြဲတမ်း အနိုင်ရနေတဲ့လူနော် . . . ဒိဝသံ"

"အင်းပေါ့"

"တစ်ခါတလေ ငါလည်း အနိုင်ရချင်တယ် . . . ဒိဝသံ။ ငါ တစ်ခါလောက်ဖြစ်ဖြစ် မင်း အရှုံးဖြစ်ချင်တာပဲ"

"ဒါဆို မင်းသေလိုက်။ နောင်ဘဝရောက်ရင်တော့ ဖြစ်နိုင်ကောင်းပါတယ်"

"ဟုတ်ပြီလေ . . . မင်းပြောသလို ငါ သေလိုက်မယ်။ မသေခင် နောက်ဆုံး ဆုတောင်းလိုက်မယ်"

ပေါ့တီးပေါ့စပြောနေသော ဒိဝသံစကားကို လေးနက်စွာ ပြန်ပြောလိုက်ကာ မျက်စိစုံမှိတ်ပြီး တောင်းဆုတစ်ခု ပြုလိုက်မိပါသည်။

"ဘယ်လိုပဲဖြစ်ဖြစ် . . . ကျွန်တော် တစ်ခါလောက်ပဲဖြစ်ဖြစ် ဒိဝသံ ဖြစ်ရပါလို၏"

သူ့ဆုတောင်းကို အံ့သြကြီးစွာကြည့်နေသူက . . . ဒိဝသံ။ အခါကောင်းကို အခွင့်အရေး အပြည့်ယူလိုက်သူက . . . သစ်သောလူ။ သစ်သောလူ၏ လက်တစ်စုံ ကားစီယာတိုင်ပေါ်သို့ ရောက်သွားသည့်တစ်ခဏ စည်းချက်မှန်မှန်ရွေ့လျားနေသည့် ကားလေးသည် ချောက်ထဲသို့ ဦးတည် ပြုတ်ကျသွားရပါတော့သည်။

ထိုသို့ ပြုတ်ကျသွားသည်နှင့် ဒိဝသံ ကိုယ်ခန္ဓာကြီးတစ်ခုလုံး လေထဲသို့ မျောပါသွားသည့်နှယ် ခံစားလိုက်ရပါတော့သည်။

✱ ✱ ✱



www.burmeseclassic.com

www.burmeseclassic.com

မွန်းကျပ်မှုများကြောင့် အသက်ကို အားနှင့်ရှူလိုက်ရင်း သူ သတိရသွားပါသည်။ တစ်ယောက်တည်း ချောက်ထဲသို့ ကျနေသည့် သူ့ကို ဘယ်သူက ဆေးရုံသို့ ပို့ပေးခဲ့သည်ကို သူ မမှတ်မိနိုင်ပေ။

မြင်လိုက်ရသည့် ပတ်ဝန်းကျင်သည် သူနှင့် ရင်းနှီးမနေပါ။ သေချာကြည့်လိုက်တော့ သူဆေးရုံရှိ အခန်းတစ်ခန်းအတွင်း ရောက်ရှိနေပါသည်။

အခန်းထဲတွင် သူတစ်ယောက်တည်းသာ ရှိနေ၏။ သူ့ခေါင်းနှင့် ကိုယ်တွင်လည်း ပတ်တီးများ ရှိနေသည်။ လက်တွင်လည်း ဆေးပိုက်ကြိုး သွယ်တန်းထားသေးသည်။ သူ အားနှင့်ကျုံးထပြီး ထိုင်လိုက်မိပါသည်။

ထိုစဉ် အခန်းထဲတွင် ငိုရှိုက်သံကြီးတစ်ခု ပွံ့လွင့်လာပါသည်။ ကြားလိုက်ရသည့် အသံလားရာကို ကြည့်လိုက်မိသော် အခန်းထောင့်တွင်ထိုင်ကာ ငိုကျွေးနေသည့် အရိပ်တစ်ခုကို သူမျက်မြင်ကိုယ်တွေ့ တွေ့မြင်လိုက်ရပါသည်။

"မင်း ကျေနပ်ပါတော့ . . . သစ်သောလူရယ်"

အရိပ်ကြီးက တဖြည်းဖြည်း လှုပ်ရှားလာရင်း အသံတစ်ခု ပြုလိုက်ပါသေးသည်။



"ငါ ပြောပြီးပြီ။ ငါ သစ်သောလူ မဟုတ်ဘူးလို့"

ကြောက်လန့်နေသော်လည်း အရိပ်ကြီးက တဖြည်းဖြည်း ပုံဆောင်ခဲတစ်ခုအဖြစ် ထင်ရှားလာကာ ထိုပုံဆောင်ခဲက ဒိဝသံနှင့် ချွတ်စွပ်တူနေ၏။

"မင်းက သစ်သောလူပါကွာ။ ချောက်ထဲကို ကားကျသွားအောင် မင်းလုပ်လိုက်ပြီး အရင်ဦးဆုံး သတိရတာက မင်းလေ။ အဲ့ဒီအချိန်မှာ သတိရဖို့ကြိုးစားနေတဲ့ ငါ့ကိုယ်ထဲကို မင်းပစ်ဝင်လိုက်တာလေကွာ။ အခု မင်းပိုင်ထားတာက ငါ့ကိုယ်ခန္ဓာလေကွာ။ အဲ့ဒါ မင်းသိပါတယ် . . . သစ်သောလူရာ။ မင်း မသိချင်ဟန် ဆောင်နေတာပါ"

ရှိုက်ကာရှိုက်ကာ ငိုရင်း ဒိဝသံက သူ့ကို လက်အုပ်လေးချီကာ တောင်းပန်နေပါသည်။

လိုက်လံစုံစမ်းရင်းနှင့် ပြန်မှတ်မိလိုက်သည့် ကားမှောက်မှုများကြောင့် သူ့ကိုယ်သူလည်း ဒိဝသံမဟုတ်မှန်း၊ သူသည် သစ်သောလူဖြစ်နေမှန်း ကောင်းစွာ သိခဲ့ပြီဖြစ်သည်။ သို့သော် အခုရထားသည့် ကိုယ်ခန္ဓာကိုတော့ ဘယ်လိုမှ အဆုံးရှုံးမခံနိုင်ပါသည်။ သူ အနုစိန်နစ် အလလဆုတောင်းခဲ့ရသည့် တောင်းဆုက အခုမှပြည့်သည်ပဲ။ ဒါကို ဘယ်လိုလုပ် အဆုံးရှုံးခံနိုင်ပါမည်နည်း။

"အေး . . . ဟုတ်တယ်။ ငါ မမှတ်မိဟန်ဆောင်နေတာ။ အခု ငါသိတယ်။ ငါမင်းရဲ့ ကိုယ်ခန္ဓာကိုယူထားတာ သိနေပြီ။ ဒါပေမဲ့ ဒီကိုယ်ခန္ဓာကို ပြန်ပေးလို့ရော မင်း ပြန်ဝင်နိုင်တာမှ မဟုတ်တာ။ မင်းက သစ်သောလူအဖြစ် သေဆုံးပြီးသွားပြီလေ . . . ဒိဝသံ"

"ပြန်ဝင်လို့မရလည်း ငါ အေးချမ်းသွားအောင် မင်း ငါ့ကိုယ်ခန္ဓာက ထွက်ခဲ့ပေးပါ . . . သစ်သောလူရာ . . . နော် . . . တောင်းပန်ပါတယ်"

www.burmeseclassic.com

"မင်း မတောင်းပန်နဲ့ . . . ဒိဝသံ။ ငါ ထွက်မလာပေးနိုင်ဘူး အရင်က ငါ မမှတ်မိလို့ မင်းကို ကြောက်ရင်ကြောက်မယ်။ အခု မကြောက်တော့ဘူး။ မင်းက အရိပ်မကလို့ အကောင်ပဲဖြစ်နေနေ၊ အခု မင်းတတ်နိုင်တာက ငါ့ကို တောင်းပန်ဖို့ပဲ"

"ငါတောင်းပန်လို့ မင်းထွက်မပေးရင် မင်းအသက်ကို ငါ ရန်ရှာရလိမ့်မယ် . . . သစ်သောလူ"

မျက်ရည်သုတ်လိုက်ရင်း အရိပ်ဒိဝသံက သူ့ကို စူးစိုက်ကြည့်ပြီး ပြောလေသည်။

"မင်း ငါ့ကို ရန်ရှာမယ် . . . ဟုတ်လား?"

အရိပ်ဒိဝသံစကားကြောင့် သူ အနည်းငယ်တော့ တုန်လှုပ်သွားပါသည်။ မကြာခင် လက်ထပ်ရတော့မည့် ရေးမမီနဲ့ သူဘယ်နည်းနဲ့မှ မဝေးနိုင်ပါ။ မဝေးချင်ပါ။

"ဟုတ်တယ် . . . ငါ ရန်ရှာမယ်"

"မင်း ရန်ရှာနိုင်လို့လား?"

"မင်းတို့သွားတဲ့ ချောင်းသာကို မလိုက်လိုက်အောင် စကားနာအမျိုးမျိုးထိုးခဲ့တဲ့ အဝံနဲ့မင်းသူဟ ဘယ်လိုဖြစ်ခဲ့လဲဆိုတာ မင်းမြင်ပါတယ်။ ငါ မင်းကို ကောင်းကောင်း ရန်ရှာနိုင်ပါတယ်။ . . . သစ်သောလူ"

ဒေါသနှင့်ပြောရင်း အရိပ်ဒိဝသံ၏လက်ဖဝါးများ သူ့လည်မျိုဆီသို့ ရောက်ရှိလာကာ သူ့လည်မျိုကို အားနှင့် ညှစ်နေပါတော့သည်။

"မလုပ် . . . မလုပ် . . . အ . . . အ . . . "

အားနှင့် အညှစ်ခံနေရသောကြောင့် သူ့အမြင်များ မှုန်ဝါးလာပြီး ခေါင်းထဲတွင်လည်း အလင်းတန်းများ ပြေးလွှားနေပါတော့သည်။ မျက်လုံးများလည်း ပြူတ်ကျမတတ် အစ်ထွက်ကုန်လေပြီ။

ထိုစဉ် သူ့ခေါင်းထဲသို့ အတွေးတစ်ခု ပြေးဝင်လာ၏။ ဒိဝသံက သူ့ခန္ဓာကိုယ်ကိုတော့ သူ လွန်စွာ မက်မောမည်ပင်။ အတွေးနှင့်အတူ



လက်တွင် သွယ်တန်းထားသော အပ်ကို ဆွဲဖြုတ်လိုက်ကာ ထိုအပ်ဖြင့် သူ့လက်ဖျံကို သူကိုယ်တိုင် ဆွဲခြစ်လိုက်ပါတော့သည်။

"မလုပ်နဲ့ . . . မလုပ်နဲ့ . . . သစ်သောလူ"

သူ့လည်မျိုကို ညှစ်နေသည့် လက်အစုံ၏ ဖျစ်ညှစ်နေမှု ချက်ချင်း လျော့သွားပြီး အရိပ်ဒိဝသံလည်း အခန်းထောင့်သို့ နောက်ဆုတ်ပြေးသွားပါတော့သည်။

"မင်း မတားနဲ့ . . . ဒိဝသံ။ မင်းမှာ တားပိုင်ခွင့်မရှိဘူး။ တကယ်လို့ မင်းကိုယ်ခန္ဓာကြီးထဲမှာ ငါသေသွားသည့်တိုင်အောင် ငါ မင်းနေရာကို ဘယ်တော့မှ ပြန်ဖယ်ပေးမှာ မဟုတ်ဘူးနော်။ ငါလည်း ဒီအတိုင်း အသေခံသွားလိုက်မှာ။ မင်းကိုယ်ခန္ဓာကြီးကို မီးဖြစ်ဖြစ်၊ မြေဖြစ်ဖြစ် ပေးစားလိုက်မှာ"

"ငါ တောင်းပန်ပါတယ် . . . သစ်သောလူ။ ငါ့ကိုယ်ခန္ဓာကို ဘာမှရန်မရှာဘဲနဲ့ မင်း ထွက်သွားပေးပါ . . . သစ်သောလူရယ်"

သူ အောင်နိုင်သူပီသစွာ ခေါင်းခါယမ်းရင်း ပြုံးလိုက်ပါသည်။ ထို့နောက် ထိုအပ်ဖြင့် သူ့လည်မျိုကို သူ ချိန်ရွယ်လိုက်ပါသည်။ ထို့နောက် မျက်စိစုံမှိတ်ပြီး ထိုအပ်နှင့်ပင် လည်မျိုပတ်လည်ကို ဆွဲခြစ်လိုက်ပါတော့သည်။

"မင်း ငိုနေပေတော့ . . . ဒိဝသံ"

သူ ခုတင်ပေါ်သို့ ပြန်လည်လဲကျသွားချိန်တွင် သူ့ခုတင်ဖြူဖြူလေးကတော့ သွေးများနှင့် နီမြန်းသွားရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

နွေးထွေးသည့် နေရောင်ခြည်အလင်းတန်းများ သူ့ပါးပြင်ပေါ်သို့ ကျရောက်သောကြောင့် သူ နိုးသွားရပါသည်။ မျက်လုံးဖွင့်ဖွင့်ချင်း မြင်လိုက်ရသည်က သူအမြင်ချင်ဆုံး ရေးမမီ၏ မျက်နှာချိုချိုလေး။

"ဝသံရယ် . . . မနေ့က ချောက်ထဲပြုတ်ကျလို့ စိုးရိမ်နေရတဲ့ကြားထဲ ညက ကိုယ့်ကိုယ်ကိုယ် Suicide လုပ်တယ်ဆို။ Nurse လေးတစ်ယောက်ကမြင်လို့ တော်သေး"

စိတ်ပူစွာပြောနေသော သူမ စကားများ ရပ်တန့်သွားစေရန် သူ လက်ဖဝါးတစ်ဖက်နှင့် သူမနှုတ်ခမ်းလေးများကို ပိတ်လိုက်သောကြောင့် သူမ စကားလုံးများ တန့်သွားရ၏။

"ကိုယ့်ကို ဘာမှမပြောနဲ့တော့ . . . ရေး။ ကိုယ်လေ ရေးကို အရမ်းချစ်တယ်။ နောက်ပြီး အခု ကိုယ်ရနေတဲ့ဘဝကို အရမ်းမက်မောတယ်။ နှစ်သက်တယ်။ ဒီတော့ နောက် ဘယ်တော့မှ ကိုယ့်ကိုယ်ကိုယ် သတ်သေမှာမဟုတ်ဘူး။ ရေးကို ဘယ်တော့မှ ခွဲသွားမှာ မဟုတ်ပါဘူးကွာ"

ပြောပြီး သူရေးမမီကို ကျေနပ်စွာ ဖက်ထားလိုက်မိပါတော့သည်။

"မင်္ဂလာပွဲတွေ၊ ဘာတွေ မလုပ်တော့ဘဲ ကိုယ်တို့ ဒီနေ့ နေ့လယ်ရှေ့နေခေါ်ပြီး စာချုပ်မှာ လက်မှတ်ထိုးပြီး လက်ထပ်လိုက်ကြမယ်နော် . . . ရေး။ ကိုယ်လေ ရေးနဲ့ ဒီထက်ပိုပြီး ဝေးမနေချင်တော့ဘူး"



ဖက်ထားရင်း ပြောလိုက်သော သူ့စကားကို ရေးမမီ အံ့သြကြီးစွာ နားထောင်ရင်းမှ ခေါင်းညိတ်လိုက်ရှာပါသည်။

"ရေးက ဝသံကို ချစ်တာပဲ။ ဝသံစိတ်ကြိုက်ပဲပေါ့နော်"

"နောက်ပြီး ကိုယ့်ကို ဝသံလို့ မခေါ်ပါနဲ့တော့ . . . ရေးရယ်။ ကိုကိုဖြစ်ဖြစ်၊ ကိုကြီးဖြစ်ဖြစ် တစ်ခုခုခေါ်ပါနော်။ ဝသံမဟုတ်ရင် ပြီးရော . . ."

ဖက်ထားရင်းပြောလိုက်သော သူ့စကားကြောင့် ရေးက အံ့သြစွာ ကိုယ်ချင်းခွာပြီး သူ့မျက်နှာကို စေ့စေ့ကြည့်၏။ ထို့နောက် မယုံနိုင်စွာ ပြုံးရင်း . . .

"စကြိုက်ကတည်းက ဒီလိုပဲ ခေါ်လာတာလေ . . . ဝသံရယ်"

"နာမည်ခေါ်တော့ ရိုးလို့ပါ ရေးရယ်"

သူလည်း ပြုံးရင်း ရေးကို ပိပိရိရိ ပြန်ပြောလိုက်မိပါသည်။ ထိုအခါ ရေးက ပြုံးရင်း ခေါင်းလေးညိတ်၏။

"ခေါ်ပါ့မယ်ရှင် . . . အရှင်မင်းမြတ်ကြီးအလိုကျ ခေါ်ပါ့မယ်။ ကဲ . . . ကျေနပ်ပြီလား?"

"ကျေနပ်ပါပြီဗျာ . . ."

သူနှင့်ရေးမမီ ရယ်သံလွင်လွင်လေးများ အခန်းလေးအတွင်းတွင် ပျံ့လွင့်သွားလေသည်။ ထိုစဉ် အခန်းထောင့်တွင်ထိုင်ကာ ငိုနေသည့် အရိပ်တစ်ခု၏ ရှိုက်သံများကို ဘယ်သူမှ သတိထားလိုက်နိုင်မည် **မဟုတ်**တော့။

"ကိုကို . . . ဘာစားမလဲ . . . ပြော၊ ရေး ဝယ်ပေးမယ်"

"အအေးတစ်ခုလောက် သောက်ချင်တယ်ရေးရယ်။ **ကိုယ့်ကိုဝယ်**ပေးပါလား?"

"ကောင်းပြီလေ။ ဒါဆို ခဏစောင့်နော်"

"မကြာနဲ့နော်"

"အင်းပါ"

www.burmeseclassic.com

ရေးမမီ အခန်းအတွင်းမှ ထွက်သွားပြီး အခန်းတံခါးကို ပြန်ပိတ်ပေးခဲ့ပါသည်။ ထိုအခါ သူ အောင်နိုင်သူပီသစွာ ပြုံးလိုက်မိပါသည်။

"မင်းအခု ဒီအခန်းထဲမှာ ငါနဲ့ရေးကိုကြည့်ပြီး ငိုနေမယ်ဆိုတာ ငါသိတယ် . . . ဒီဝသံ"

အခန်းတစ်ခုလုံးကို လိုက်ကြည့်ရင်း သူပြုံးရင်း ပြောလိုက်မိပါသည်။

"ငါ စိတ်မကောင်းပါဘူး။ ဒါပေမဲ့ ငါ ရေးမမီကိုတော့ အပိုင်သိမ်းပိုက်လိုက်ပြီ . . . ဒီဝသံ။ မင်းငိုနေပေမဲ့ ငါ့အပေါ် အနိုင်ယူထားခဲ့တာ တွေတွေးပြီး မင်းစိတ်ကျေနပ်အောင် ကြိုးစားပါ . . . ဒီဝသံ။ တကယ်လို့ မင်း မကျေနပ်ဘဲ ငါ့ကို တစ်ခုခု ပြဿနာရှာမယ်ဆိုရင်တော့ ငါ မင်းကိုယ်ခန္ဓာက ထွက်မသွားဘဲ ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်ရုံပဲလေ။ မင်း ကြားဖူးမှာပါ။ မုန်ကင်းတစ်လှည့်၊ ထင်းတစ်လှည့်ဆိုတာ"

ထိုစဉ် အခန်းထဲသို့ ရေးမမီ ပြန်ဝင်လာပါသည်။ လက်ထဲတွင် အအေးဘူးလေးတစ်ခု ကိုင်ထားပါသေးသည်။

"အခု သောက်မလား . . . ကိုကို?"

"မသောက်တော့ဘူး . . . ရေး"

ပြောရင်း ရေးလက်ဖဝါးနုနုလေးကို သူ ယုယစွာ ဆုပ်ကိုင်လိုက်မိပါသည်။

"နောက် . . . ကိုယ့်အနားက တစ်ဖဝါးမှ မခွာပါနဲ့တော့နော်။ ကိုယ့်နားမှာပဲ နေပါကွာ"

ရေး ပြုံးရင်း ခေါင်းညိတ်ကာ သူ့ကို ဖက်လိုက်ပါသည်။ ထိုအခါ သူ ကျေနပ်စွာ ပြုံးလိုက်မိပါသည်။ အပြုံးက အောင်နိုင်သူတို့၏ အပြုံးပင် ဖြစ်ပါတော့သည်။

⁂ ⁂ ⁂



ဒီဝသံ၏ အိပ်ခန်းထောင့်မှ ငိုသံသဲ့သဲ့တစ်ခု ထွက်ပေါ်နေပါသည်။ ထိုငိုသံကို ဘယ်သူမှ သတိမပြုမိသော်လည်း ဒီဝသံက သတိပြုမိပါသည်။

"မင်းအပြစ်နဲ့မင်းပဲ . . . ဒီဝသံရယ်။ မင်း ဆက်သာငိုနေပါတော့"

ထိုစကားကို အောင်နိုင်သူပီပီအပြုံးနှင့် ပြောလိုက်သူက ဒီဝသံလို့ အများကလက်ခံထားတဲ့ ဒီဝသံခန္ဓာကိုယ်ကို အပိုင်စီးတဲ့ သစ်သောလူပင် ဖြစ်နေပါတော့သည်။

အရိပ်မည်းမည်းကြီးတစ်ခု
အဲဒီအရိပ်မည်းမည်းထဲ
ထူထိုင်ထူ 'ဒီဝသံ' ထဲ။
ထိုစဉ် အရိပ်မည်းမည်းကြီးတို
နားမလည်စွာ စေးကြည့်နေတဲ့
နောက်ထပ်လူတစ်ယောက်က
'ဒီဝသံ' ပင်။

⁂ ⁂ ⁂

သင့်ရင်ထဲမှ 'တစ်နေရာတလေး' အတွက်



www.burmeseclassic.com